
www.burmeseclassic.com

အချစ်ဟာသ | လုံးချင်းဝတ္ထုသစ်

# ချစ်မြှားရှင်

## ကြွေးထူလည်းမပူ




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချုန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြသေ့ံပုံနှိပ်တိုက်)
အမှတ် ၁၇၉၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
မေလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● မိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ 095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅-၈၃

ချစ်မျှားရှင်
ကြွေးထူလည်းမပူ/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ကြွေးထူလည်းမပူ


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဖိတ်စာသုံးစောင်တစ်ပြိုင်နက်ရောက်ရှိလာခြင်းသည် နိုင်ငံသုံး နိုင်ငံ ညှပ်၍ စစ်ပွဲဆင်တော့မည့်အရေးကို ထိတ်လန့်နေသော မြို့လေးတစ်မြို့ ကဲ့သို့ဖြစ်နေသည်။

ဖိတ်စာသုံးစောင်ကလည်း တစ်စောင်ချင်းစီအလိုက် အမျိုးအစားမတူ သလို မဖြစ်မနေသွားရောက်ရမည့် ဖိတ်စာတွေချည်းဖြစ်နေသည်။

ဖိတ်စာသုံးစောင်ကိုမြင်မိသောကြောင့် လွန်ခဲ့သော နှစ်နှစ်ကျော်က အဖြစ်ကလေးတွေကို သတိရမိရင်းပို၍ ပို၍ရင်နာလာရသည်။

ခန့်သော်လင်း လွန်ခဲ့သော နှစ်နှစ်ကျော်ကလည်း ဒီအတိုင်းပဲ။

အခု လက်ရှိလည်းဒီအတိုင်းပဲ။

ဘာမှထူးခြားပြောင်းလဲမှု တိုးတက်မှုမရှိ။ အခြား သူတွေကသာ အဝတွေ အဆင့်ဆင့်ပြောင်းလဲသွားသည်။ သူကတော့ ဒုံးရင်းဒုံ့ရင်း။ သူတစ်ခုပဲ ဆုတောင်းရမည်။ ဖိတ်စာသုံးစောင်နှင့်ပတ်သက်နေသော မိတ်ဆွေများက သူ့ကို ခင်မင်မှုသက်သက်နှင့်သာ သတိရကြပါစေ



www.burmeseclassic.com

 www.burmeseclassic.com 

ဆိုတာကလေးကိုပင်။

ခန့်သော်လင်း ဖိတ်စာတစ်ခုကို အရင်ဆုံးပြန်ဖွင့်ကြည့်လိုက်၏။

ဖိတ်စာက မင်္ဂလာဆောင်ဖိတ်စာ။ ဖိတ်စာနှင့်အတူ စာလေးတစ်စောင်ပါ ပူးတွဲပါသည်။

BURMESE CLASSIC

ခန့်သော်လင်း

နင်ငါ့မင်္ဂလာဆောင်ကို ဆက်ဆက်လာခဲ့နော်..

နင့်ရဲ့ မေတ္တာကြွေးကျန်ကို ဆပ်ဖို့လည်းစဉ်းစားဦး..

ချိုနွယ်ကျော်

ဖိတ်စာဖတ်ပြီး လွန်ခဲ့သော နှစ်နှစ်ကျော်က တက္ကသိုလ်နောက်ဆုံးနှစ် နေ့တစ်နေ့ကို ခန့်သော်လင်းပြန်သတိရသွားမိသည်။

ချိုနွယ်ကျော်..တစ်တန်းတည်းအတူတူစာသင်ရင်းခင်မင်ရသော သူငယ်ချင်းကောင်မလေး။

ခင်မင်မှုအစပြု၍ ခန့်သော်လင်းရင်ထဲကို တဖြည်းဖြည်းဝင်ရောက်လာသော ကောင်မလေး။

နှလုံးသားပတ်သက်မှုအရ ချစ်ရိပ်တွေ သန်းလာစေသော ကောင်မလေး။

ဒါပေမဲ့ သူမက ခန့်သော်လင်းကို သူငယ်ချင်းအဆင့်ထက် သိသိသာသာမပိုခဲ့ပါ။ မိဘတို့ဝတ္တရားရှိသည့်နှင့်အညီ အိမ်ကပါးစပ်ရာဇဝင်မှသည် စာချုပ်ရာဇဝင်အထိ စေ့စပ်ထားသောသူရှိသည်။

ခန့်သော်လင်းကျောင်းပြီးခါနီးတွင် သူ့ရဲ့ကောင်မလေးထုံး နှလုံးမူ၍



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်စွာ နောက်ဆုတ်ခဲ့ရသည်။

ကျောင်းပြီးခါနီးတစ်ပတ်အလိုတွင် ခွဲခွာရတော့မည်မို့ နောက်ဆုံးဆက်ဆက်ရန် ခန့်သော်လင်းနှင့်ချို့နွယ်ကျော့တို့ တွေ့ဆုံကြသည်။ ကင်တင်းတွင် နှစ်ယောက်အတူတူထိုင်မိကြပြီး အတန်ကြာသည်အထိ ဘာစကားမှဆိုဖြစ်ကြ။ ဝန်းကျင်တစ်ခုလုံးအေးစက်တိတ်ဆိတ်ကာ မှုန်မှိုင်းနေသည်ဟု ခံစားနေမိကြသည်။

သို့သော်··ခန့်သော်လင်းရင်ထဲတွင်တော့ အပူပိုင်းမုန်တိုင်းတစ်ခု အရှိန်ပြင်းစွာတိုက်ခတ်နေသည်။

နှစ်ဦးသား မျက်နှာပြင်ပေါ်တွင် တက်ကြွလှုပ်ရှားမှုကင်းလျက်ငြိမ်သက်နေကြသည်။ ဘယ်စကားကိုဘယ်ကနေစ၍ ပြောရမှန်းမသိလည်း ဖြစ်နေသည်။ နှစ်ဦးသားမျက်ဝန်းချင်းတော့ မကြာခဏခိုး··ခိုးကြည့်မိရာ၊ အကြည့်ချင်းအကြိမ်ကြိမ် တိုးတိုက်မိကြသည်။

ထိုသို့ အတန်ကြာတိတ်ဆိတ်ငြိမ်သက်နေပြီးမှ··ခန့်သော်လင်းက နှစ်ကိုယ်ကြား တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သည်။

"ချို့နွယ်ကျော့··နင်ကျောင်းပြီးရင်ဘာလုပ်မှာလဲ··"

ရုတ်တရက် ချို့နွယ်ကျော့မျက်နှာပေါ် ရှက်သွေးဖြာသည့်အရိပ်တချို့ ဖြတ်ပြေးသွားသည်။ ပြီးမှ··

"ငါ··မန္တလေးပြန်ရမယ်··"

"ရထားနဲ့လား··ကားနဲ့လား··"

"ဘာလုပ်မလို့လဲဟာ··"

"ငါ··ငါ··နင့်ကို လိုက်ပို့ပေးချင်လို့ပါ··"


www.burmeseclassic.com

ခန့်သော်လင်း အသံတွေက ကွဲရှခြောက်ကပ်နေသည်။

"နင်လိုက်ပို့လို့ မရဘူး..ခန့်သော်လင်း.."

"ဘာ..ဘာ..ဖြစ်လို့လဲဟာ.."

"ငါက အဖေတို့နဲ့အတူတူ သွားရမှာဟ.."

"ဒါဆိုငါအဝေးပြေးဂိတ်က စောင့်နေမယ်လေ.."

"ဟာ နင်ကလဲ..ပေါက်ပေါက်ရှာရှာ..လိုက်ပို့လို့ကို မရပါဘူးဆို..

"အခုဟာက ပို့မှာမဟုတ်ဘူး..စောင့်မှာလေ.."

"နင် တစ်နေ့လုံး ကားဂိတ်ကစောင့်နေရမှာ..မဖြစ်ပါဘူး"

"ငါ နင့်ကိုနောက်ဆုံးအနေနဲ့ လက်ပြနှုတ်ဆက်ချင်သေးလို့ပါ..

ခန့်သော်လင်းက ခေါင်းတစ်ချက်ငိုက်စွာပြောသည်။

"ခန့်သော်..နင့်အတွက်ပင်ပန်းပါတယ်ဟာ..ငါမန္တလေးရောက်ရ

နင့်ဆီဖုန်းဆက်လိုက်မယ်လေ.."

"ငါ့မှာ ဖုန်းမှမရှိတာ.."

"ဒါဆို ငါစာရေးလိုက်မယ်.."

"ငါတို့မြို့နယ်က စာပို့သမားတွေက ငါနဲ့စကားများထားတယ်..

"လူကြုံရှိရင် တိုက်ရိုက်ပို့ခိုင်းလိုက်မှာပေါ့.."

"စာလေးတစ်စောင်နဲ့ ငါ့ဆီ ရောက်လာမှာ မဟုတ်ပါဘူး.."

"နင့်ဟာကလဲ တစ်ခုမှအဆင်မပြေပါလား.."

ချို့နွယ်ကျော်က စိတ်မရှည်တော့ပေ။

"ငါ..မန္တလေးလာလည်ရင်ရော.."

"အေး..ကောင်းတာပေါ့..လာမယ်ဆိုရင် ငါ့ဆီဆက်သွယ်လေ..



www.burmeseclassic.com

 www.burmeseclassic.com 

ငါ့လိပ်စာပေးထားမှာပေါ့..”

“မန္တလေးက အကျယ်ကြီးဟ..စက်ဘီးတွေ ဆိုင်ကယ်တွေကလဲ ရှုပ်တယ်..လိုင်းကားလဲ သိပ်မပေါဘူး..”

“နင်တကယ်လာမယ်ဆိုရင် ငါတစ်နေရာမှာစောင့်နေမှာပေါ့..”

“အေးပါဟာ..ချို့နွယ်ကျော်..နင့်ကိုငါ..”

ခန့်သော်လင်းပြောရန်ဟန်ပြင်ပြီးမှ ခေါင်းတစ်ချက်ခါလိုက်သည်။

“ပြောလေ..ခန့်သော်..”

“ငါ..ငါ မပြောချင်တော့ဘူးဟာ..”

“နင်ပြောမယ့်စကားတွေကို ငါသိပါတယ်..နင် ငါ့အချစ်ကို မရလို့ စိတ်ထဲမှာ ဝမ်းနည်းနေတယ်မဟုတ်လား..”

“ချို့နွယ်ကျော်..ငါပြောမယ့်စကားတွေက နင့်အတွက်..”

“ဒီအချိန်မှာ ဒါတွေမပြောပါနဲ့တော့..ခန့်သော်လင်းရယ်..နင့်ကို ငါသူငယ်ချင်းတစ်ယောက်အဖြစ်နဲ့ပဲ အသိအမှတ်ပြုပါရစေ..နင့်ကိုငါချစ်ရင်တောင် ငါ့ဘဝကိုငါမပိုင်ဘူး..ငါ့မှာ မိဘစေ့စပ်ထားတဲ့သူရှိတာ နင်လည်းသိပါတယ်..နင်စိတ်လျှော့လိုက်ပါတော့ဟာ..”

“မဟုတ်သေးဘူး ချို့နွယ်ကျော်..ငါနောက်ဆုံးပြောချင်တာလေး တစ်ခုတော့ နားထောင်ပေးပါ..”

ခန့်သော်လင်းက ချို့နွယ်ကျော်ကိုဆွေးမြည့်စွာ ကြည့်လိုက်သည်။

“နင်ငါ့ကိုချစ်တယ်ဆိုတာပဲ ပြောမှာမဟုတ်လား..တော်ပါတော့..ခန့်သော်လင်းရယ်..နင့်ခံစားချက်ကိုငါနားလည်ပါတယ်..နင့်ကိုငါချစ်လို့ မရဘူး..”



www.burmeseclassic.com

"ငါပြောမထွက်ဘူး..ချိုနွယ်ကျော်.."

ခန့်သော်လင်းရင်ထဲ ပိတ်လှောင်နေသမျှကို ဖွင့်အံထုတ်ပစ်ချင်နေမိ၏။ ဒါပေမဲ့..

"နင်နဲ့ငါနဲ့ သူငယ်ချင်းအဆင့်အတွက် သံယောဇဉ်တွေကိုတော့ ဖျောက်ဖျက်မပစ်ကြေးဟာ..ဒါလေးတစ်ခုတော့ ငါ့ကိုခွင့်ပေးပါ.."

ချိုနွယ်ကျော် စိတ်မကောင်းဖြစ်သွားသည်။

တကယ်တော့ သူမကျောင်းစတက်ကတည်းက ခန့်သော်လင်း တစ်ယောက်ကိုသာ စွဲစွဲမြဲမြဲခင်မင်ခဲ့သည်။

အနေကြာလာတော့ သံယောဇဉ် တွေဖွဲ့မိကြသည်။ ဒါပေမဲ့ ချိုနွယ်ကျော်မှာ တစ်ဘက်ကမိဘတွေရဲ့ ဆန္ဒကို မလွန်ဆန်နိုင်ပါလေ။

"ချိုနွယ်ကျော်..နင် ငါ့ခင်မင်မှုကို အသိအမှတ်ပြုရဲ့လား.."

"ခန့်သော်လင်းရယ်..ခွဲခွာခါနီး စိတ်မကောင်းဖြစ်စရာတွေမတွေးနဲ့တော့..စာမေးပွဲကိုအောင်အောင်သာဖြေနော်.."

"ငါ..နင့်ကို တစ်ခုလောက်ပြောပါရစေ.."

ခန့်သော်လင်း ညှိုးငယ်စွာ မဝံ့မရဲဆိုလာသည်။

"ငါ..ကျောင်းပြီးရင် အလုပ်လျှောက်ရမယ်..ငါ့အိမ်ကလဲဒီလကုန်မှ ငွေလည်မှာ..ဒီတော့ငါ့ကိုနင်ပိုက်ဆံ တစ်သောင်းလောက်ချေးပါလား"

"အမလေး..မသာကောင်ရယ်..ပိုက်ဆံချေးတာများ..စကားပလ္လင်ခံနေသေး"

ချိုနွယ်ကျော်က ညှိုးငယ်ငေးငိုင်နေရာမှ ခပ်ပြုံးပြုံးလေးဖြစ်လာပြီး ခန့်သော်လင်း တောင်းဆိုသော ငွေတစ်သောင်းကိုထုတ်ချေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင်မန္တလေးမသွားခင် ဆက်ဆက်ပေးမယ်ဟာ..ဒါကြောင့် ခုနက ငါရထားဘူတာတို့ ကားဂိတ်တို့မေးရတာ.."

"ငါထင်သားပဲ..နင်ကတိတည်ရင်ပြီးတာပဲ.."

"အေးပါဟာ..ငါလေနင့်ကို ကျေးဇူးလဲတင် ခင်လဲခင်တယ်ဟာ ..တစ်ခုလောက် ထပ်ပြောချင်သေးတယ်.."

"နင့်ဟာက..မပြီးတော့ဘူးလား.."

"ဒီတစ်ခါအကောင်းပြောမှာပါ..နင့်ကို ငါနှုတ်ဆက်တဲ့အနေနဲ့ နင့်ရဲ့ သွယ်လျတဲ့ လက်ချောင်းကလေးတွေကို သုံးစက္ကန့်လောက်ကိုင်ခွင့်ပြုပါ လား"

"ဟာ..နင်ကလဲ.."

"ငါ့ကို ဒါလေးတစ်ခုတော့ ခွင့်ပြုပေးဟာ.."

ချိုနွယ်ကျော်က ရှက်သွားသည်။ သူမရဲ့လက်ကလေးကို မသိမသာ လေးစားပွဲပေါ် တင်ထားသည်။

ချိုနွယ်ကျော်ရဲ့ လက်ကလေးတွေက ညီညာပြီး သွယ်လျနေသည်။ အသားဖြူသောကောင်မလေးတစ်ယောက် ဖြစ်သောကြောင့် လက်ဖမိုးလေး က ဖြူဝင်းမွတ်နေသည်။

ခန့်သော်လင်း ရင်ထဲ လှုပ်ရှားစွာဖြင့် ချိုနွယ်ကျော်လက်ကလေးကို ဆုပ်ကိုင်ရန်ဟန် ပြင်လိုက်သည်။

ခန့်သော်လင်းစိတ်တွေ ပစ္စုပ္ပန်သို့ ပြန်ရောက်သွားခဲ့သည်။

အဲဒီနေ့က ချိုနွယ်ကျော်ရဲ့ လှပ၍ချစ်စရာကောင်းသော လက်ကလေးကိုကိုင်ခွင့်မရပါ။ အခြားသော သူငယ်ချင်းများဝင်လာသော


www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ချိုနွယ်ကျော်ရှက်၍ထွက်ပြေးသွားသည်။

နောက်ထပ်လည်း ချိုနွယ်ကျော်နှင့်ကျောင်းပြီးသည်အထိ ထပ်မံမတွေ့တော့ပါ။ ချေးထားသော ပိုက်ဆံတစ်သောင်းကိုလည်း ပြန်မပေးနိုင်တော့ပါ။

ချိုနွယ်ကျော်ကို ရင်ဆိုင်ဖို့ မျက်နှာပူနေသဖြင့် ချိုနွယ်ကျော်မန္တလေးပြန်သွားသည်ကိုလည်း လိုက်မပို့ဖြစ်ပါ။ မန္တလေးကိုလည်း တစ်ခေါက်မှသွားမလည်ခဲ့ပါ။

အလုပ်လျှောက်ဖို့သွင်းထားသော ငွေတွေလည်း ကုမ္ပဏီမှအလိမ်ခံရ၍ ပါသွားခဲ့သည်။

ချိုနွယ်ကျော်တော့ ထင်မိမှာပဲ။ ခန့်သော်လင်းဆိုတဲ့အကောင်က ငါးမရတော့ ရေချိုးပြန်တဲ့ကောင်လို့။ ဒီအချိန်မှာ ငွေတစ်သောင်းကို အတိုးနဲ့တွက်ရင်တောင် သိန်းကျော်နေပြီ။

အခု မထင်မှတ်တဲ့ ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးက တကူးတက ချိုနွယ်ကျော်ရဲ့ မင်္ဂလာဆောင်ဖိတ်စာကို လာပေးသွားသည်။ ချိုနွယ်ကျော်ကိုယ်တိုင်စာတိုလေးဖြင့် သွယ်ဝိုက်ရေးသားခဲ့သည့်အတွက် ခန့်သော်လင်းစိတ်ညစ်သွားသည်။

ချိုနွယ်ကျော်ရဲ့ တစ်သောင်းဆပ်ဖို့နေနေသာလက်ဖွဲ့ဝယ်ဖို့တောင် ပိုက်ဆံမရှိ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

နောက်ထပ် ဖိတ်စာတစ်စောင်ကို ဖွင့်ကြည့်ပြီး ခန့်သော်လင်း စိတ်ဖျက်သွားပြန်သည်။

ဖိတ်စာပေါ်ရှိ ချစ်စရာကလေးငယ်ပုံလေးနှင့် ကာတွန်း ရုပ်ကလေးများက သူ့ကို မကြည်နူးနိုင်။ ခန့်သော်လင်းဖိတ်စာအတွင်းသားကို ဆက်ဖတ်မိသည်။

"မောင်ထူးသော်ထက်နိုင် နှစ်နှစ်ပြည့်မွေးနေ့ မင်္ဂလာပွဲ··"

"ဖေဖေဦးကျော်အောင်ထက်နှင့် မေမေဒေါ်လှဲ့လှဲ့နိုင်"

ခန့်သော်လင်းမသိမသာသက်ပြင်းချမိသည်။

ကျော်အောင်ထက်နှင့်လှဲ့လှဲ့နိုင်။

ခန့်သော်လင်းနှင့်ဒုတိယနှစ်အတူတူ ကျောင်းတက်ခဲ့သော သူငယ်ချင်းနှစ်ဦး။

ပထမတော့ကျော်အောင်ထက်နှင့် ခန့်သော်လင်းက သူငယ်ချင်းများ တပူးပူးတတွဲတွဲသွားလာရင်း လှဲ့လှဲ့နိုင်တို့ အုပ်စုနှင့်သူငယ်ချင်းတွေ ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

ကျော်အောင်ထက်က လှဲ့လှဲ့နိုင်ကို စိတ်ဝင်စားလာရာ ခန့်သော်လင်းက မျက်နှာပြောင်တိုက်၍ အောင်သွယ်ဝင်လုပ်ပေးသည်။ လှဲ့လှဲ့နိုင်ကလည်း ကျော်အောင်ထက်ကို အရင်ကတည်း က စိတ်ဝင်စားသူမို့ အထူးတလည် ဖူးစာရေးပေးစရာမလို။

သူတို့ချစ်သူ နှစ်ဦးအတွက် လမ်းကြောင်းတွေကို ခန့်သော်လင်းကပဲ ဆွဲပေးရ၏။

ကျော်အောင်ထက်မိဘတွေက နယ်တွင်ရှိပြီးကျော်အောင်ထက်က အဆောင်နေ၍ ကျောင်းတက်သူဖြစ်သည်။ ကျောင်းတက်ရင်းသူ ဝါသနာပါသော ကားပြင်သည့်အလုပ်ကို ဝပ်ရှော့တစ်ခုတွင် သင်ယူခဲ့သည်။

ကျောင်းပြီးသောအခါ နှစ်ဦးလက်ထပ်ဖို့ အသင့်ပြင်ထားပေမယ့် ကံကြမ္မာက တစ်ဘက်စောင်းနင်းဖြစ်လာ၏။ လှဲ့လှဲ့နိုင်၏ မိဘများက အညာသားတောသားကျော်အောင်ထက်ကို အဆင့်အတန်းချင်းမတူ ဘာညာနှင့်ချစ်ခြင်းကိုခွဲဖို့ တာစူလာသည်။

ကိန္နရီသုမုဒ္ဒရာခြားအဖြစ်ကို မခံစားနိုင်သော ချစ်သူ(၂)ဦးသည် တုံးတိုက်တိုက်ကျားကိုက်ကိုက် ဆုံးဖြတ်ကြတော့မည်။ ဘဝကို ဘဝချင်းထပ် ရင်ဆိုင်ဖို့ မိဘများ၏ဆန္ဒကိုပယ်ရှားကာ နှစ်ဦးသဘောတူခိုး ရာလိုက်ပြေးဖို့ အကြောင်းဖန်လာခဲ့သည်။

အောင်သွယ် ခန့်သော်လင်းခေါင်းကို ဆောင့်လာပြန်သည်။ သူငယ်ချင်း (၂)ဦးခေါ်တိုင်ပင်ပုံတွေကို အမှတ်ရမိသည်။

"သူငယ်ချင်းတို့··မင်းတို့တကယ် ခိုးပြေးကြမှာလား"

ခန့်သော်လင်းက ခေါင်းကုတ်၍မေးသည်။

"အင်း"

ကျော်အောင်ထက်က အတွေ့အကြုံမရှိသူပီပီ ဘာလုပ်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့နိုင်က ကျော်အောင်ထက်မျက်နှာကိုသာ ယုံကြည်အားကိုးစွာကြည့်နေ၏။

"မင်းတို့ သေချာစဉ်းစားကြဦး..ဒါပေါ့ပေါ့ဆဆလုပ်ရမယ့်ကိစ္စ မဟုတ်ဘူး..ဘဝတစ်ခုလုံးအတွက် အရေးကြီးတယ်.."

ခန့်သော်လင်းက အပြင်လူပီပီ ဆရာကြီးအထာဖြင့် ပြောသော်လည်း ကျော်အောင်ထက်တို့က ဝေခွဲမရမျက်နှာပေးလေးတွေဖြင့် မျက်စိသူငယ်၊ နားသူငယ်၊ သနားစဖွယ်အမူအယာလေးတွေနှင့်။

"လဲ့လဲ့..နင်က နင့်မိဘတွေကိုနားလည်အောင်ရှင်းပြလို့ မရတော့ဘူးလား"

"မရဘူး..ခန့်သော်ရဲ့..ငါလည်းအဲဒါပဲစိတ်ညစ်နေတာ..ငါမှ မစွန့်စားရင် ကျော်အောင်ထက်နဲ့ငါ ဝေးရမှာ.."

"ဟုတ်တယ်ကွ..လဲ့လဲ့ပြောတာမှန်တယ်.."

ကျော်အောင်ထက်က အားတက်သရော ဝင်ပြောသည်။

"မင်းတို့ သေချာစဉ်းစားကြဦးနော်..ဒီဘက်ခေတ်က ခိုးပြေးတဲ့ခေတ် မဟုတ်တော့ဘူး.."

"မတတ်နိုင်ဘူးကွာ..ငါနဲ့လဲ့လဲ့မဝေးရအောင် မင်းကူညီပါဦးကွာ.."

ခန့်သော်လင်းခေါင်းကို တဖျင်းဖျင်းကုတ်နေ၏။

"ခိုးပြေးတာတော့ ဟုတ်ပါပြီ..ဘယ်ကိုခိုးပြေးမှာလဲ.."

"အဆောင်မှာ ငါတစ်ယောက်တည်းဆိုတော့.."

"ဟ..ဟော့ကောင်..ပြဿနာပဲ..မင်းအဆောင်က ယောကျ်ားလေးအဆောင်ကွ..မိန်းကလေးခေါ်သွင်းလို့ မရဘူး.."

"မင်းကလဲ..ငါပြောတာဆုံးအောင်နားထောင်ဦး..အဆောင်မှာငါ့သူကို ခေါ်လို့မရတာသိပါတယ်ကွာ..အဆောင်မှာ မင်းခဏနေ ငါတို့က



www.burmeseclassic.com

ဒဂုံမြောက်အစွန်ရပ်ကွက်တစ်ခုမှာ အရင်ဆုံးအိမ်ငှားနေမယ်ကွာ..ဝေးလံခေါင်သီဆိုရင် လဲ့လဲ့မိဘတွေလည်း ခြေရာခံလိုက်နိုင်မှာ မဟုတ်တော့ဘူး"

"အိမ်ငှားတာကတော့ ဟုတ်ပါပြီ..ဘယ်မလဲပိုက်ဆံ.."

"လဲ့လဲ့နဲ့ ငါစုထားတဲ့ငွေလေးတွေရှိပါတယ်.."

"စားဖို့သောက်ဖို့ကရော.."

"ဒါတွေက သူဟာနဲ့သူအဆင်ပြေသွားပါလိမ့်မယ်.. နောက်ပိုင်းကိစ္စမင်းမပူနဲ့ ရှေ့ပိုင်းကိစ္စသာစီစဉ်ပေး.."

"ထားတော့ကွာ..နိုးပြေးဖို့ငါဘယ်လိုစီမံပေးရမလဲ.."

"လဲ့လဲ့နဲ့ငါချိန်းမယ်ကွာ..ပြီးရင်မင်းက ကားကြိုငှားထား..ပြီးရင်လိမ့်ကြတာပေါ့.."

"ဩော်..မင်းက ပြောတော့အလွယ်လေး..လဲ့လဲ့မိဘတွေက သိသွားရင်ဘယ်လိုလုပ်မလဲ.."

ခန့်သော်လင်းက ကြိုတင်စိုးရိမ်နေသည်။

"ရုပ်ရှင်တွေထဲကလို လဲ့လဲ့က သူ့မိဘတွေကို အိပ်ဆေးခတ်ထားမယ်"

"အိပ်ဆေးပြယ်သွားရင် ဘယ်လိုလုပ်မလဲ.."

"ပြတင်းပေါက်က ခုန်ဆင်းလာရင်ရော.."

"အဘိုးကြီးတွေက ဆင်းရဲမှာမဟုတ်ဘူး.."

"ဟ..မဆင်းရဲလို့ ချမ်းသာနေတာပေါ့.."

"အဲဒါပြောတာမဟုတ်ဘူး ပြတင်းပေါက်က ခုန်ဆင်းရဲမှာမဟုတ်ဘူး..အိမ်ကနည်းနည်းမြင့်တယ်.."

"လဲ့လဲ့ထွက်လာပါပြီတဲ့..ငါနဲ့မင်းက ကားငှားပြီးကြိုစောင့်နေရမှာပေါ့.."



www.burmeseclassic.com

"အေးပေါ့ကွာ..လဲ့လဲ့ထွက်လာတာနဲ့ မ,ပြီးပြေးမယ်.."

ကျော်အောင်ထက်က အားရပါးရပြောရာ လဲ့လဲ့မှာရှက်သွေးဖြာနေတော့သည်။

"ရပ်ကွက်က လူတွေသက်သမကင်းဖြစ်ရင်ရော.."

"ဒါကမင်းအပိုင်းလေ..မင်းဖြေရှင်းပေါ့.."

"မင်းကလဲကွာ..ငါ့ခေါင်းတည်လာပြန်ပြီ..တစ်ခုခုဖြစ်ရင် ငါပဲခေါင်းခံရမယ့်သဘောလား..သေချင်တာပဲ..ငါကလဲမိန်းမတစ်ခါမှ ခိုးဖူးတာမဟုတ်ဘူး။ မင်းရော အတွေ့အကြုံရှိလို့လား.."

ခန့်သော်လင်း ပွစိပွစိပြောနေသည်ကို လဲ့လဲ့နိုင်က ပေါက်ကွဲသွားသည်။

"အတွေ့အကြုံရှိစရာလားဟဲ့..ကျော်အောင်ထက်မှာ အရင်က အဲဒီလို မျိုး မိန်းမခိုးဖူးတယ်ဆိုရင် ငါက အခုသူခိုးရာကို လိုက်စရာလား..ဟင်း"

"တော်တော့..လဲ့လဲ့နိုင်ရာ..နင့်က နင့်မိဘတွေကို မပိုင်ဘူးလား"

"မပိုင်လို့ ခုလိုစီစဉ်ရတာပေါ့..အဖေက သိပ်လက်ပေါက်ကပ်တာ။ ပြီးတော့..အခုငါ့ကို ပေးစားမယ့်သူက ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက်ဟာ တကယ်တမ်းငါနဲ့သူနဲ့ညားပါပြီတဲ့..အိမ်တစ်လုံးဆောက်ပြီးနေရင် အိမ်ရှင်မဖြစ်တဲ့ငါ လျှောင်လှုပ်မယ့်သတင်းအမြဲနားစွင့်နေရမှာ..နောက်တစ်ဦးစပ်ထားတာကလဲ မော်တော်ပီကယ်နှစ်ပွင့်နဲ့..တစ်နေ့ကုန်ဝီစီမှုတ်နေတဲ့သူ..ညဘက်ရောက်တဲ့အထိ အဲဒီအကျင့်မပျောက်ရင် ငါအိပ်ရခက်မယ်..."

ခန့်သော်လင်းက လဲ့လဲ့နိုင်ရိုးရိုးကြီးပြောသည်ကို သဘောကျ၍ ရယ်သည်။

"နင်ကလဲ..အဖေကို မပိုင်ရင်အမေကိုရော.."



www.burmeseclassic.com

www.burmeseclassic.com


"အမေကလဲမရှာဘူး..တစ်ဦးတည်းသောသမီးလေးကို ဘယ်တော့မှ ကောင်းတယ်မပြောဘူး..တခါတလေ အဖေ့ထက်ဆိုးတယ်.."

"နင်က မိဘရဲ့အရိပ်အာဝါသအောက်က ခြေစုံကန်ထွက်လာပြီး ချစ်သူရဲ့ရင်ခွင်ထဲ ဘရိတ်မပါဘဲ တိုးဝင်ခိုအောင်းတော့မယ်ပေါ့.."

"ဒါပေါ့ဟာ..ကိုကျော်အောင်ထက်က ငါ့ကို တစ်ဘဝလုံးအိမ်တင်ဆောင်မီးတပြောင်နဲ့ထားနိုင်မယ့်သူကြီး.."

လဲ့လဲ့နိုင်က ချစ်သူကို အမွှန်းတင်လိုက်သေးသည်။

"လောလောဆယ်တော့ မြောက်ဒဂုံအစွန်ရပ်ကွက်မှာ သူများအိမ်တစ်ခြမ်းကပ်နေပြီး ဖယောင်းတိုင်နဲ့နှစ်ပါးသွားကြတာပေါ့.."

ကျော်အောင်ထက်က သူ့စကားသူသဘောကျနေသည်။

"ကဲ..ဒါဆို..စောစောကပြောတဲ့ အစီအစဉ်အတိုင်းပဲနော်..အသေးစိတ်ကိုတော့ ငါနဲ့ခန့်သော်လင်းပဲ တိုင်ပင်လိုက်မယ်.."

"ကျော်အောင်ထက်..သူငယ်ချင်း..အချိန်အခါမသင့်ပေမယ့် အခုလောလောဆယ်ပြောမှ ဖြစ်မယ့်ကိစ္စတစ်ခုရှိနေလို့ကွာ"

"ဘာလဲကွ.."

"ငါ့ကို ပိုက်ဆံတစ်သောင်းလောက်ချေးကွာ.."

ခန့်သော်လင်းကို ကျော်အောင်ထက်နှင့်လဲ့လဲ့နိုင်တို့က ပြူးတူးပြဲတဲကြည့်လိုက်ကြသည်။

× × × × ×

ငွေတစ်သောင်းသည် လက်ထဲတွင် ဘာမျှမခံပေ။

ကျော်အောင်ထက်တို့ အလွယ်တကူထုတ်ပေးလိုက်သော တစ်သောင်းသည် လေထဲတွင်ပျောက်သွားသည်။ စိတ်မထိန်းနိုင်ဘဲ ဘောလုံးပွဲကစားရာ အကောက်တောင်မရဘဲ ရှုံးသွားသည်။ ငွေများငွေနှင့် လိုက်ပေးမယ့်


www.burmeseclassic.com

www.burmeseclassic.com

ဓားကလေးထဲတွင်သာ ပျောက်သွားခဲ့ပြီ။ တစ်သောင်းကို နှမြောပေမယ့် ပြန်ရဖို့ကမလွယ်ကူ။

ကျော်အောင်ထက်တို့ ချစ်သူတွေကလည်းခိုးပြေးဖို့ ကိစ္စသာ တိုင်ပင်နေသဖြင့် သူချေးထားသော ငွေတစ်သောင်းကို ပြန်တောင်းဖို့ သတိမေ့နေကြသည်။ ဒါမှမဟုတ် အားနာ၍မတောင်းခြင်းလားမသိ။

မည်သို့ပင်ဖြစ်စေ ခန့်သော်လင်းကတော့ တစ်ဝက်တောင် မပေးနိုင်သေး။ အခြားအကြွေးတွေတောင် ပိလာသေးသည်။

ခန့်သော်လင်းက ကျော်အောင်ထက်တို့အတွက် မြောက်ဒဂုံ ၁၂၅ ရပ်ကွက်တွင် အိမ်တစ်လုံးငှားပေးထားသည်။

ခိုးတော့မခိုးဖြစ်သေး။ ခိုးမယ့်ရက် အတိအကျကို ဗေဒင်မေး၍ ရက်ရွေးသည်။

စနေနေ့ည(၇)နာရီ ကိုရီးယားဇာတ်လမ်းတွဲလာချိန်တွင် အချိန်နက္ခတ်သင့်၏။

မနုဿစောရခရီးစဉ် သယ်ပို့ယာဉ်အဖြစ် အိမ်သုံးဟိုင်းလတ်ကား တစ်စီးကို ပုတ်ပြတ်ငှားလာသည်။

"သူငယ်ချင်း..ကားပျက်ချင်ယောင်ဆောင်ထားမယ်.."

ကားဒရိုင်ဘာက ကားစက်ဖုံးကိုဖွင့်ထားသည်။ ဒရိုင်ဘာက ရှေ့ခန်းတံခါးဖွင့်ဝင်နေပြီး MP4 တစ်လုံးနှင့်ငြိမ့်နေသည်။

ကားနောက်ခန်းတွင် ကျော်အောင်ထက်က နာရီတကြည့်ကြည့် ခန့်သော်လင်းက လူရိပ်လူကဲ တကြည့်ကြည့်နှင့်။

လမ်းမီးရောင်က အထင်းသားမရှိ မှိန်ပျပျမို့သူတို့ကို ကောင်းကောင်း မှောင်ရိပ်ခိုစေနိုင်သည်။ လေတစ်ချက်ဝှေ့တိုက်လျှင် အကြော်တွေ စိမ့်ချမ်းသွားသေးသည်။


www.burmeseclassic.com

 www.burmeseclassic.com 

"ဟော့ကောင်..အချက်ပေးမှာလား..သူထွက်လာမှာလား.."

"ဟာ..အဲဒါ ငါမမှာလိုက်မိဘူး.."

"မင်းကလဲကွာ..ပြဿနာပဲ..တော်ကြာလုံ့လုံ့က မင်းအချက်ပေးနိုး နိုးစောင့်နေ..မင်းက သူထွက်လာနိုးနိုးမျှော်နေ..မိုးစင်စင်လင်းသွားမယ်.."

"အေး..မင်းပြောတာဟုတ်တယ်..ဘယ်လိုအချက်ပေးမလဲ.."

"ခွေးအူသံက ရှိုးပါတယ်ကွာ..ဒီလိုလုပ်မယ်ကွာ..ရပ်ကွက်ထဲက သတိပေးအော်သံ တစ်မျိုးမျိုးအော်မယ်ကွာ..ဒါမျိုးငါကျွမ်းတယ်.."

ခန့်သော်လင်းက ဆရာဝင်လုပ်သည်။

"မင်းသင့်တော်မယ်ထင်ရင် လုပ်သာလုပ်.."

ခန့်သော်လင်းက ချောင်းခြောက်တစ်ချက်ဟန့်ရင်း...

"ရပ်ကွက်တွင်းရှိ သားကောင်းမိခင်အပေါင်းတို့ခင်ဗျာ..ယခုအခါ ပူးပြင်းခြောက်သွေ့သော နွေရာသီကို ရောက်ပြီဖြစ်၍ မိမိတို့ကလေးများအား သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရန် ရပ်ကွက်လုံး၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း မနက်ဖြန်ရပ်ကွက်ရုံးသို့ သန်းခေါင်စာရင်းနှင့် တကွ လာကြပါရန် သတိပေးနိုးဆော်လိုက်ပါတယ်..ခင်ဗျာ.."

"မဆိုးဘူးကွ..မင်းအသံနေအသံထားပိုင်သားပဲ..အာ..ဟဲ့ကောင် ..မင်းပေါက်ကရတွေ အော်နေပြီ..ပြဿနာပဲ.."

ရပ်ကွက်ထဲမှ အိမ်အချို့ မီးလင်းလာသဖြင့် ခန့်သော်လင်းတို့ကား နောက်ခန်းထဲတွင် ဝင်၍ပုန်းနေကြရသည်။

ဘယ်သူမှတော့ ထွက်မလာပါ။

"မင်းကလဲ..လုပ်လိုက်ရင်တစ်လွဲချည်း"

"ငါလဲပြောချင်စောကပ်သွားလို့ကွ.."

"အဘိုးကြီးတွေ နိုးသွားရင်ဘယ်လိုလုပ်မလဲ"


www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် လက်နှိပ်ဓာတ်မီးရောင်က သူတို့ နှစ်ဦးအပေါ်ကျလာသည်။

"ဟေ့ကောင်တွေ..ဒါ ဘာလုပ်နေတာလဲ.."

နှစ်ယောက်သား ကုန်းရုန်းထလာသည်။ ထိပ်ပြောင်ပြောင်လူကြီး တစ်ဦးကိုတွေ့ရသည်။ ဆွယ်တာအင်္ကျီနှင့် ပဝါပတ်လျက်။

"ဟို..ကားရောင်းမလို့.."

"ဘာကွ..ညအချိန်မတော်..ဒါကားပွဲစားတန်းမဟုတ်ဘူး..မင်းတို့ လူစိမ်းတွေ မဟုတ်လား...ဒီရပ်ကွက်မှာ တစ်ခါမှ မမြင်ဖူးဘူး"

ဦးထိပ်ပြောင်ကြီးက ရပ်ကွက်ထဲလှည့်လည်စစ်ဆေးနေသော လမ်းမှူးဖြစ်မည်။

"ဟုတ်ပါတယ်..ကျွန်တော်တို့ ဒီနားမှာ ကားပျက်နေလို့ပါ.."

ခန့်သော်လင်းက ကမန်းကတန်းထ၍ ဒရိုင်ဘာကိုကြည့်ရာ ဝက်မသားက ရှေ့ခန်းတွင် အိမ်ပျော်နေသည်။

"မင်းတို့မညာနဲ့နော်..ငါက ဒီလမ်းမှူးပဲ..အမှန်အတိုင်းပြောစမ်း.. မင်းတို့ ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ်တွေ လုပ်မလို့ကြံနေတာမဟုတ်လား"

"ကျွန်တော်တို့ ချဲထီရောင်းမလို့ပါ..အာ..မဟုတ်ပါဘူး..ဘုရားပေးပေး..အန်ကယ်ရယ်..ကျွန်တော်တို့လူကောင်းတွေပါ..ကားပျက်နေလို့ ဝပ်ရှော့ဆရာကို စောင့်နေတာ.."

"မင်းတို့ကားက ဘာဖြစ်နေလို့လဲ.."

"ဟို..တာယာမကောင်းဘူး..လေးဘီးစလုံးပန်းတွေ အထစ်ထစ်ဖြစ်နေတယ်..နောက်ပြီး Water ပိုက်ထဲရေမဝင်ဘူး.."

"အင်း..ငါ..ဘာကူညီပေးရမလဲ.."

ဦးထိပ်ပြောင်ကြီးက ခန့်သော်လင်းတို့ ဥပဓိရုပ်ကို သေချာခန့်မှန်းပြီး လူဆိုးဂျပိုးတွေ မဟုတ်မှန်းအကဲခတ်မိသွားသည်။



www.burmeseclassic.com

"ကျွန်တော်တို့ကို မိန်းမခိုးပေးပါလား..."

"အေး..ငါလဲဝါသနာပါ..အာ..ဘာကွ.."

ခန့်သော်လင်းက အယောင်ယောင်အမှားမှား လွှတ်ထွက်သွားသည်။

"မင်းတို့စကားထဲက ဇာတ်ပြလာပြီ"

"ကျွန်တော်တို့ ဟိုအိမ်ကကောင်မလေးကို ခိုးမလို့စောင့်နေတာပါ။ ခုလိုဖွင့်ပြောရတာလဲ ဦးလေးက ဒီရပ်ကွက်ရဲ့လူမှုရေးအကျိုးဆောင်ကြီး ဆိုတာ အင်္ဂါရပ်ပြည့်စုံတာနဲ့သိနေလို့ပါ..ကျွန်တော့်သူငယ်ချင်းတို့ ချစ်သူ နှစ်ဦးရဲ့ချစ်ခြင်းကို မခွဲပါနဲ့..ဗျာ..ဦးလေးလည်းကြီးရာက ငယ်လာတာမို့ စာနာမိမှာပါ.."

ခန့်သော်လင်းကရားရေလွှတ်ပြောနေရာ ကျော်အောင်ထက်မှာ စိုး တထင့်ထင့်နှင့် မျက်လုံးလေး ကလယ်ကလယ်။

"ဘာကွ..ငယ်ရာက ကြီးလာတယ်လုပ်စမ်းပါ.."

"ဟုတ်ကဲ့..ဦးလေးက ဒီရပ်ကွက်မှာ ဘုရားဒကာ ကျောင်းဒကာ သိမ်ဒကာ၊ ဇရပ်ဒကာကြီးတစ်ယောက်ဆိုတာ ကျွန်တော်ဥပဓိရုပ်တွေ့တာ နဲ့ သိပါတယ်..ဒီရပ်ကွက်ကလူတွေရဲ့ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းတွေမှာ ဦးလေးက မရှိမဖြစ်ပါ.."

"ဘာ..မင်းစကားက.."

"ဒီလိုပါ..မွေးဖွားခြင်းဆိုတာက အိမ်တအိမ်မှာ ကလေးတစ်ယောက် မွေးရင် ဦးလေးက သန်းခေါင်စာရင်းသွင်းပေးတာ လုပ်ပေးမယ်။ လူတစ်ဦး သေသွားရင်လဲ သေစာရင်းတို့ သင်္ချိုင်းလက်မှတ်တို့ ဦးလေးပဲ လုပ်ဆောင် ပေးနေရမယ်ဆိုတာ ကျွန်တော်သိပါတယ်.."

"မင်းမဆိုးဘူး..လူကဲခတ်တော်သားပဲ.."

ဦးထိပ်ပြောင်ကြီးက အမြှောက်ကြိုက်သူပီပီသဘောရွှေ့သွားသည်။

"မင်းတို့ ခိုးမယ့်ကောင်မလေးအိမ်က ဘယ်အိမ်လဲ.."



www.burmeseclassic.com

www.burmeseclassic.com

"ဟိုးအိမ်ပါ..နှစ်ထပ်အိမ်လေ.."

"ဟာ..ဒီအိမ်က..ဒါဦးခင်မောင်လှဦးအိမ်ပဲ..သူ့သမီးဆိုတာလှဲ့လှဲ့နိုင်ကို ပြောတာလား.."

"ဟုတ်ပါတယ်.."

"ဒီ ခင်မောင်လှဦးက လူဌေးကြီးပဲ..ဒါနဲ့ကောင်မလေးက ထွက်လောသေးဘူးလား.."

"လာတော့မယ်ထင်တာပဲ..ကျွန်တော်တို့လဲ အဲဒါပဲစောင့်နေတာ.."

ကျော်အောင်ထက်ကလည်း တမျှော်မျှော်ဖြစ်နေပြီ။

"ဒီလူဌေးက သိပ်ဘဝင်ကိုင်တာ..ငါနဲ့မတည့်ဘူး..ငါလည်း ငယ်ငယ်က ငါ့မိန်းမကို အခုလိုခိုးခဲ့တာပဲ..ဒါမှပေါင်းရမှာ..ငါ့သားလဲ ဟိုတလောက မိန်းမခိုးသွားပြီ.."

"ဦးလေးတို့မျိုးက ခိုးရတာကိုဝါသနာပါတယ်နော်"

"အေး..အာ..ဒီကောင်..ငါမကူညီပဲနေမှာနော်.."

"မလုပ်ပါနဲ့..ဦးလေးရယ်..ကျီစားတာပါ.."

ခန့်သော်လင်းက ဦးထိပ်ပြောင်လက်ကို ဆွဲထားသည်။

"ခန့်သော်လင်း..အချိန်မရှိဘူးနော်..လှဲ့လှဲ့ကြာနေပါလား.."

"ခြံတံခါးကို သော့ခတ်ထားသလား မသိဘူးကွ.."

"ဖြစ်နိုင်တယ်..လှဲ့လှဲ့တစ်နေရာမှာ ကပ်နေရမယ်.."

"ကောင်လေးတွေ..ငါကူညီမယ်..မင်းတို့နှစ်ယောက်ခြံနားမှာ ကပ်နေကြ..ငါအိမ်ထဲဝင်လို့ရအောင် ကြံမယ်..ဟုတ်ပလား.."

ဦးထိပ်ပြောင်က လက်နှိပ်ခေါင်းလောင်းမီးတဝင်းဝင်းဖြင့် အိမ်ရှေ့ခြံတံခါးကို ခေါက်လေသည်။ ခန့်သော်လင်းတို့က ခြံစည်းရိုးဘေးကပ်လျက်ပုန်းနေသည်။

"ဘယ်သူလဲ..ဟေ့.."


www.burmeseclassic.com

"ကျုပ်ပါ..မောင်လှပါ..လမ်းမှူးပါ.."

"ဘာကိစ္စရှိလို့လဲ.."

ကျော်အောင်ထက် ယောက္ခထီးကြီး တံခါးလာဖွင့်ပေးသည်။

"ကျုပ်ကို အိမ်ထဲခေါ်ပါဦး..ဦးခင်မောင်လှဦးရဲ့.."

"ခင်ဗျားဗျာ..ညကြီးမင်းကြီး ဘာကိစ္စရှိလို့လဲ.."

"ဥက္ကဌအချိန်းအပြောင်းကိစ္စလေးပါ.."

"ဟော..ဟုတ်လား..လာ..လာ"

အဘိုးကြီး နှစ်ဦးဝင်သွားကြရာ ခြံတံခါးကို မပိတ်သွားပေ။

"ဟော့ကောင်..ငါမဝင်ရဲဘူး.."

"ခွေးကောင်..မင်းမဝင်ရဲရင်လဲ့လဲ့နဲ့ လွဲမှာနော်.."

ကျော်အောင်ထက်က ခြံတံခါးကို ခပ်ဟဟလေးဖွင့်၍ဝင်သွားသည်။ ခန့်သော်လင်းက ပတ်ဝန်းကျင်အခြေအနေကို စောင့်ကြည့်နေရ၏။

သိပ်မကြာမီ ကျော်အောင်ထက်တစ်ယောက် လဲ့လဲ့ကို လက်ဆွဲ၍ ထွက်လာသည်။

"လဲ့လဲ့..ကြာလိုက်တာကွာ.."

"အဖေက မျက်ခြေမပြတ်ကြည့်နေတာ..အခု ဦးမောင်လှကြီးလာလို့ အလစ်မှာ ထွက်လာခွင့်ရတာ.."

"အေး..အဲဒီလမ်းမှူးကြီးကို ငါတို့အကူအညီတောင်းရတာ..နောက်မှ ရှင်းပြမယ်..အချိန်မရှိဘူး..ငါတို့သုတ်ကြမယ်.."

ခန့်သော်လင်းရှေ့မှ ခပ်သွက်သွက်သွားသည်။ ကျော်အောင်ထက်က လဲ့လဲ့ကို ဆွဲ၍ခပ်သုတ်သုတ်လိုက်လာ၏။

ကားဆရာကိုနိုးရသေးသည်။ ကားဆရာက အိပ်မှုန်စုံမွှားဖြင့် ထလာ ပြီး။

"ဘယ်ရောက်နေပြီလဲ.."



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကားအခုမှ မောင်းရမှာ..အခြေအနေကောင်းပြီ..မောင်းတော့"

ခန့်သော်လင်းက ကားခေါင်းခန်းထဲ ဝင်ထိုင်သည်။ ကားလေးက ဒုးခနဲမောင်းထွက်သွားသည်။

ကျော်အောင်ထက်တို့ ခိုးပြေးသွားပြီး နှစ်ပတ်ခန့်အကြာတွင် သူ့ယောက္ခမကြီး ဦးခင်မောင်လှဦးသည် ရပ်ကွက်ဥက္ကဋ္ဌအသစ်ဖြစ်သွားသည်။

သမီးမိုက်ကို ပြန်လိုက်ရှာ၍ တွေ့သောအခါ ဒေါသမာန်မာနတွေ လျှော့ချကာ မင်္ဂလာဆောင်ပေးရန် စီစဉ်ခဲ့သည်။ ကျော်အောင်ထက်တို့ မင်္ဂလာဆောင်ပြီး ယောက္ခမအိမ်ပေါ်တွင် တက်နေကြ၏။

ခန့်သော်လင်းက ကျော်အောင်ထက်တို့ မင်္ဂလာဆောင်တွင် တီးဆက်တစ်စုံအပေါ်စားလက်ဖွဲ့၍ ရေခဲမုန့်သွားစားသော်လည်း ချေးထားသော အကြွေးတစ်သောင်းကို ပြန်မဆပ်သေးဘဲ ရှုးချင်ယောင်ဆောင်နေခဲ့သည်။

နောက်ပိုင်းသူလည်း မသွားဖြစ်မဆပ်ဖြစ်တော့။

ကျော်အောင်ထက်တို့ကလေးမွေးတုန်းကလည်း ခန့်သော်လင်းနယ်ရောက်နေသည်။ စိတ်ထဲမှာ အကြွေးဆပ်ဖို့ဆန္ဒရှိသော်လည်း လက်ထဲတွင် ငွေက မရှိ။

ရှိပြန်တော့လဲ မဆပ်ဖြစ်။

ငွေမပြေသော ခန့်သော်လင်းပင်။

အခု ကလေးမွေးနေ့ပွဲကို ဘယ်မျက်နှာဖုံးနှင့် တက်ရောက်ရမလဲ မသိ။ မျက်နှာတင်မက ရင်တွေရော ကိုယ်တွေပါ ပူလာသည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

နောက်ဆုံးဖိတ်စာတစ်စောင်ကတော့ လူဘဝရဲ့နောက်ဆုံးနှုတ်ဆက်ခြင်း ဖိတ်စာပါပဲ။

ခန့်သော်လင်းပို ညစ်ထွေးသွားသည်။ မတော်ခဲ့လိုက်ရသောယောက္ခထီးကြီး၏ အသက် (၇၃)နှစ်တွင် ကွယ်လွန်ခြင်းဖိတ်စာ။

ချစ်ခဲ့ရသူ ဆုမြတ်မိုး၏ မွေးသဖခင်ကြီး ဦးဘဆိုင်ရဲ့ အသုဘတောင် လိုက်မပို့ခဲ့ရသည့်အဖြစ်။ အခု ရက်လည်ခါနီးမှ နာရေးဖိတ်စာရောက်လာသည်။

ဆုမြတ်မိုးခုချိန်ဆိုလျှင် ဘယ်လောက်ဝမ်းနည်းနေမလဲ။ ခန့်သော်လင်း နာရေးရက်လည်ကို သွားသင့်သည်။ ချီတုံချတုံနှင့်စဉ်းစားခန်းဖွင့်မိသည်။

အတိတ်မှာ ဆုမြတ်မိုးနှင့်သူပျော်ရွှင်ကြည်နူး မြူးတူးပျော်ပါးခဲ့တာ တစ်ခုမှမရှိ။ စိတ်ကောက်ရန်ဖြစ် ဘုဘောက်ကျ ဘုကန့်လန့်နှင့် နှောင်ကြိုး ချနေတာက များသည်။

ဆုမြတ်မိုးသည် သူဖြစ်ချင်တာကို မရရအောင်ပုပ်တတ်သော



www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေးတစ်ဦး။ မလုပ်နဲ့၊ မသွားနဲ့၊ မစားနဲ့ဆိုလျှင် ပိုလုပ်၊ ပိုသွား၊ ပိုစားသူ။

ခန့်သော်လင်းက နဂိုကမှ ဆရာကြီးလေသံနှင့် မာန်ပါပါဆရာဝင်လုပ်ချင်သူဆိုတော့ သူတို့ နှစ်ဦးက တစောင်းစေးနှင့်မျက်ချေး၊ နဂါးနှင့်ဂဠုန်၊ အစွရေးနှင့်ပါလက်စတိုင်းတို့လို တစ်စက်ကလေးမှ မတည့်။

ဒါပေမဲ့ သူငယ်ချင်းသံယောဇဉ်တွေတော့ရှိကြသည်။

ဆုမြတ်မိုးက ကျွတ်ဆတ်ဆတ် ဘုဘောက်ရုပ်ရည်လေးရှိသော်လည်း သာမာန်အားဖြင့် ချစ်စရာကောင်းသည်။ မျက်လုံးမျက်ခုံးသေသပ်လှသည်။ အရပ်ကလေး နည်းနည်းပုသဖြင့် ခန့်သော်လင်းက တခါတလေကျလျှင် (စိတ်ခုတဲ့အခါ) "ဂျပုမ""ဘူးသီးမ"ဟု ချစ်စနိုးခေါ်တတ်သည်။

ပုရိသယောကျ်ား တစ်ယောက်ကို ဆွဲဆောင်နိုင်သော အင်္ဂါရုပ်နှင့် သော်ဒီလည်းရှိ၏။ ခန့်သော်လင်းနှင့် ဆုမြတ်မိုးတို့သည် တစ်ခါတစ်လေကျလျှင် တွေ့မရှောင်ငြိကြပြီး ဘာမဟုတ်သည့် ကိစ္စလေးတွေနှင့် စကားများကြသည်။

ဘူးသီးစားခွဲဘုန်းကြီးအမှု ရှာပတ်မဖြစ်စလောက် ကိစ္စလေးတွေနှင့် အငြင်းပွားကြတာမျိုးလည်းရှိသည်။

ဆုမြတ်မိုးက အငြင်းသန်၊ ခန့်သော်လင်းက တယူသန်နှစ်ယောက်စလုံး သန်ရာသန်ရာတွေ စွဲကိုင်လျက် တကျက်ကျက်။

ခန့်သော်လင်းနှင့်ဆုမြတ်မိုးတို့ ပုဇွန်တောင်တွင် ကျူရှင်တက်မည့်ကိစ္စအတွက် ရန်ဖြစ်ငြင်းခုံနေကြသည်။

ခန့်သော်လင်းက သူသိသူတတ်ပီပီ ဆုမြတ်မိုးကို အရင်မေးခွန်းထုတ်သည်။

"ဆုမြတ်မိုး··နင်မှာ ဇန်နဝါရီနှော့လစ်ဘယ်လောက်ရှိသလဲ··ငါမေး


www.burmeseclassic.com

မယ်"

"ဟဲ့ကောင်··ငါမှာ ဓန်နဝါရီတင်မက မတ်၊ ဧပရယ်ထိ အပြည့်ရှိတယ်။ သဘောပေါက်··နင်လို နကန်းတစ်လုံးမတတ်၊ အသုံးလုံးမကြေဖွတ်မွဲတေမဟုတ်ဘူး။ General knowledge တောင် ပီပြင်အောင်မခေါ်တတ်တဲ့အကောင်"

ဆုမြတ်မိုးကလည်း ပက်ခနဲပြန်တုန့်ပြန်သည်။

"ထားပါ··အခုငါတို့ ကျူရှင်သွားတက်မယ့် ပုဇွန်တောင်ကို ဘာလို့ပုဇွန်တောင်လို့ ခေါ်ရတာလဲ··နင်သိသလား··"

"ဟားဟား··နင်က ငါ့ကိုပညာစမ်းနေတာလား··"

"စမ်းချင်တာကတော့ ပညာကိုမဟုတ်ဘူး··"

"ကောင်စုတ်··မိုက်မရိုင်းနဲ့နော်··"

"နင်ကို ဗဟုသုတမေးစမ်းနေတာ··ဒါကိုပြောတာဟ··"

"စကားကို မရှင်းမရှင်းနဲ့··ငါပြောမယ်·· အခု ခေါ်နေတဲ့ပုဇွန်တောင်က သတ်ပုံမှားနေတယ်··ပန်းစွန့်တောင်လို့ရေးမှ မှန်တယ်··ရှေးအခါက ဒီနေရာမှာ ရွှေတိဂုံဘုရားကြီးက ပန်းတွေလာစွန့်တာ တောင်ကြီးလို ဖြစ်နေတယ်··ဒါကို အစွဲပြုပြီး ပန်းစွန့်တောင်··နောက်မှ ကာလရွေ့လျားပြီး ပုဇွန်တောင်ဖြစ်လာတာ··"

"ဘာမှမဆိုင်ဘူး··အဲဒါ ငါမကြားဖူးဘူး"

ခန့်သော်လင်းက လက်ကာခါပြသည်။ ဆုမြတ်မိုးဖုသွားသည်။

"နင်က ဘာသိလို့လဲ··ပန်းစွန့်တောင်ကနေ ပုဇွန်တောင်ဖြစ်လာတာ"

"မဟုတ်ဘူး··နင်ကလေ ရာဇဝင်လဲမကျေညက်၊ သမိုင်းလည်းနားမလည် ဘာမှ မသိတဲ့နလဗိန်းတုံးမလေးပဲ နင်မသေမချင်းမှတ်ထားနင်ရွှေတိဂုံဘုရားက ဆံတော်ခိုးတဲ့မောင်ကံကို ကြားဖူးလား"



www.burmeseclassic.com

"အခုရှိသေးတယ်လေ..ဆူးလေမှာ ခိုစာရောင်းနေတယ်.."

ဆုမြတ်မိုးက ရွဲ့ပြောသည်။ ခန့်သော်လင်းမျက်နှာရှုံ့မဲ့သွားသည်။

"နင် ပေါက်ကရတွေလျှောက်မပြောနဲ့ အဲဒီမောင်ကံသမိုင်းအရ ဒီနေရာမှာ ပုဇွန်လက်မကြီးတစ်ခု ထောင်နေတာတွေ့ရလို့ ပုဇွန်ထောင်လို့ခေါ်တယ်..အဲဒီအဆိုအရ ပုဇွန်တောင်ဖြစ်လာတာ.."

"မဖြစ်နိုင်ဘူး..ငါကြားဖူးတာကအမှန်ပါ..ငါ့အတွားကိုယ်တိုင်ပြောပြခဲ့တာ.."

ဆုမြတ်မိုးကလည်း အသည်းအသန်ငြင်းပြန်သည်။

"ငါလဲရှေ့မီနောက်မီလူကြီးတွေက သေသေချာချာပြောပြခဲ့တာ.."

"ဘာပဲဖြစ်ဖြစ် ငါမှန်တယ်"

"ငါမှန်တယ်ဟာ.."

နှစ်ယောက်သား အငြင်းအခုံထဖြစ်ကြသည်။

"ဘယ်သူမှန်မမှန်..သတ္တိရှိရင် ငါ့အဖေကိုသွားမေးမလား.."

"အံမာ..နင့်အဖေက တက္ကသိုလ်က ပါမောက္ခလား..ဘာသိမှာလဲ"

"ငါ့အဖေကိုမစော်ကားနဲ့..ငါ့အဖေက ငယ်ငယ်က စိန်ပေါလ်ကျောင်းထွက်.."

"ဘာလဲ..ခြံစည်းရိုးဖြဲပြီး ထွက်လာတာလား"

"နင်မရိုင်းနဲ့နော်..ခန့်သော်လင်း"

"အေး..ဟုတ်ပြီ..ငါလဲနင့်အဖေရဲ့အဆုံးအဖြတ်အတိုင်း အတည်ယူမယ်..ဟုတ်ပလား..ကဲ ဘာကြေးလောင်းမှာလဲ.."

ခန့်သော်လင်းက အရင်စိန်ခေါ်သည်။

"နင်..ငါ့ကိုရှုံးရင် ဘဝတစ်လျှောက်လုံး ငါ့ကျွန်ယုံတော်လုပ်ရမယ်.."



www.burmeseclassic.com

"အံမာ..အေး..ဟုတ်ပြီ..နှင်လဲငါ့ကို ရှုံးရင် နှင့်ဘဝကို ငါ့ဆီအပ်ပြီး ငါ့မယားအဖြစ် တစ်သက်လုံး ပြုစုစောင့်ရှောက်ရမယ်.."

"သေနာကောင်..နှင့်လိုဖက်ခွက်စားမျိုး ငါသေတောင်မယူဘူး.."

ဆုမြတ်မိုးက လုံးချေထားသော တစ်ရှူးစဖြင့် ခန့်သော်လင်းကို လှမ်းပေါက်သည်။

"ငါ့လဲနှင်နဲ့အတူ 42 လက်မ LCD တီဗွီကို စကိုင်းနက်စလောင်းဖမ်းစက်တစ်စုံနဲ့ တွဲပေးတာတောင် တော်တော်ကြီးစဉ်းစားရဦးမယ်..သဘောပေါက်.."

"ကဲ..ကဲ..ငါ့အဖေကိုနှင်သွားမေးမှာလား.."

"နင့်အဖေက ပုဇွန်တောင်ဆိုတာတောင်ကြားဖူးပါ့မလား"

"မသာကောင်..ငါ့အဖေက ရန်ကုန်မှာနေလာတာ နင့်အသက်နှစ်ဆရှိနေပြီ.."

"အေးလေ..ပုဇွန်တောင်ချောင်းဘေးမှာ အမှိုက်ဆယ်ဖူးရင်တော့သိမှာပေါ့.."

နှစ်ယောက်သားအငြင်းအခုံဖြစ်စွာဖြင့် (၆) တန်းကလေးများကို စာသင်ပေးနေသော ဆုမြတ်မိုးရဲ့အဖေဖြစ်သူ ဦးဘဆိုင်၏ ဝိုင်းကျူရှင်သို့ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လာသည်။

ဦးဘဆိုင်က သမီးဖြစ်သူကို ကောင်လေးတစ်ယောက်နှင့် တွေ့လိုက်ရသဖြင့် မျက်မှောင်ကြုတ်သွားသည်။

"အဖေ..အဖေ့ကို တစ်ခုမေးစရာရှိလို့.."

"ဟဲ့..ငါပြောပြလိုက်မယ်ဟာ..ဒီလိုပါ..ဦးလေး"

"ငါပြောမယ်ဟာ..နင်ကလဲ..ငါကဒီကိစ္စကို အရင်စတာ"

"ငါကစတာပါဟာ..ငါပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com

"နေကြပါဦး‥သမီးတို့ကဘာ‥ဘာဖြစ်လာတာလဲ‥"

ဦးဘဆိုင်ကြားထဲမှ ဖြတ်မေးရသည်။

"ဒီလိုပါ‥အဖေ‥"

"ဒီလိုပါ‥ဦးလေး‥"

"သမီး‥နေဦး‥ဟိုကောင်လေး‥အရင်ပြော‥"

ခန့်သော်လင်းက ဆုမြတ်မိုးကို ဖုံကြားစွာ တစ်ချက်ကြည့်ရင်း‥

"ဒီလိုပါ‥ဦးလေး‥ဦးသမီးနဲ့ကျွန်တော်နဲ့က လူငယ်သဘာဝ‥"

"ဟော‥သမီးလေးတော်လှတော်လှနဲ့ ငရုတ်ကျည်ပွေ့ကို စက်မှုဇုန် ထုတ် ဂျစ်ကားအမှတ်နဲ့မောင်းတာပေါ့လေ‥ရှေးလူကြီးတွေပြောတာမှန်ပါ တယ်‥သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတာလေ‥"

"အဖေ‥ဘာတွေပြောနေတာလဲ‥"

"သမီးတို့နှစ်ယောက်က မေတ္တာမျှနေကြတာ မဟုတ်ဘူးလား"

"ကြာပြီ‥ဦးလေး‥တစ်နှစ်လောက်ရှိပြီ‥"

ခန့်သော်လင်းက သူ့အကွက်ထဲဆိုက်တာမို့ ဝင်ယောရောရှိလုပ်သည်။ ဆုမြတ်မိုးမျက်နှာက ဒေါသတွေဖြစ်လွန်းလို့ နီရဲနေပြီ။

"သမီးရယ်‥အဖေ့ကို ရည်စားထားမယ်ဆိုရင် ပွင့်ပွင့်လင်းလင်း တိုင်ပင်ပါဆို ခုတော့ နောက်ကျမှသိရပြီ‥"

"အဖေ‥သူနဲ့သမီးဘာမှမဟုတ်ဘူး‥ဒီကောင်အလကားလျှောက် ပြောနေတာ သမီးတို့ အငြင်းအခုံဖြစ်နေတာကို အဖေ့ဆီမှာ လာမေးတာ‥ ဒီကောင်သက်သက်မဲ့အသားလွှတ် အသားယူနေတာ‥ဒီလိုကောင်မျိုးကို ရည်းစားထားမယ့်အစား အာဖရိကမျောက်ကို ထုံးသုတ်ပြီး ယူလိုက်ဦးမယ်‥"

"ဟော‥ရှုပ်ကုန်ပါပြီ‥သမီးတို့က ဘာကိစ္စဆွေးနွေးမှာလဲ‥"

"ဒီလို‥အဖေရဲ့ သမီးတို့နှစ်ယောက်က ပွဲနှိုက်တောင်နဲ့ပက်သက်ပြီး‥"



www.burmeseclassic.com

 www.burmeseclassic.com 

"ဟင်..သမီးတို့က ပုဇွန်တောင်မှာနေဖို့တောင် စဉ်းစားပြီးနေပြီ လား"

"အင်..အာ..အဖေကလဲ..စကားကို ဆုံးအောင်နားမထောင်ဘဲ ထင်ရာ တွေ လျှောက်ပြောနေပြီ.."

ဆုမြတ်မိုးက သူတို့နှစ်ဦး ပုဇွန်တောင်ဖြစ်ပေါ်လာပုံနှင့်ပတ်သက်ပြီး အငြင်းပွားနေသည်ကို ရှင်းပြသည်။ ဦးဘဆိုင်က...

"သမီးတို့ သိတာတွေက မှားနေတယ်.."

"ရှင်"

"ဗျာ"

"သမီးတို့ နှစ်ယောက်စလုံးမှားတယ်..အမှန်က အင်္ဂလိပ်ရေတပ် သင်္ဘောတွေ ပုဇွန်တောင်ချောင်းထဲကျောက်ချပြီးရန်ကုန်ကို သိမ်းဖို့ စီစဉ် နေတုန်းမှာ သတ္တိရှိတဲ့ ဗမာတွေက သင်္ဘောပေါ်အတင်းတက်ပြီး တိုက်တယ်။ အဲဒီမှာ သင်္ဘောပေါ်က ရေတပ်အရာရှိက တက်လာတဲ့ဗမာ တွေကို ပွတ်ရှုံဟင်းဒေါင်းလို့ အော်ရာက ပုဇွန်တောင်ဖြစ်လာတာပဲ.."

ခန့်သော်လင်းနှင့်ဆုမြတ်မိုးတို့ အပြန်အလှန် မျက်စောင်းထိုးကြည့်ရင်း ငိုင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ခန့်သော်လင်းနှင့် ဆုမြတ်မိုးတို့သည် နီးတကျက်ကျက် ဝေးတသက်သက်၊ မနီးမဝေးတဆူဆူဖြင့် သံယောဇဉ်နှောင်ထုံးဖွဲ့သီလာခဲ့ကြ၏။

ဒါပေမဲ့ ခန့်သော်လင်း၏ ချစ်ကြမ္မာကံက ချစ်ဗိမာန်နန်းပျံသန်းရင်းနှင့် အတောင်ကျိုးခဲ့ရသလို ချစ်အားငယ်ရသူ ဖြစ်ခဲ့ရသည်။

ဆုမြတ်မိုးက သူမှာ တိတ်တခိုးစိတ်ဝင်စားသော ကောင်လေးတစ်ယောက်ရှိနေကြောင်း တိုးတိုးတိတ်တိတ်ဖွင့်ဟတိုင်ပင်လာသောအခါ ခန့်သော်လင်း သည်းကြွေလိုက်ပါ ရင်နှင့်တုန်ခါခံစားရလေသည်။

ဆုမြတ်မိုး တိုင်ပင်သမျှကို ဟာသတွေလုပ်၍ အရေးမစိုက် အပျက်ကချော်လုပ်သော်လည်း ရင်ထဲက အပူကိုတော့ငြိမ်းမရခဲ့ပေ။

အချစ်ဆိုသည်မှာ အကျွမ်းတဝင်ရှိ တိုင်းလက်ရာကောင်းတွေဖြစ်လာပါ။

သေသေသပ်သပ်ထုဆစ်ထားသော နှလုံးသားထက်ကမ္ပည်းတင်ထားသည့် ချစ်ရသူကိုဘယ်အငြိုးတွေကြောင့် ချော်ရည်ပူတွေနှင့် ဖုံးအုပ်သွားပါလိမ့်။

ဆုမြတ်မိုးက သူမ ကြိုက်နေသော ကောင်လေးကို တွေ့နေမြင်နေရသော်လည်း အိမ်ခြေ့ဆည်နေရသည်ကို အားမလိုအားမရဖြစ်နေသည်။



www.burmeseclassic.com

"နေစမ်းပါဦး..နှင်က သူ့ကိုသဘောကျရအောင်သူ့မှာ မယားကြီးတွေ ဘာတွေရှိနေရင်ဘယ်လို လုပ်မလဲ.."

"ကောင်စုတ်..နှင်မညစ်ပတ်နဲ့နော်..ဒီကောင်လေးက ရည်စားတောင်ရှိမှာမဟုတ်သေးဘူး..သူ့ဘာသာသူကျောင်းစာပဲ ကြိုးစားနေတာ.."

"နှင်ကလဲဟာ..သူ့အတ္တုပ္ပတ္တိကို အပ်တစ်ပေါက်စာတောင်မသိဘဲနဲ့..နှင်တို့ မိန်းကလေးတွေခက်တယ်.. ကိုယ်ကဲတော့ စိတ်ထဲကနေ ခရီးဆုံးတဲ့အထိ ကြည်နူးနေတာ..ဟိုဘက်ကနှင်နဲ့တွေ့ဖို့တောင် မြေမြှုပ်မိုင်းနင်းမိမှာကြောက်တဲ့ ဂျာနယ်လစ်လို ဖြစ်နေမလားမသိဘူး.."

ခန့်သော်လင်းက မညှာမတာပြောသော်လည်း ဆုမြတ်မိုးက မဖြုံပေ။

"နှင်ကလေ..သူများတကာကို သိပ်မစ္ဆရိယစိတ်ထားတာပဲ..အဲဒီကောင်လေးနဲ့ ရည်စားဖြစ်သွားမှာကို နှင်မနာလိုဖြစ်နေတယ်မဟုတ်လား"

"အံမာ..ဝေးသေး..နှင့်ရဲ့တစ်ဘက်သတ်အချစ်ကြီးကို ကြည့်ပြီး သနားနေတာ..ကောင်လေးက ဘာမှအချက်ပြသေးတာမဟုတ်ဘူး..နင့်ဘက်က အလျှံအိမ်မှတ်ပြီး စွပ်ဝင်ချင်နေတာ..ရုပ်ရှင်မင်းသားနေတိုးမျက်နှာဖုံးတပ်ထားတဲ့ ဦးမိုးဒီကြီးဖြစ်နေရင် ဘယ်လိုလုပ်မလဲ..အဲဒီကျမှ ပွင့်နဲ့မနဲ့လေးလေသံထပ်တူကျပြီး ငယ်သံပါအောင်နှင်အော်နေရမယ်.."

"ဘာပဲပြောပြောဟာ..နှင်ဒီကောင်လေးနဲ့ပတ်သက်ပြီး ငါနဲ့သူ့ကြားဝင်မရှုပ်နဲ့.."

ဆုမြတ်မိုးက အထက်စီးလေသံဖြင့် အမိန့်ပေးသည်။

"အေးပါဟာ..နှင့်ဘာသာနင် ကိုရီးယားကားတွေထဲကလို ကြောင်တာ ငါဝင်မစွက်ဖက်ဘူး..ဒါပေမဲ့တစ်ခုတော့ရှိတယ်..နှင့်အဖေကိုတော့ တိုင်ရမယ်.."

"ဟဲ့အကောင်..ငါ့အဖေနဲ့ဘာဆိုင်လို့လဲ.."



www.burmeseclassic.com

www.burmeseclassic.com


ဆုမြတ်မိုးက အလန့်တကြားမေးသည်။ ခန့်သော်လင်းက ဆုမြတ်မိုးအားနည်းချက်ကို သိသဖြင့် အညှာကိုင်လိုက်ခြင်းဖြစ်၏။

"ဘာပဲဖြစ်ဖြစ်ငါကတော့ နင့်ကိုတိုင်ရမှာပဲ..ဟဲ.ဟဲ.."

"ခန့်သော်လင်း..နင်ငါ့အကြောင်းကို သိတယ်နော်.."

ဆုမြတ်မိုးက ခနော်နီခနော်နဲ့ စားပွဲခုံလေးကို လက်သီးဆုပ်လေးနှင့်တစ်ချက်ထုလိုက်သည်။ ခန့်သော်လင်းက ဒူးနန့်နေသည်။

အဲဒီမှာ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆုမြတ်မိုးအဖေသည် တိုက်ပုံအင်္ကျီဝတ်၍ ကင်းတဲသို့ ဝင်လာသည်။

"ဟာ..အတော်ပဲ..ဟိုမှာ..နင့်ဒယ်ဒီကြီး.."

"ဟာ..အဖေပါလား..ကျောင်းထဲဘာလာလုပ်တာလဲ.."

ဦးဘဆိုင်က ဆုမြတ်မိုးတို့ကို မြင်သွားသည်။ ခေါင်းတချက်ကုတ်၍သူတို့စားပွဲကိုလျှောက်လာသည်။

"အဖေ..သမီးနောက်ကိုလိုက်ချောင်းနေတာလား.."

"အေး..အာဟုတ်ပါဘူး..မြန်မာစာမေဂျာက အဖေ့သူငယ်ချင်းဆရာတစ်ယောက်ဆီလာတာပါ.."

"ဦးလေး..ထိုင်ပါဦး..တစ်ခုခုဝယ်စားလေ.."

ခန့်သော်လင်းက မျက်နှာပြောင်နေရာ ဆုမြတ်မိုးက မျက်စောင်းတွေခဲနေရသည်။

"ဦးလေး..နေကောင်းတယ်နော်.."

"အေး..မင်းရော..ထမင်းစားပြီးပလား.."

ဦးဘဆိုင်က စကားပြောလျှင် အင်းအဲဆိုသလို ယောင်လည်းယောင်တတ်သူဖြစ်သည်။

အဖေနှင့်သမီးဆန့်ကျင်ဘက်။


www.burmeseclassic.com

www.burmeseclassic.com



အဖေက သစ်ငုတ်။ သမီးက လျှပ်ပလာ။

"ဦးလေးကို ကျွန်တော်တစ်ခုပြောစရာရှိတယ်"

"ခန့်..သော်..လင်း..နင်..နော်.."

ဆုမြတ်မိုးက အသံမာမာနှင့် သတိပေးဟန့်သည်။

"အေး..ပြောလကွာ.."

"ဟဲ့ ဆုမြတ်မိုး..ငါပြောလိုက်ရမလား.."

ဦးဘဆိုင်က ဆုမြတ်မိုးကို တစ်ချက်လှမ်းကြည့်သည်။

"ခန့်သော်လင်း..နင်မပြောရင်ကောင်းမယ်နော်.."

"ငါပြောမှဖြစ်မယ်..ဒါမှရင်ထဲပေါ့သွားမှာ.."

ဦးဘဆိုင်က ခန့်သော်လင်းကို အူတူတူနှင့်ကြည့်ပြန်သည်။

"ငါပြောပြလိုက်တော့မယ်နော်..ဆုမြတ်.."

"ပြောဟာ..ပြော..နင်ပြောပြီးတာနဲ့ငါ့ကို တစ်သက်လုံး အပေါင်းအသင်းလာမလုပ်နဲ့..နင်နဲ့ငါ သူငယ်ချင်းအဖြစ်က ရပ်စဲပြီ.."

ဆုမြတ်မိုးက ဒေါသဖြစ်ဖြစ်နှင့်အော်ပြောသည်။

"ဒီလို..ဦးလေးရယ်.."

ဆုမြတ်မိုးက မျက်ထောင့်အနီရောင်အဆင့်မှ မှန်တိုင်းငယ်အသွင်သို့ ကူးပြောင်းမည့်အလား ကြည့်နေသည်။

"ကျွန်တော်ကပြောတယ်..ဆုမြတ်မိုးက လက်မခံဘူး.."

"ဟေ..မင်းက ဘာပြောလို့လဲ.."

ဦးဘဆိုင်က ဖြတ်၍ဝင်မေးသည်။

"ကျွန်တော်က ဦးလေးဆီက ပိုက်ဆံတစ်သောင်းလောက်ချေးချင်လို့ ..အဲဒါကို ဆုမြတ်မိုးက တားနေတယ်.."

ဆုမြတ်မိုးမျက်ဝန်းက မှန်တိုင်းငယ်အဆင့်က လျော့ကျသွားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခန့်သော်လင်းကို အစိမ်းလိုက်အခွံမသင်ဘဲ ဝါးစားချင်စိတ်တွေပေါ်နေ၏။

"ဩော်..အေး..ရပါတယ်..ငွေတစ်သောင်း..အခုယူသွားမလား.."

"ဟီး..ပါရင်တော့ပေးခဲ့ပါ.."

ဦးဘဆိုင်က အားတုံ့အားနာဖြင့် အိတ်ထဲမှငွေတစ်သောင်းထုတ်ပေးရင်း..

"သမီးကလဲ..သူငယ်ချင်းအချင်းချင်း..အခက်အခဲဖြစ်နေတာပဲ..ကူညီပေါ့..ဒီကိစ္စလေးနဲ့အပေါင်းအသင်း မိတ်မပျက်စေနဲ့လေ.."

"ဟုတ်တယ်..ဦးလေးရဲ့ သူကဦးလေးကို မပြောပေးတာ.."

"အဖေ..မသိဘူးနော်..ဟင်း.."

"သိတာပေါ့..သမီးရယ်..သမီးသူငယ်ချင်းပဲ.."

"ကျွန်တော်ကျောင်းပြီးရင် ဆက်ဆက်ပြန်ဆပ်ပါ့မယ်..ဟဲဟဲ..ဆုမြတ်..နင့်ကို ငါညာလိုက်တာနော်..နို့မို့ဆို သနားစရာသတ္တဝါလေးအဖြစ်နဲ့ ပလူတိုဂြိုဟ်ပေါ်ဘုံထုတ်ခံနေရမှာ..ဟီး.."

"နင်..တော်တော်ရှုပ်တဲ့ကောင်ပဲ..ခန့်သော်လင်း"

ဆုမြတ်မိုးက အပြစ်တင်ရခက်၊ စိတ်ဆိုးရခက်၊ ခန့်သော်လင်းကတော့ငွေ တစ်သောင်းလျောလျောရှုရှုအိတ်ထဲဝင်လာသည်။

မရည်ရွယ်ဘဲ ဆုမြတ်မိုးကို နောက်နေရာက ဦးဘဆိုင်ဆိုသည့်အားနာသူကြီးကို ဒုက္ခပေးသလိုဖြစ်သွားသည်။

အတည်ပေါက်နှင့်ယူထားမိသော ငွေတစ်သောင်းသည် နောက်နှစ်ရက်တွင် အသုံးစရိတ်ခေါင်းစဉ်ခွဲတစ်ခုထဲဝင်သွားခဲ့သည်။

ပင်မ အသုံးစရိတ်ဖြစ်သော အဆောင်လခပင် တစ်လချင်းသွင်း၍ တောင်းတောင်းပန်ပန် ကျောင်းပြီးသည်အထိ နေရမည်။



www.burmeseclassic.com

 www.burmeseclassic.com 

ပထမနှစ်အောင်စာရင်းထွက်သောအခါ ခန့်သော်လင်းက တစ်နှစ်လုံး ပေါးလားဝါးလားတွေများနေသဖြင့် စာမေးပွဲကျတော့သည်။ ဆုမြတ်မိုးက နောက်တစ်တန်း ဒုတိယနှစ်တက်သွားသည်။

ခန့်သော်လင်းကညစ်ပြီး အဝေးသင်ယူလိုက်သောအခါ ဆုမြတ်မိုးနှင့် တွေ့ဖို့မရှိတော့ပေ။

နောက်ဆုံးကြားရသောသတင်းက ဆုမြတ်မိုးသူ တိတ်တခိုးကြိုက်နေသော ကောင်လေးနှင့်ရင်းနှီးသွားကာ သမီးရည်းစားအဆင့်တက်သွားခြင်း နှင့် သိပ်မကြာခင်ကောင်လေးက ကျောင်းပြီးကာနိုင်ငံခြားသွားပြီး မိဘ သဘောတူတဲ့သူနှင့် လက်ထပ်တော့မှာမို့ ဆုမြတ်မိုးအသည်းကွဲခဲ့ရသည်။

ခန့်သော်လင်းက ရည်ရွယ်ချက်မရှိဘဲယူထားမိသော ငွေတစ်သောင်း အား ဦးဘဆိုင်ကိုရော ဆုမြတ်မိုးကိုပါ မဆပ်ဖြစ်။

ဘဝကခါးသီးလွန်းသဖြင့် ဝါးတီး ပါခက်နေသည်။ ကြွေးမြီအဟောင်း အမြင်းကိစ္စကိုတော့ လုံးဝကိုထည့် မစဉ်းစားနိုင်သေး။

အခုဦးဘဆိုင်ဘဝတစ်ပါးသို့ ဗီဇာရပြီး ထွက်သွားပြီ။ ခန့်သော်လင်း လည်း သံသရာအကြွေးပူးတွဲပါသွားသည်။

နာရေးဖိတ်စာကိုဖတ်ကြည့်တော့ ဆုမြတ်မိုးတစ်ယောက်သာ အိမ်ထောင်မပြုဘဲရှိနေသည်။

နောက်တက် မောင်နှမတွေက ရှေ့နောက် တွေမှာ(+)တွေနှင့်။

ယောကျ်ားတွေကိုစိတ်နာ၍ အိမ်ထောင်မပြုဘဲ အပျိုကြီးစာရင်း ချိတ်လုနီးနီးဆုမြတ်မိုးတစ်ယောက် ခန့်သော်လင်းကို တွေ့လျှင် အရင်လိုပဲ ဘုတောဦးမလား၊ ရန်ဖြစ်ဦးမလား အချေအတင်စကားများဦးမလား မပြောတတ်ပေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

အတိတ်မှ ပစ္စုပ္ပန်သို့ ပြန်ရောက်သွားသော ခန့်သော်လင်းသည် မထင်မှတ်ဘဲ တပြိုင်တည်းစုပြုံဝင်လာသော ဖိတ်စာသုံးစောင်ကြောင့် စိတ်လေနေရ၏။

သူရေးထားသော အကြွေးတွေနှင့်မကင်းသော သူတွေဖိတ် ကြားသလို သူနှင့်လည်းသံယောဇဉ်မကင်းပေ။

"ရော့..အင့်...နင်တို့အကြွေး..အတိုးတွေနဲ့ပါပေါင်းယူ"ဆိုသော စကားမျိုး ခန့်သော်လင်းခုချိန်တွင် ပြောတတ်သော်လည်းမပြောနိုင်။

အနိမ့်ဆုံး လခစားအလုပ်ဝင်လုပ်ပြီး တစ်ဝမ်းတစ်ခါးကျောင်းနေရသော ခန့်သော်လင်းသည် တစ်လထက်တစ်လလည်ပင်းဇလုပ်အထိ အကြွေးတွေ ဘက်နေ၏။ ရပေါက်ကတစ်ပဲသားရှိပြီး ကုန်ပေါက်ကတစ်ပိဿာကျော်နေသည်။

ဘယ်လိုဘယ်ပုံနှင့်အတိတ်က အကြွေးတွေကို ဆပ်ရမည်မှန်းမသိ။ လက်ရှိအကြွေးတွေကိုလည်း မဆပ်နိုင်သေး။

လွှမ်းမိုးသီချင်းထဲကလို ကြွေးပတ်လည်ဝိုင်းနေသည်။ တစ်ကိုယ်ရည်



www.burmeseclassic.com

 www.burmeseclassic.com 

တစ်ကာယသမားဖြစ်သော် ဗြားတစ်ယောက်တည်းနှင့် ကြွေးထူနေသည်။

ခန့်သော်လင်းမိတ်ဟောင်း ဆွေဟောင်းတွေဆီသွားရမှာထက် အကြွေး ပေးရမှာ ဝန်လေးနေသည်။ အကြွေးပေးရမှာထက် သူတို့ဆီသွားလျှင် လက်ဗလာသက်သက်သွားလို့မှ မရတာ။

ချိုနွယ်ကျော်ရဲ့ မင်္ဂလာဆောင်မှာ လက်ဖွဲ့ပစ္စည်းပေးရမည်။

ကျော်အောင်ထက်နှင့်လဲ့လဲ့ဝင်းတို့သားလေးမွေးနေ့မှာ မွေးနေ့ လက်ဆောင်ပေးရမည်။

ဦးဘဆိုင်ရက်လည်ကူငွေလည်း ထည့်ရမည်။

အဲဒီအတွက် လမကုန်ခင်တစ်ယောက်ယောက်ဆီက အကြွေးထပ်ယူ ရမည်။

အိမ်အတူတူငှားနေသော သီချင်းရေးဆရာဘော်ဒါကလည်း ကိုယ့်လို ပဲ ဖွတ်အင်တာနေရှင်နယ်ဝင်သည်။

ဘေးပတ်ဝန်းကျင်မှာလည်း ဆန်တွေဆီတွေ ချေးငှားထားတာ ကုန်စုံဆိုင်တစ်ဆိုင်စာရှိနေသည်။

ရုံးတွင်လည်း ဝန်ထမ်းတိုင်းလိုလို ခန့်သော်လင်း ငွေမချေးဖူးသူကမရှိ သန့်ရှင်းရေး အဘွားကြီးဆီကတောင် ငါးရာလောက်ချေးဖူးသည်။

သက်ပြင်းချတိုင်း ငွေစက္ကူတွေ အလိပ်လိုက်ထွက်လာရင်ကောင်းမှာ ပဲဟု ခန့်သော်လင်းတွေးနေမိသည်။

ဒါဆိုလျှင် မနက်မှစ၍ ယခုထိုင်တွေး နေသည့်အချိန်အတောအတွင်း ဆို··ငွေစက္ကူတွေ သူ့တစ်ကိုယ်လုံး မြုပ်နေလောက်ပြီ။

ထရုံတွင်ကပ်ထားသော အချုပ်တန်းဆရာဖေရဲ့ကဗျာလေးကို သာ ရွတ်ဖတ်မိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ငွေမျက်နှာ

သည်ခေတ်တွင်သည်ကာလ
ငွေစတဲ့ရှေ့ဆောင်
မွဲရင်ဖြင့်လူ့ဘောင်မှာ
ခွေးတောင်မှမလေး..
ဘူးတောင်းနှစ်တောင်ခြမ်းပေါ်
ပုံဆိုသော်မဝေး။
တစ်ဝမ်းဝင်တစ်မိမွေးသော်မှ
ငွေပေးမှချစ်ကြည်။
ဆွေမျိုးကို မဆိုထားနှင့်
ငွေအားသာဖြစ်တော့သည်..
ဖြဟ္မာစိုရ်လေးမည် မတည်ကြည်ကုန်ကင်းလို့
ငွေအရင်း မင်းမှုလုတာ
တင့်တယ်လှစွာ
လူရုတတ်မျက်နှာငယ်
စက္ကူဝါနယ်ဝန်းသို့လေး။



www.burmeseclassic.com

www.burmeseclassic.com


ခန့်သော်လင်း ပျင်းပျင်းရိရိနှင့် အိမ်မှာ ခွေနေသည်။ ဖိတ်စာသ
စောင်အရ သွားရမယ့်နေရာတွေနှင့် ပေးရမယ့်ပစ္စည်းတွေကို တွက်ရ
ရင်မောနေသည်။

လစာကလည်း တစ်ဝက်ကြိုထုတ်သုံးထားတာ ခုလ ကုန်ခါန
ထပ်ထုတ်၍မရပေ။ ရပ်ကွက်ထဲလှည့်ထားတာတွေလည်း လူစုံနေပြီ။

အတူနေသူသီချင်းရေးဆရာ မှကျော်ဝေးကလဲ သီချင်းတစ်ပုဒ်
နှစ်ပတ်လောက်ရေးပြီး သီချင်းရေးခကို တစ်ရက်တည်းနှင့်သုံးဖြုန်းပစ်သ
သူတွင်ပိုက်ဆံမှ လွဲ၍ အခြားအပိုတွေတော့ရှိသည်။ ရောင်းစားလို့မရ
အပိုပစ္စည်းတွေ။

"တောက်ကွာ..ဘယ်သူ့ဆီက လှည့်ရမှန်းကိုမသိဘူး..ခုနေ ပုံပြ
ထဲကလို အာလာဒင်မီးခွက်စောင့်ဘီလူးပေါ်လာရင် ဘယ်လော
ကောင်းမလဲ..အရှည်ပြောမနေဘူး ကျွန်တော့်ကို ငွေနည်းနည်းလော
လှည့်စမ်းပါလို့ပဲ ပြောရမယ်.."

ခန့်သော်လင်းယောင်၍ အိမ်ရှေ့က ဖြတ်သွားတဲ့သူကိုသွားမကြည
လေနှင့် သူနဲ့မကင်းရာမကင်းကြောင်း အကြွေးရှိသူတွေချည်းပဲ။ လမ်းဘ
ထက်တောင်စန်းပွင့်သေးသည်။

"ဟော့..ခန့်..ခန့်.."

အသံသြသြကြီးတစ်သံအိမ်ရှေ့မှ ကြားရသဖြင့် ခန့်သော်လင်းထွ
ကြည့်သည်။

"ဟာ..ဦးလေးပါလား.."

"ဟော့ကောင်..ဘာကြောင်နေတာလဲ..အိမ်ထဲခေါ်လေကွာ..မင်းပုံ
ကလဲဂျပန်တွေ ချွေးတပ်ဆွဲမှာကြောက်လို့ အိမ်ထဲဝင်ပုန်းနေတဲ့ကောင်က
နေတာပဲ.."


www.burmeseclassic.com

ခန့်သော်လင်း၏ နယ်မှအဖေရဲ့ညီအရင်း ဦးလေးအစစ်ကြီးဖြစ်သည်။ ...လိပ်စာအရ လိုက်လာခြင်းပင်။

"ဦးလေး··ဘာကိစ္စနဲ့လာတာလဲ··"

"မပြောချင်ပါဘူးကွာ··မင်းအဖေပေါ့··"

"ဗျာ··ကျွန်တော့်အဖေ··ဘာ··ဘာဖြစ်လို့လဲ··"

"မင်းဘာတွေလုပ်နေသလဲ··ငါ့ကိုစုံစမ်းခိုင်းလိုက်တာ··တစ်ကြောင်း ...··နောက်တစ်ကြောင်းက ရန်ကုန်မှာ ဘုရားဖူးရင်းနဲ့ပေါ့··"

"ဦးလေးက ဒီမှာတည်းမှာလား"

"အမလေး··မင်းရဲ့စာဗူးတောင်းသိုက်လောက်တောင် မကျယ်တဲ့အိမ် ...းမှာ ငါမတည်းပါရစေနဲ့ကွာ··ငါဘာသာငါဘုန်းကြီးကျောင်းမှာ ...ည်းပါရစေ··ငါနဲ့အတူ ရွာကဘုရားဖူးအုပ်စုလဲပါလာသေးတယ်ကွ··"

ခန့်သော်လင်းသက်ပြင်းဖိစိလေးချမိသည်။

"ဒါနဲ့··မင်းကို ရောက်တုန်းရောက်ခိုက်မေးရဦးမယ်"

"ဘာ··ဘာမေးမလို့လဲ··"

"မင်း မိန်းမယူထားသေးလား··"

"ဟာဗျာ··ဦးလေးကလဲ··ကိုယ့်ဘာသာကိုယ်တစ်ယောက်တည်းနေတာ ...ောင် မလောက်မငှဖြစ်နေရတဲ့အထဲ··ဘယ်က မိန်းမက ရှာယူရမှာလဲ··"

"ထင်သားပဲ··ဒါနဲ့··မင်းရည်းစားတွေဘာတွေရောရပြီလား"

"ရဖို့နေနေသာ··အိမ်မှာတောင် မော်လ်ဒယ်ပုံပြကွဒိန်ကပ်မထားဘူး"

"မင်းကွာ··တော်တော်ပုံတုံးတဲ့ကောင်··မင်းအသက်ပဲအခု ...ာ်တော်ကြီးနေပြီ မင်းအဖေက မင်းကိုအိမ်ထောင်ပြုဖို့နေရာချထားပေး ...ဲ့ကိစ္စငါ့ကို မေးခိုင်းလိုက်တာကွ··မင်းမှာ ချစ်သူမရှိရင် သူပေးစားတဲ့ ...းမကို ယူရလိမ့်မယ်··"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..ဟာ..အဖေကလဲ..ဘာတွေလျှောက်လုပ်နေပြန်ပြီလဲ.."

"မင်းအဖေလုပ်တာမှန်တယ်ကွ..အခု မင်းကိုနေရာချထားပေးမ
မိန်းမကိုတောင် သူရွေးထားပြီးပြီ.."

"ဘယ်ကလဲ..ဘယ်သူလဲ.."

"ဒါကိုငါပြောပိုင်ခွင့်မရှိဘူး..မင်းအဖေဇာတ်ဆရာကြီးအကြော
မင်းသိသားနဲ့ ငါတောင်သိခွင့်မရှိဘူး..ဘာပဲဖြစ်ဖြစ် မင်းကို သူမှာလို
တယ်..မင်းမှာရည်းစားမရှိရင် သူပေးစားတဲ့သူနဲ့ယူရမယ်တဲ့"

"သေချင်တာပဲ..ဦးလေးရာ..ကျွန်တော်ဒီအချိန်မှာ မိန်းမကိစ္စ
မစဉ်းစားချင်သေးဘူး..ပြဿနာပဲ.."

"နေပါဦး..မင်းကလူပျိုလေးဖြစ်ပြီး ဘာတွေကျပ်နေရတာလဲ.."

ဦးလေးအမေးကို ခန့်သော်လင်းဖြေဆိုဖို့ တော်တော်စဉ်းစားရသည်
ခန့်သော်လင်းလည်း သူ့ရဲ့အကြွေးသံသရာမပြီးဆုံးသောအကြောင်းကို စိ
ပျက်လက်ပျက်ပြောပြရှာသည်။

"ကျွန်တော်မိန်းမယူဖို့ထက် အကြွေးတွေဆပ်နိုင်ဖို့က အရေးကြ
တယ်..အဖေ့ကိုပြောလိုက်ပါ..လက်ရှိအကြွေးတွေကို ဆပ်ပေးရင်မိန်းမ
မယ့်ကိစ္စစဉ်းစားမယ်လို့..အခု လောလောဆယ် ချစ်ရကြိုက်ရမယ့်ကိ
ခေါင်းထဲကို မရှိသေးဘူး.."

"ငါကတော့ ပြောပေးလို့ရတယ်..မင်းအဖေအကြောင်းလဲမင်းသိ
အတိုင်းပဲ ဗူးဆိုဖရုံမသီးတတ်ဘူးကွ..သူ့သဘောထားကို ငါလည်းမလ
ဆန်နိုင်ဘူး..ဒါမှမဟုတ်ရင် အခု ဒီတစ်ပတ်ငါရွာပြန်ရင်မင်းလိုက်ခဲ့
လား..မင်းအဖေနဲ့စကားပြောကြည့်လေ.."

"ဒီရက်ပိုင်းအတွင်း ကျွန်တော်မလိုက်နိုင်သေးဘူး"

"ဟေ..မင်းက ဘာကိစ္စတွေ ရှိပြန်သလဲ.."



www.burmeseclassic.com

www.burmeseclassic.com

ခန့်သော်လင်းက မသွားမဖြစ်သွားရမည့် ဖိတ်စာသုံးစောင်ကို ထုတ်ပြသည်။ ဦးလေးဖြစ်သူက မခိုးမခန့်တစ်ချက်ပြုံး၍…

"မင်းဟာကလဲ..သနားစရာအတော်ကောင်းနေပါလား..ဘုရားသွားပြီး ယတြာလေးဘာလေးချေဦး.."

"ဟုတ်တယ်..ဦးလေးရယ်..ကျွန်တော်ပဲဘုရားတရားနဲ့ဝေးနေလို့လားမသိဘူး..အဲဒီနေ့ကျမှ မနက်စောစောကမ္ဘာအေးဘုရားမှာ ဘုရှားရှိခိုးရင်းအညှံ့တွေ ပြေပျောက်ပါစေဆုတောင်းရမှာပဲ.."

"အေးကွာ..ဗေဒင်လေးဘာလေးလဲမေးဦး..ဒါနဲ့ မင်းမွေးနေ့ကျော်ပြီလား..တစ်ချို့က မွေးနေ့ကျော်ရင် ကောင်းသွားတတ်တယ်ကွ.."

ဦးလေးက တတ်သလောက်မှတ်တလောက်ပြောပြရှာသည်။

"ငါလဲ ဒီဘက်လမ်းကြုံလို့ ဝင်လာတာပါကွာ..မင်းအဖေကတော့ မင်းရွာပြန်လာတာနဲ့ မိန်းမပေးစားဖို့ စီစဉ်ပြီးသားကွ.."

"အဖေကတော့လေ..ရွာထဲကတောသူတွေနဲ့ထင်တယ်.."

"ဘာလဲ..မင်းကမယူချင်ဘူးလား.."

"မယူချင်လဲ ရမှမရတာ..ဦးလေးလဲ အဖေ့အကြောင်းသိတာပဲ..ဓာတ်ပွဲထောင်တာတောင် သူ့လက်သူ့ခြေချည်းပဲ..မင်းသားတွေ မင်းသမီးတွေမမြဲတာပဲကြည့်လေ..မိုးရွာလို့ ပွဲပျက်နေတာတောင် သူရေးထားတဲ့ပြဇာတ်ထုပ်ကို အတင်းကပြနေတုန်း.."

"ပြီးတော့..ကျွန်တော့်ကိုတောင် ဓာတ်မင်းသားမလုပ်လို့ ခြောက်လလောက်အခေါ်အပြောမလုပ်ဘူး.."

"ပြောပြန်ရင်လဲ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာကျပါတယ်..အေး..အေး..ငါသွားဦးမယ်..မင်းလဲရွာပြန်ဦး.."

"စိတ်ချပါ..ထီပေါက်တာနဲ့ ရွာပြန်လာပါ့မယ်.."


www.burmeseclassic.com

"လောလောဆယ် ထီထိုးဖို့ပိုက်ဆံမရှိတာနဲ့ မထိုးဖြစ်သေးဘူးဆ
.. ဟေး..ဟေး.."

ဦးလေးလည်း ခန့်သော်လင်းကို နှုတ်ဆက်၍ ထွက်သွားသည်။

ဦးလေးတစ်ယောက်လာတာတောင် တိုက်စရာကော်ဖီမရှိသဖြင့် ရေသာတိုက်လိုက်ရ၏။ ဦးလေးပြန်သွားတော့ ခန့်သော်လင်းတွေးရသည်။

"အဖေက ငါ့အခြေအနေကို ဦးလေးကနေတဆင့် စုံစမ်းခိုင်းလိုက် ပုံပဲ..ကောင်းတယ်..ငါအကြွေးထူနေတာသိရင် ငွေပို့ပေးမှာပဲ..သူယူခိုင်း တဲ့ မိန်းမကိုနောက်မှ ရှင်းမယ်.."

ခန့်သော်လင်းလည်း သူ့တွက်ကိန်းနှင့် သူဟုတ်နေသည်။

"အဖေပြောလဲ ပြောချင်စရာပဲ..ငါက အခုအသက်အရွယ်အထိ မိန်းမရဖို့ နေနေသာ..ရည်းစားတောင်မရှိသေးဘူး..ကျောင်းတုန်းကကြောင် ခဲ့တဲ့ကောင်မလေးတွေလည်း လင်ယူသားမွေး ဖြစ်ကုန်ပြီ..ဪ.. ချိုနွယ်ကျော်..နင်သာ လင်မယူသေးရင်လည်း ငါနဲ့ရမှာမဟုတ်ပါဘူး.."

ခန့်သော်လင်း ချိုနွယ်ကျော်ကိုသတိရနေသေးသည်။ ထိုစဉ် အိမ် ရှေ့မှ ဈေးသည်ရဲ့ အော်သံကြားရသည်။

"ရွှေရင်အေး..ပေါင်မုန့်အုန်းနို့ဆမ်း.."

ခန့်သော်လင်း မျက်လုံးဝင်းပသွားသည်။

"ဟာ..အန်တီစန်း..ဟိုတစ်နေ့က ပွဲခရထားတယ်..သူ့ဆီက ငွေ သွားချေးရမယ်..ဟုတ်ပြီ.."

လမ်းမှူးမိန်းမ ဒေါ်စန်းမြင့်ဆီက ငွေတစ်ထောင်ကို နားပူခံပြီး ချေး လိုက်ရသည်။

မတတ်နိုင်ပေ။ လမ်းထဲမှာ ချေးစရာလူဆိုလို့ ဒေါ်စန်းမြင့် ပဲကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ခန့်သော်လင်းချေးရသည့်ငွေဖြင့် အင်္ကျီဖြူအပေါ်စားတစ်ထည်ဝယ်၍ ဆေါင်ထားသောပုဆိုးလေးကို ရွေးလိုက်သည်။

မင်္ဂလာလက်ဖွဲ့အဖြစ် ထောင်ကျော်တန် ဓာတ်ဗူးလေးတစ်လုံး ဝယ်လိုက်၏။

ကလေးမွေးနေ့လက်ဆောင်အဖြစ် ခါတ်ခဲထည့်လျှင် ဒင်းဒေါင် အသံမြည်သော ကလေးကစားစရာ စန္ဒားရားလေးဝယ်လိုက်သည်။

ငွေနှစ်ထောင်လောက်တော့ ရက်လည်ကူငွေထည့်လိုက်မည်။

ကျန်တာတွေက ကားခသာကျန်တော့သည်။

ချို့နှယ်ကျော်တို့ မင်္ဂလာဆောင်က ဇဝနမ့တ်တိုင်ရှိ ကျွန်းရွှေဝါခန်းမ အွင် နေ့လည်(၁)နာရီ မှ (၃)နာရီအထိ။

ကျော်အောင်ထက်တို့ကလေး မွေးနေ့က နံနက်ပိုင်း (၁၀) နာရီ နောက်ပိုင်း။ သူတို့အိမ်က မြောက်ဒဂုံ (၁၂၅) ရပ်ကွက်မှာ။ (အရင်နေသော အိမ်လေးကို အပိုင်ဝယ်လိုက်သည်)

ဆုမြတ်မိုးတို့အိမ်က မြောက်ဥက္ကလာမှာ။

လမ်းကြောင်းဆွဲလိုက်တော့ ဆုမြတ်မိုးတို့အိမ်ကို အရင်သွားရမည်။

အဲဒီကနေတစ်ဆင့် ကျော်အောင်ထက်တို့ ကလေးမွေးနေ့ရှိရာ မြောက်ဒဂုံကို လမ်းသင့်သဖြင့်သွားရမည်။ မြောက်ဒဂုံက ပြန်ထွက်မှ ဇဝနကိုဆက်သွားရမည်။

ကားခတွေစီကာရီကာကုန်တော့မည်။ တစ်ယောက်တည်းပဲ သွားရမည်။ ဖိတ်စာတွင်လိပ်စာပါသဖြင့်ရှာရမှာ သိပ်မခဲယဉ်းပေ။

အဆင်မသင့်လျှင် ဆိုက်ကားငှားစီးရမဲ့ကိန်းလည်း မြင်သည်။ အခုခန့်သော်လင်းငှားနေတာက တောင်ဥက္ကလာ (၁၃) ရပ်ကွက်တွင်။

အတူတူငှားနေသော သီချင်းရေးဆရာမှုကျော်ဝေးက အဆိုတော်သစ်


www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးနှင့် တွေ့ရန်ရှိသဖြင့် အိမ်ကိုသွားလျှင်သော့ပိတ်သွားမည်။

ခန့်သော်လင်းကနေအိမ်မှ နံနက် (၀၆၃၀) ခန့်တွင်တစ်ကိုယ်တည်း ထွက်ခဲ့လေသည်။

ထွက်ထွက်ချင်းဘေးအိမ်ရှိ ကုန်စုံဆိုင်မှ ဒေါ်ရီရီဆွေက…

"ခန့်သော်လင်း‥လကုန်တော့မယ်နော်‥"

ပြက္ခဒိန်ကြီးကိုင်မပြရုံတမယ် လေသံပြင်းပြင်းနှင့် သတိပေးသည်။ ပြတ်တုန်းလပ်တုန်းနှစ်ဆယ့်သုံးလေ။

"အေးဆေးပေါ့‥ဒေါ်ရီရာ‥လူမသေ ငွေမရှားပါ‥"

"အေး‥ဟော့‥နင့်ကတော်တော်နဲ့သေမှာ မဟုတ်သေးဘူး ‥ဒါပေမဲ့ ငွေကတော့ရှိမှာကို မဟုတ်တာ‥"

ခန့်သော်လင်း ကုန်စုံဆိုင်ကို ဥပေက္ခာပြု၍ ရှေ့နှစ်လှမ်းခန့် အကြာ လူပျိုသိုးကြီး ဦးသိန်းဇော်နှင့် ထပ်တိုးသည်။

ခန့်သော်လင်းက အစွမ်းကုန် မြင်းပြုံးပြုံး၍…

"ဟာ‥အစ်ကိုကြီး‥နေကောင်းတယ်နော်‥"

"အေး‥ဒါနဲ့ မင်းကဘယ်လဲ‥"

"ပစ္စည်းကောင်းလေးတွေ ရထားတယ်ဆိုလို့‥"

"ဟုတ်လား‥အေး‥ငါ့လဲပြောဦး‥"

"အဲဒါသွားကြည့်မလို့‥ကြိုက်ရင်ဆွဲပြီးပွားမယ်လေ‥"

"အေး‥ကောင်းတယ်‥မင်းအဆင်ပြေရင် ငါ့အကြွေးလေးလဲဆပ်ဦး"

"စိတ်ချ‥အစ်ကိုကြီး‥ဒီတစ်ခွင်ထိပြီ‥"

ခန့်သော်လင်းပြောချင်ရာတွေပြောပြီး ခပ်သုတ်သုတ်ထွက်သွားသည်။ အတွေးခေါင်သော လူပျိုသိုးကြီးငြိမ်ကျသွားသည်။ အတွေးသွားနေရဲ့။ လမ်းထိပ်ရောက်တော့ မုန့်ဟင်းခါးဆိုင်မှ ဒေါ်နုက‥


www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး..မစားတော့ဘူးလား..."

"No..မစားတော့ဘူး..ဒီနေ့မနက်လေ..ဘောစိက ဘိုဘိုမင်းမှာ ဒီစာကျွေးမလို့ ဘွတ်ကင်လုပ်ထားတာ..နောက်တောင်ကျနေပြီ.."

"အေး..လကုန်ရင်ငါ့ဘောလေးလဲရှင်းဦး.."

"စိတ်ချ..ကိုးဒေါ်..ဘဏ်ကနေ ငွေလွှဲပေးလိုက်မယ်.."

ခန့်သော်လင်းဆရာလိုလို ဘာလိုလိုပြောပြီး ထွက်သွားသည်။

ဒေါ်နုက မုန့်ဟင်းခါး လပေးစားသော မိန်းမတွေကို ရွဲ့၍..

"ဒီကောင်လေး..လက်ငင်းစားရင် ငါ့ဘောစ့်ဖြစ်နိုင်တယ်.."

"အမလေး..အန်ကြီးကွင်းကျယ်ကောင်လေးပါ..ဘောစားပြီးဘိုစကား ပြောချင်နေတဲ့ဘဝလေး..ဒါနဲ့..အန်တီနု..ဘူးသီးကြော်နဲ့အရည်လေးပေးပါဦး"

"ဟဲ့..ညည်းရော..ဒါ့ဘောထဲထည့်ရမှာလား"

"ဒေါ်နုကလဲ..ကျွန်မယောကျ်ားဒီနေ့ဘောနပ်စ်ထုတ်မှာ..ဘောမှတ်နေနဲ့.."

"ငါလဲဘိုင်ကျနေတာနော်..အကြွေးဆိုရင်လန့်လွန်းလို့.."

ဒေါ်နုက မုန့်ဟင်းရည်အိုးကို မွှေပြီးကြည်သွန်ဥအသေးဆုံးကို ရွေးရှာနေသည်။

ခန့်သော်လင်း သရက်တောမှတ်တိုင်မှ ၄၉ ကားလတ်ထွက်စီးသည်။ မြောက်ဥက္ကလာမသွားခင်အချိန်စောသေးတာမို့ ကမ္ဘာအေးဘုရား ဝင်ဖူးမည်။ ဘုရားမှာ ဆုတောင်းရင်းတရားရိပ်မှာ ခေတ္တမွေ့လျော်မည်။

"လူတွေနော်..ကိုယ်ရစရာရှိရင် ဘာမှမမြင်ဘူး.."

မှတ်တိုင်တွင် ကားစောင့်နေသော လူအချို့မှ အသံထွက်လာ၍ ခန့်သော်လင်းနားစွင့်ကြည့်သည်။



www.burmeseclassic.com

 www.burmeseclassic.com 

"အကြွေးရစရာရှိလို့ တောင်းတာမပေးဘဲ စကားများရင်းအကြွေးရှင်ကို ဓားနဲ့ခုတ်လိုက်တယ်.. ခက်တာပဲ.."

ဂျာနယ်ကိုင်ဖတ်နေသော သူက ကျွတ်သပ်၍ပြောသည်။

"စောစောစီးစီးကွာ..အကုသိုလ်ပဲ.."

ခန့်သော်လင်းစိတ်ထဲမှ ငရဲရမိသည်။ လူတွေကလည်း ခက်သည်။ စောစောစီးစီးမှာခင်းဂျာနယ်ဖတ်ပြီး မြိန်ရေရှက်ရေပြောနေ၏။

သူတို့ပြောနေတဲ့ စကားထဲက "မယားပါသမီးကို ပထွေးက" နေရာရောက်နေစဉ် ၄၉ ကားလတ်က ထိုးဆိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

၄၉ ကားလတ်က တိမ်းကာစောင်းကာ မှတ်ကာသီကာဖြင့် အမ္ဘာအေးမှတ်တိုင်သို့ရောက်လာသည်။ ခန့်သော်လင်းလည်း အတင်းတိုး ထွက်၍ မှတ်တိုင်မှာဆင်းလိုက်သည်။

ဘုရားရှိရာဘက်အခြမ်းသို့ ကားလမ်း ဖြတ်ကူးလိုက်ပြီး ဘုရားလှူရန် သပြေပန်းဝယ်လိုက်၏။

ဘုရားရင်ပြင်တော်ပေါ်တွင် နံနက်ခင်းမို့ ဘာသာတရားကို အလေး ထားသူအချို့ စောစီးစွာ ဘုရားဝန်ပြု၊ တရားထိုင်၊ ပုတီးစိပ်နေကြသည်။ ဆည်းလည်းသံလေးတွေ သာယာနာပျော်ဘွယ်ကောင်းအောင်ကြား ရသည်။

ခန့်သော်လင်းလည်း ဘုရားကိုတစ်ပတ်ပတ်ပြီး ဝတ်ပြုပူဇော်၍ မြေးနံတနင်္လာထောင့်တွင် သပြေပန်းပူဇော်ကာ ဘုရားဝတ်ပြုသည်။

"အရှင်ဘုရား··တပည့်တော်အခုလက်ရှိ တင်နေတဲ့အကြွေးတွေ အမြန်ဆုံးကျေပါရစေ··ဘုရား"

ခန့်သော်လင်း တစ်ခုတည်းသောဆုကိုသာ တောင်းသည်။ လက်ရှိ ခေါင်းဆိုင်နေရသော ပြဿနာက အကြွေးဟူသော ကိစ္စကြီးပင်။



www.burmeseclassic.com

"ဘုရားရိပ်မှာနေရက အေးချမ်းလိုက်တာ.."

ခန့်သောလင်းရင်ထဲအပူအချို့ ဟုတ်ခနဲငြိမ်းသွားသည်။

ရင်ပြင်ရဲ့ဟိုနား ဒီနားထောင့်လေးများတွင် ချစ်သူအချို့ကို တိ တာတာစကားပြောနေကြသည်။ အချို့ကလည်း တရားထိုင် ပုတီး နေကြသည်။

ခိုကလေးများက သစ်ပင်လေးများတွင် ခိုနားလိုက်ပျံဆင်းလိုက်နှ

"ဟော့..ကြွေးထူကောင်လေး.."

ခန့်သော်လင်း ရုတ်တရက်ခေါ်သံကြောင့် ဘေးဘီဝဲယာ လှည့်ကြည့်သည်။

သူနှင့်မလှမ်းမကမ်းတွင်ရှိသော သက်တူရွယ်တူ ကောင်မလေ တစ်ယောက်က လျှာထုတ်ပြောင်ပြနေသည်ကို တွေ့ရသည်။ ကောင်မလေ က ဆံပင်တိုလေးနှင့် ရည်ရည်မွန်မွန်လေး။ စပို့ရှပ်အစိမ်း လေးဝတ်ထား ဂျင်းဘောင်းဘီဒူးဖုံးလေးနှင့်။ ထူးခြားတာက မျက်လုံးပြူးနေခြင်းပင်။

"လှည့်ကြည့်မနေနဲ့..နင့်ကိုခေါ်တာ.."

ကောင်မလေးက ထပ်၍ လက်ညှိုးထိုးလှမ်းပြောသည်။

"ဘုရားလာပြီး အကြွေးထူတာတွေ ညည်းနေတဲ့ကောင်လေး..

"နင်က ဘယ်သူလဲ..ငါနဲ့သိလို့လား.."

ခန့်သော်လင်းက ခပ်တင်းတင်းပြန်မေးသည်။

"သိတာပေါ့..နင်က တနင်္လာသား..ကပ်စီးနဲ့ပြီး ဘုရားကိုသပြေ ပဲကပ်နိုင်တဲ့ကောင်လေး.."

ခန့်သော်လင်းတနင်္လာထောင့်တွင် ပန်းလှူသည်ကိုမြင်၍ ပြော သည်။ ဒီကောင်မလေးက အဖြူထည်ကြီး နှိပ်ကွပ်နေပါလား။

"ငါ့ဘာသာငါအကြွေထူတာနင်နဲ့ဘာဆိုင်လဲ.."



www.burmeseclassic.com

ခန့်သော်လင်းက ဘုဒေါက်ပြန်ပြောရာ ကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်သည်။

"နင်··ဘာရယ်တာလဲ··"

"သဘောကျလို့ရယ်တာပေါ့··လူတိုင်းအကြွေးနဲ့ကင်းမှမကင်းတာ··ကမ္ဘာကျော်သူဌေးကြီးတွေတောင် အကြွေးတွေ ဘီလီယံနဲ့ချီပြီး ရှိသေးတာပဲ··နင့် မဖြစ်စလောက်နှစ်ပဲခြောက်ပြားအကြွေးလေးရှိတာနဲ့ပဲ··ခိုကျနေတာပဲ ညည်းနေတာ နင့်ပုံစံက အကြွေးထူမှာပေါ့··လူတကာကို အားနာနေတဲ့ရုပ်နဲ့··"

"ဟ··ကောင်မလေး··နင်ဘယ်လိုလဲ··ငါဘာသာငါ အေးအေးနေတာကို လာနှောက်ယှက်နေတာလား··"

"No..No နှောက်ယှက်နေတာမဟုတ် နင့်ရဲ့အကြွေးတင်စက်ဝိုင်းကြီးကို ဖြေရှင်းဖို့ငါ့ကို ဘိုးတော်သိကြားမင်းက လွှတ်လိုက်တာ··ဟဲဟဲ"

ခန့်သော်လင်းတွေးမိသွားသည်။ ကောင်မလေးက စိတ်ကျန်းမာရေးမကောင်းသူလေးဖြစ်နေမလား··။

"အံမာ··နင်ကပဲပြောရသေး··ငါ့အကြွေးတွေနင်ဆပ်နိုင်မှာလဲ မဟုတ်ဘဲနဲ့··"

ခန့်သော်လင်းခုနကလို မျက်နှာထားမတင်းတော့ဘဲ ရယ်ရယ်မောမောပြန်ပြောသည်။

"ဘာလဲ··နင်က ငါ့ကိုအထင်သေးတာလား"

"မသေးဝံ့ပါဘူး··ဒါနဲ့··နင့်နာမည်ဘယ်လိုခေါ်လဲ··"

"ငါ့နာမည်လား··ဟောလိဝုဒ်ကတော့ အင်ဂျလီနာဂျိုလီလို့ ခေါ်ကြတာပဲ··ဒါပေမယ့် မြန်မာနာမည်ရှိတယ်··ငါ့နာမည် ချိုရီရီ··"

ချိုရီရီဆိုသော ကောင်မလေးက စပ်ဖြီးဖြီးလေးပြောသည်။



www.burmeseclassic.com

သူစကားပြောတိုင်း ပြူးထွက်လာသည့် မျက်လုံးလေးက ထူးထူးခြားခြားလေး လက္ခဏာတစ်ခုလို ဖြစ်ဖြစ်နေသည်။

"ထားပါတော့··ချိုရီရီ··ငါ့နာမည်က ခန့်သော်လင်းပါ··ဒါနဲ့ နင်ကျောင်းပြီးသွားပြီလား··"

"သိဘူး··ငါဟားဗတ်တက္ကသိုလ်က နောက်ဆုံးထွက်လာတာပဲ သိတယ်··"

ကောင်မလေးက စိတ်သိပ်မနှံ့ပေမယ့် ဟောဟောဒိုင်းဒိုင်းမဟုတ်။ ယဉ်ယဉ်လေးနှင့်ဖြူဖြူစင်စင် ရူးနေသော သူလေးပင်။

"နင့် မိဘတွေက ဘာလုပ်ကြလဲ··"

"အဖေက အီဂျစ်ပိရမစ်ကြီးတွေဆောက်တဲ့သူ··အခုတော့ ပန်းပုထုနေတယ်··ဟိုတစ်နေ့က ကျားသစ်ပုံထုတာတောင် ကြောင်ဖြစ်သွားသေးတယ်··အမေက ဆရာဝန်မကြီးလေ··ဟိုတစ်နေ့က ခွဲစိတ်ခန်းထဲဝင်တာခဏခဏပြန်ထွက်လာရတယ်··"

"ဘာဖြစ်လို့လဲ··"

"ခွဲစိတ်မယ့်လူနာရဲ့ လူနာရှင်မလာသေးလို့··"

"ဟာ··ချိုရီရီ··မင်းက တော်တော်နောက်တာပဲ··"

ခန့်သော်လင်းသဘောကျ၍ ရယ်မောမိသည်။

"ဒါနဲ့··ချိုရီရီ··မင်းက ဘယ်ကနေဘယ်လို ဘုရားပေါ်ရောက်နေတာလဲ··"

"အိမ်က ထွက်ပြေးလာတာ··"

"ဟာ··ဒီလိုမလုပ်နဲ့လေ··မိဘတွေစိတ်ပူမှာပေါ့··ဘာဖြစ်လို့ထွက်ပြေးလာနေတာလဲ··"

"မိဘအမွေတွေကို မလိုချင်လို့··"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ..ပေါက်ကရကွာ..သမီးအလိမ္မာလေးပဲ.."

ခန့်သော်လင်းက ပေါက်ပေါက်ရှာရှာချီးကျူးလိုက်သည်။ ချိုရီရီက ခန့်သော်လင်းအနားကပ်လာသည်။

"နင်..နှုတ်လုံရဲ့လား.."

"ဘာဖြစ်လို့လဲ..ဟာ..ရုတ်တရက်ကြီး.."

"ငါ့ကို လူတချို့က လိုက်လုပ်ကြံနေတယ်.."

"ဟေ..ဟုတ်လား.."

"နင့်ကိုငါယုံတယ်, နင်ငါ့ရဲ့ကိုယ်ရံတော် သက်တော်စောင့်လုပ်ပါလား တစ်လကို ၂၅ သိန်းပေးမယ်.."

ခန့်သော်လင်း မျက်လုံးပြူးသွားသည်။ ကောင်မလေးနှင့်လည်း အပြုံးချင်း ဆုံသွားသည်။

"ဟာ..ငါအဲဒီအလုပ် မလုပ်တတ်ဘူး.."

"နင်ကလဲ သတ္တိနည်းပါ့ဟာ..အခုငါရဲ့အသက်ကို အသေရရ အရှင်ရရ လိုချင်နေတဲ့ ဂိုဏ်းတစ်ဂိုဏ်းရှိတယ်.."

"ဘာဂိုဏ်းလဲ.."

"၂၀ ရာစုမြေခွေးဂိုဏ်း.."

"ဟာ..အဲဒါ ရုပ်ရှင်ကုမ္ပဏီကြီးပါ.."

"အဲဒါနဲ့မဆိုင်ဘူး..အခု ၂၀ရာစုမြေခွေးဂိုဏ်းက သူတို့ရဲ့ လျှို့ဝှက်ချက်တွေ ငါ့ဆီပါသွားလို့ ငါကိုလက်စဖျောက်ချင်နေကြတာ.."

"သူတို့လျှို့ဝှက်ချက်က ဘာတွေလဲ.."

"သူတို့..ပြည်ပကိုမှောင်ခိုထုတ်မယ့် သတ္တဝါရဲ့ List ပဲ.."

"ဟာ.."

ခန့်သော်လင်း ထိတ်သွားသည်။ သတင်းတွေထဲမှာ ကြားဖူးသည်။


www.burmeseclassic.com

ဆင်စွယ်တွေ ခိုးထုတ်တဲ့ဂိုဏ်းတွေရှိသည်။ တရားမဝင်မှောင်ခိုကူးတဲ့ဂိုဏ်းတွေရှိသည်။

"နင့်ကိုမို့လို့ တိုင်ပင်တာနော်··အဲဒါကြောင့် ငါက နင်ခုနက ထင်သလို ရှုးသလိုကြောင်သလိုနဲ့ ထွက်ပြေးနေရတာ··တကယ်တော့ ငါမရူးဘူး···ရူးချင်ယောင်ဆောင်နေတာ··"

"အဲဒီ သတ္တဝါတွေရဲ့ List က··"

"ငါကောက်ရတဲ့နေ့တုန်းက ဗရာကြော်ဝယ်စားတာ လက်သုတ်စရာ မရှိလို့ သုတ်လိုက်ပြီ··အဲဒီ List ကို ငါပြန်မပေးနိုင်ရင်ငါ့ကို သတ်ပစ်ကြတော့မှာ··ဒါကြောင့် မိဘတွေမသိအောင် ငါပြေးနေရတာ··"

ခန့်သော်လင်းက ချိုရီရီစကားကို မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်နေသည်။

"နင်ပြောတာတွေ တကယ်လား··ချိုရီရီရယ်··"

"သေရေးရှင်ရေးကိစ္စကို ငါနောက်ပြောရမလားဟဲ့"

ခန့်သော်လင်းတော့ နေရင်းထိုင်ရင်း ဂြိုဟ်ဆိုးဝင်ပြီထင်သည်။

"နင့်နာမည်ခန့်သော်လင်းနော်··ကိုယ်ရံတော်ကလည်း တနင်္လာနံပဲ ဖြစ်ရမှာ··နင် ငါ့ရဲ့ ကိုယ်ရံတော်လုပ်မှာလား··"

"ဟာ··ငါ့မှာအလုပ်ရှိတယ်··"

"နင် တစ်လကို ဘယ်လောက်ရလဲ··အဲဒီထက် ၂ဆ ငါပေးမယ်ဟာ"

ချိုရီရီက သူ့ကျောပိုးအိတ်ကို ဇစ်ဖွင့်ပြရာ အိတ်ထဲတွင် ထောင်တန်အုပ်တွေအထပ်လိုက်။

ခန့်သော်လင်း မျက်လုံးဝိုင်းပသွားသည်။

ဘဝတစ်လျှောက်လုံး ရုပ်ရှင်ထဲမှအပ တစ်ခါမှမမြင်ဖူးသော ငွေတွေ။

ချိုရီရီအတွက် ငွေတွေလျှောက်ထည့်ပြီးသွားနေတာလည်း အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com

များသည်။ ခန့်သော်လင်း ကိုယ်မပိုင်ဆိုင်သော ငွေတွေအတွက် လောဘ ရမက်မတက်ပါ။

လောလောဆယ်တော့ ချိုရီရီစိတ်ချမ်းသာဖို့ အဓိကဦးစားပေးရမည်။

ယဉ်ယဉ်လေးရှုးနေသူတစ်ယောယက်ကို ပညာသားမပါဘဲ အလွယ် တကူလိမ်လည်လှည့်ဖျား၍ ရသောနည်းတွေရှိသည်။

"အဲဒီငွေတွေငါမလိုချင်ပါဘူးဟာ..နင့်အတွက် အသက်အန္တရာယ် စိုးရိမ်ရရင်ငါကူညီပေးပါ့မယ်.."

ချိုရီရီက ခန့်သော်လင်းကို ခပ်စွေစွေလေးတစ်ချက်စိုက်ကြည့်နေ သည်။

"နင်က အခုဘယ်သွားမှာလဲ.."

"ငါလား..ငါဒီနေ့လမ်းများတွင်..နာရေးရက်လည်တစ်ခုရယ်.. ကလေးမွေးနေ့ရယ် မင်္ဂလာဆောင်တစ်ခုရယ် သွားစရာရှိတယ်.."

"ငါလိုက်ခဲ့မယ်ဟာ.."

ဟိုက်..ပြဿနာပဲ..ဒင်းကလိုက်ရှုပ်ဦးမယ်..မဖြစ်သေးပါဘူး။

ခန့်သော်လင်းတွေးရင်းစိတ်ထဲ ပူပန်သွားသည်။

"မလိုက်ပါနဲ့..ချိုရီရီရယ်..နောက်နေ့များမှ မင်းကိုယ်ရံတော်အဖြစ် ငါတာဝန်ထမ်းဆောင်ပါ့မယ်.."

"မရဘူး..လိုက်မှာဘဲ..နင်ခုနက ကတိပေးပြီးသွားပြီ..ငါမလိုက်ရင် ဒီငွေတွေကို နင်လာလုပါတယ်ဆိုပြီး အော်လိုက်မှာနော်.."

"ဟာ..ဟာ..မလုပ်နဲ့..ဒုက္ခပဲ..ကဲဟာ..လိုက်ခဲ့ဟာ..နင်ငါ့ကို မကြောက်ဘူးလား..နင့်ကိုငါ တစ်ခုခုကြံမှာ မကြောက်ဘူးလား.."

"နင့်ကို ငါ ဘာလို့ကြောက်ရမှာလဲ.."

"ရှီး..ဒိုင်း..ဒက်..ဒက်..ဒက်.."


www.burmeseclassic.com

 www.burmeseclassic.com 

သေနတ်သံတွေ ထွက်လာသဖြင့် ရုတ်တရက်ခန့်သော်လင်းလန့်သွားသည်။

သို့သော်.. ချိုရီရီရဲ့အိတ်ထဲမှ ဟမ်းဖုန်းမြည်လာခြင်းဖြစ်သဖြင့် စိတ်သက်သာရာရသွားသည်။

"ဟဲလို..ဟုတ်ပါတယ်..ခဏလေးနော်.."

ချိုရီရီက ဖုန်းကိုလက်ဝါးနှင့်ပိတ်ထားပြီး..

"ဟဲ့..နင့်လိပ်စာပြောစမ်းပါ..မြန်မြန်..အရေးကြီးလို့.."

ခန့်သော်လင်းလည်း ယောင်တောင်တောင်နှင့် သူငှားနေသော လိပ်စာကိုပြောပြလိုက်သည်။ ချိုရီရီဘာတွေ ဆက်မီးမွှေးနေသလဲမသိ။

"အမှတ် (.....)၊ ဝရဇာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ.. သေချာပါတယ်..ဟုတ်ကဲ့..မီးသတ်ကားတွေလဲ အဲဒီကိုသွားနေကြပါပြီ.."

ခန့်သော်လင်း လည်ပင်းကြီးရှည်ထွက်မတတ်ဖြစ်သွားသည်။

"ဟဲ့..ချိုရီရီ..ဘယ်ကဖုန်းလဲ.."

"ဖုန်းမှားဝင်လာတာဟ..ဦးလေးတစ်ယောက်က သူ့တူမကိုဆက်တာ.. တောင်ဥက္ကလာပ(၁၃)မှာ မီးလောင်တာ ဘယ်နားလဲမေးတာဟ..အဲဒါနင့် လိပ်စာအရ နင့်အိမ်ကလို့ ပြောလိုက်တယ်..ဟီး.."

"ဟာ..ပြဿနာပဲ..အခု..အခု..လောင်နေတာလား.."

"မသိဘူး..အခုထင်တာပဲ.."

"ချိုရီရီ..ပြဿနာပဲ..နင့်ဖုန်းငါ့ကို ခဏပေးစမ်းပါ.."

ခန့်သော်လင်းချက်ချင်းပင် လမ်းထိပ်အိမ်က ဖုန်းကိုခေါ်ရသည်။ အဲဒီအိမ်က ဖုန်းမှဖြေကြားတာက (၁၃)ရပ်ကွက် ဘယ်နားမှာမှ မီးမလောင် ပေ။

ခန့်သော်လင်းခုမှ ရင်ထဲက မီးခိုးလုံးကြီးပျောက်သွားသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"နင်..တော်တော်နောက်တာပဲ..ချိုရီရီ.."

"မနောက်ပါဘူး..လေးလေးရယ်..ပါးပါးလေးပါ..ဟီဟိ.."

ခန့်သော်လင်းသည် ချိုရီရီကို နားမလည်နိုင်စွာကြည့်နေရှာသည်။ ပစ္စည်းဥစ္စာပြည့်စုံ၊ ငွေကြေးလည်းပြည့်စုံသော ကောင်မလေး တစ်ယောက်မှာ ကျန်းမာရေးမပြည့်စုံပါလား။ ချိုရီရီသူ့ကို မရမက တွယ်ကပ်နေခြင်းဖြင့် သူမအတွက်လုံခြုံမှုရှိမည်ဖြစ်သည်။

သူမကလည်း ခန့်သော်လင်းကိုမြင်မြင် ချင်း ခင်မင်သွားပုံရသည်။ မိန်းကလေးတန်မယ့် ငွေထုတ်လွယ်၍ လျှောက် သွားနေခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပင်။

"ချိုရီရီ..မင်းငါ့နောက်လိုက်ရင် ငြိမ်ငြိမ်လေးနေနော်..ဘာသံညာသံ မကြားချင်ဘူး..အခုတော့ အချိန်ကနောက်ကျနေပြီ.."

"အင်း.."

ချိုရီရီက မျက်လုံးလေးပြူးပြ၍ ခေါင်းညိတ်သည်။ ခုတော့လည်း မူကြိုကလေးလေးပမာ။

"ဒါဆိုသွားကြစို့.."

ခန့်သော်လင်းက သူ့အထုပ်ကိုမ၍ ထွက်သည်။

"ဟင်..နင်လက်ထဲကဘာတွေလဲ.."

ခန့်သော်လင်းက ဓာတ်ဗူးနှင့်ကစားစရာစန္ဒရားလေးကို ထုတ်ပြသည်။

"နင်ကလဲဟာ..ပွဲပါ..နင့်ရဲ့အချစ်ဆုံးသူငယ်ချင်းတွေရဲ့ မင်္ဂလာဆောင်နဲ့ ကလေးမွေးနေ့ကိုသွားတာပဲ..ဝယ်ပါလား..ကောင်းကောင်းကန်းကန်းတွေ ..အပေါစားလေးတွေနဲ့နင်တို့ Friendship ကို အသိအမှတ်ပြုနေတာလား"

"မဟုတ်ဘူးဟ..ငါ့ရှိတာလေးနဲ့ဝယ်ရတာ..ငါသူဌေးမဟုတ်ဘူး"

ခန့်သော်လင်းက လူကြားမှာစိုး၍ ခပ်တိုးတိုးပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


"လုပ်မနေနဲ့..ငါ ဂမုန်းပွင့်ကနေ ရှယ်တွေဝယ်ပေးမယ်..ဒီဟာတွေ ဝဲပလိုက်တော့.."

ချိုရီရီက သူ့အထုပ်ကို ဆွဲယူ၍ရင်ပြင်ပေါ်တွင် ဆော့ကစားနေသော ကလေးလေး(၂)ဦးကို စန္ဒရားလေးပေးသည်။ ဓာတ်ဗူးကို အလှူခံမဏ္ဍပ်က ဘုရားလူကြီးတွေကို ပေးလိုက်သည်။

ဘုရားလူကြီးတွေက သူတို့ကတ်ဗူးအဟောင်းလေးကိုလဲခါနီး အသစ်ကလေးရတော့ ဝမ်းသာပီတိဖြစ်ကာ ဆုတောင်းပေးကြသည်။

ဒီချစ်သူတွေ ရိုးမြေကျပေါင်းသင်းရပါစေ..တဲ့။

"ချိုရီရီ..နင်တော့ခက်တာပဲ.."

ခန့်သော်လင်းခေါင်းကုတ်ညည်းညူရုံမှတပါးဘာမှ မတတ်နိုင်ပေ။

"လာ..သွားမယ်.."

ချိုရီရီက ငေါ့တော့ငေါ့တော့နှင့်ထွက်သွားသည်။ ခန့်သော်လင်းလည်း နောက်မှ မအီမသာလိုက်သွားရသည်။

"ဟဲ့..ဟဲ့..ခဏနေဦး..ရှေ့ကိုဆက်မသွားနဲ့.."

ချိုရီရီက နောက်ပြန်လှည့်လာသည်။

"ဘာ..ဘာဖြစ်လို့လဲ..ချိုရီရီ.."

"ရှေ့မှာ ၂၀ ရာစုမြေခွေးဂိုဏ်းက လူတွေ.."

"ဟုတ်လား..ဘယ်လိုပုံစံတွေလဲ..အမြီးတွေရောပါသလား.."

ခန့်သော်လင်းက ရှေ့တိုးကြည့်သည်။

"ဟိုမှာလေ..အင်္ကျီအနက်တွေနဲ့..သူတို့သုံးယောက်က ၂၀ ရာစုမြေခွေးဂိုဏ်းရဲ့ ထိပ်တန်းခြေမရှုံကြေးစားလူသတ်သမားတွေ.."

"လက်မရှုံ့မဟုတ်ဘူးလား.."

"ခြေမရှုံ့ဆိုတာ သူတို့နဲ့တွေ့ရင်ပြေးပေါက်မရှိဘူးလို့ ပြောတာ.."


www.burmeseclassic.com

 www.burmeseclassic.com 

“ဒါဆို ငါတို့က ဘယ်လိုပြေးကြမလဲ..”

“လွယ်ပါတယ်..သူတို့က မျက်မှန်နက်တွေတပ်ထားတာပဲ..သဲသဲကွဲကွဲမြင်ရမယ့်ပုံ မပေါ်ဘူး..ဟိုဘုရားဖူးအုပ်စုနဲ့ ကွယ်ပြီးလစ်ကြမယ်..”

ခန့်သော်လင်းလည်း ချိုရီရီအကြံပေးသည့်အတိုင်း ဘုရားဖူးလူတစ်စုနှင့် ကွယ်၍ပြေးကြသည်။

အနက်ရောင်ဆင်တူဝတ်ထားသော လူသုံးယောက်က ရင်ပြင်ပေါ်တွင် စက်ရုပ်တွေအလား လျှောက်သွားကြသည်။

ခန့်သော်လင်းတို့ စောင်းတန်းမှ ပြေးဆင်းလာပြီး ဂမုန်းပွင့်ဘက်ကို ကားလမ်းဖြတ်ကူးကြသည်။

“သူတို့သုံးယောက်နာမည်တွေက ဘယ်သူတွေလဲ..”

“သူတို့က “ဝင်း”သုံးဝင်းပဲ..ကတုံးကြီးနဲ့ ခပ်ဝဝလူက ဝင်းသိန်း၊ နှုတ်ခမ်းမွေးပိန်ညောင်ညောင်လူက ဝင်းထွန်း..မျက်နှာလေးထောင့်စပ်စပ်နဲ့ လူက ဝင်းအောင်..ရုပ်တွေက ကြေးစားသမားရုပ်မပေါက်ဘဲ ဆိုက်ကားသမားရုပ်တွေနဲ့..”

ပဟေဠိဆန်သော လျှို့ဝှက်မှုများနှင့် ချိုရီရီဆိုသည့် ကောင်မလေးကို ခန့်သော်လင်းလုံးဝနားမလည်နိုင်တော့။

ဂမုန်းပွင့်ထဲရောက်တော့ ချိုရီရီက သူပါလာသော ပိုက်ဆံတွေဖြင့် ပစ္စည်းတွေလျှောက်ဝယ်သည်။

ချိုနှယ်ကျော်တို့ မင်္ဂလာလက်ဖွဲ့အတွက် ချိုရီရီက မွေ့ယာတစ်စုံ ဝယ်မယ်လုပ်နေ၍ မနည်းတားရသည်။ အကောင်းစား ထမင်းပေါင်းအိုးတစ်လုံးကို ဝယ်လိုက်သည်။

ပါဆယ်ထုတ်ခိုင်းသည်။

“ချိုရီရီ..ပိုက်ဆံတွေ နှမြောစရာကွာ..”



www.burmeseclassic.com

"ရှင့်ကိုယ်ရံတော်လစာထဲက ပြန်ဖြတ်မှာပေါ့..ရည်စားဟောင်းရဲ့ မင်္ဂလာဆောင်ကို ဒီလိုသားသားနားနားလက်ဖွဲ့စမ်းပါ..တစ်ခါသုံးခွတ်ဗူး လေးနဲ့ ပနာမယူစမ်းပါနဲ့.."

ထမင်းပေါင်းအိုးတစ်လုံးရဲ့တန်ဖိုးကလည်း ဒစ်စကောင့်ချထားတာ တောင် သူ့လစာနီးနီးလောက်ရှိသည်။ မီးဖိုချောင်ပစ္စည်းအရောင်းတန်းမှ ကလေးပစ္စည်းတွေ အရောင်းတန်းဘက်ရောက်သွား၏။

"ဟဲ့..နင့်သူငယ်ချင်းကလေးက ဘယ်အရွယ်လဲ.."

"၂ နှစ်သားလေးပဲ ရှိသေးတယ်.."

"အဲဒါဆိုရင် ကလေးစီးစက်ဘီးလေးဝယ်ပေးမလား.."

"ဟာ..ဈေးမြှောက်တယ်ဟ..သောင်းကျော်တွေချည်းပဲ.."

"ပိုက်ဆံကုန်မှာ ငါလေ..နင်မဟုတ်ဘူး..ကလေးသုံးပစ္စည်းပေမယ့် တူတူတန်တန်တော့ ဝယ်ပေးရမှာပေါ့ဟ..စက်ဘီးမဝယ်ရင် ဟိုတွန်းလှည်း လေးတော့ ဝယ်လိုက်မယ်.."

"ကိုးလို့ကန့်လန့်နဲ့..လိုင်းကားပေါ်ဘယ်လိုတင်မလဲ.."

"နင်ကလဲဟာ..တက္ကစီနဲ့တင်မှာပေါ့..ဘာခက်လို့လဲ.."

"သွားရမယ့်နေရာတွေက တောင်နဲ့မြောက်တွေချည်းပဲ.."

ခန့်သော်လင်းက ပစ္စည်းတွေ မနိုင်မနင်းသယ်ရမှာကို ညစ်နေသည်။ ချိုရီရီက တိုလီမိုလီလေးတွေကို ထပ်ဝယ်သေးသည်။ လက်တွန်း ခြင်းထဲအပြည့်ပင်။

နိုင်ငံခြားအရုပ်ပုလင်းတွေစုပြီး ပိတ်ထားသည့်ပါဆယ်ခြင်းတစ်လုံး လည်း ဝယ်သေးသည်။

"ချိုရီရီ..နင်စွတ်မဝယ်နဲ့.."

"ငါ့အိမ်သုံးဖို့တွေလည်း ဝယ်ရသေးတယ်.."



www.burmeseclassic.com

ဂမုန်းပွင့်က နှစ်ယောက်သားပြန်ထွက်တော့ ခန့်သော်လင်းပစ္စည်းတွေနှင့် မနိုင်မနင်းဖြစ်နေသည်။ ချိုရီရီက တက္ကစီတစ်စီးငှားလိုက်သည်။

"ဘယ်သွားမလဲ..ဆရာတို့.."

တက္ကစီမောင်းသမားက တပ်ထားသောမျက်မှန်နက်ကို ခပ်ဟဟလေးချွတ်ရင်းမေးသည်။ ချိုရီရီက သွက်လက်စွာ..

"ပထမဦးဆုံး မြောက်ဥက္ကလာအရင်သွားမယ်..ပြီးရင် မ/ဒဂုံ နောက်ဆုံး ဇဝန..ဘယ်လောက်ပေးရမလဲ..."

"ကြာမှာလား.."

"အဲဒါတော့မမေးနဲ့..ရှင်မုန့်ဟင်းခါးရယ်..ကြာဆံချက်ရယ်..ရေခဲမုန့်ရယ်စားရဖို့ တာဝန်ယူတယ်..တစ်နေ့လုံးရှင်အတွက် တွက်ခြေမကိုက်ရင် ဒိုးတော့"

တက္ကစီသမားက အနည်းငယ်စဉ်းစားသွားသည်။ ထမင်းတစ်နပ်ငြိမ်းမယ့်ခွင်ပဲ။

"ရတယ်..တက်..တက်"

ခန့်သော်လင်းလည်း ပစ္စည်းတွေကို ကားပေါ်တင်ရသည်။ အရက်ပုလင်းတွေနှင့် ပါဆယ်ခြင်းကိုတော့ လက်ကကိုင်ထားသည်။

"တက္ကစီဆရာ..ရှင့်ကို ကျွန်မတစ်နေရာမှာ မြင်ဖူးသလိုပဲ..ရှင်ဗီဒီယိုတွေထဲမှာ လူကြမ်းသရုပ်ဆောင်တွေဘာတွေ လုပ်ဖူးလား"

"ဟဲဟဲ..တစ်ခါတစ်ရံတော့ ပါဖူးပါတယ်.."

တက္ကစီသမားက ရယ်၍ပြောသည်။ ခန့်သော်လင်းသည် မြောက်ဥက္ကလာရှိ ဆုမြတ်မိုးရဲ့ လိပ်စာကိုညွှန်ပြသည်။

"ဆုမြတ်မိုးတော့ငါ့ကို ဒီပုံစံအတိုင်းဆိုရင် ကြေးတောင်းဦးမှာ "

ခန့်သော်လင်း စိတ်ညစ်နေသည်။



www.burmeseclassic.com

မထင်မှတ်ဘဲမိုးနတ်မင်းက ဆုံခွင့် ပေးသော ကယ်တင်ရှင်သည် ခန့်သော်လင်းကို ကယ်ပဲကယ်မလား။ ကန်ပဲ ချမလား မပြောတတ်။

စဉ်းစားရခက်သော ချိုရီရီကို ကျေးဇူးလည်းတင်မိသည်။ တဒင်္ဂလေး အတွင်းမှာ သူမက ခန့်သော်လင်းကိုသေသေချာချာ ယုံကြည်သွားခဲ့သည်။

"ဆုမြတ်မိုး‥အရင်လိုပဲလားမသိဘူး‥"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

အချိန်ကောင်းမို့ ရက်လည်က လူကျနေသည်။

ကားရပ်တာကိုမြင်သော ဆုမြတ်မိုးအိမ်ထဲမှ ထွက်လာသည်။ ခန့်သော်လင်းလည်း မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်းကို ရုတ်တရက် တွေ့ရာ သိပ်မမှတ်မိ။

ဆုမြတ်မိုးသည် အရင်က စလင်းဘော်ဒီသာသာ။ အခုတော့ ည်ပိုင်းဘော်ဒီ ဖြစ်နေပြီ။ မျက်နှာကြီးက ဝပြဲနေပြီး ခါးတုတ်နေ၏။

"ဆုမြတ်မိုး..နင့်ကို ငါတောင်မမှတ်မိဘူးဟာ.."

"အကောင်..နင်က ငါဝလို့လှတာမနာလိုဖြစ်နေတာလား"

ဆုမြတ်မိုးက သူ့ဝသီအတိုင်း အရင်ရန်တွေ့သည်။ ပြီးတော့ ကုပ်ချောင်းချောင်းနှင့်ပါလာသော ချိုရီရီကိုမေးငေါ့ပြသည်။

"အေး..ငါနောက်မှရှင်းပြမယ်.."

"ကောင်မလေးက နင့်ရုပ်နဲ့မတန်ဘူးနော်.."

ခန့်သော်လင်းတို့ အိမ်ပေါ်တက်တော့ မုန့်ပွဲတွေပြင်ထားသည်။

"ဟဲ့..ထည့်စားနော်.."



www.burmeseclassic.com

www.burmeseclassic.com

ချိုရီရီက မုန့်ဟင်းခါးပွဲထဲ နံနံပင်တွေထည့်၍စားနေပြီ။ အိမ်ရှေ့
ခတ်ပုံထဲမှ ဦးဘဆိုင်က ပြုံးပြုံးကြီး။ ခန့်သော်လင်းစိတ်ထဲမှ..

"ဦးဘဆိုင်တော့ ငါ့ကို အကြွေးလှမ်းတောင်းမယ့်ပုံပဲ.."

ဆုမြတ်မိုးတို့ ရပ်ကွက်ထဲမှလူတွေက အပြင်မှာဝိုင်းဖွဲ့စားနေသ

"ခန့်သော်လင်း..ကူငွေဘယ်လောက်ထည့်မှာလဲ.."

"နှစ်ထောင်လောက်တော့.."

"နည်းပါတယ်ဟာ..ငါးထောင်လောက်ထည့်..ရော့"

ချိုရီရီက ငါးထောင်တန်တစ်ရွက်ထုတ်ပေးသည်။ ဆုမြတ်မိုးကို ကူ
ပေးတော့..

"ဟဲ့..ငါ့အဖေအကြွေးရော.."

နောက်နောက်ပြောင်ပြောင်မေးသည်။

"အဲဒါက..ခဏနေပါဦး..ဟီး"

ခန့်သော်လင်းမချိသွားဖြဲ ရောရောရှိလုပ်ရ၏။

"နင်ကလဲ..နာရေးအိမ်မှာတောင် အကြွေးတောင်းခံရတယ်..မ
ဘူးလား.."

"သူငယ်ချင်းတွေမို့ စနေတာပါ..ဟာ..အလကား"

ခန့်သော်လင်းက ပြီးပြီးရောဖော်ရွှေလုပ်ချလိုက်သည်။ ဆုမြတ်မိုး
အနားမှာရစ်သီရစ်သီ အကဲခတ်နေ၏။

"ဟဲ့..ဆုမြတ်မိုး..နင့်အဖေကြီးက ဘာရောဂါနဲ့ဆုံးတာလဲ.."

"လူကြီးရောဂါတစ်ခုခုပေါ့ဟာ.."

ခန့်သော်လင်းလည်း ဆုမြတ်မိုးရဲ့ ခပ်ပြတ်ပြတ်စကားကြောင့် ဆ
မမေးရဲတော့။

"နင်တို့မိသားစုရော အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါပဲဟာ..အဖေမရှိတော့လည်း ငါအကြီးဆုံးငါ့တာဝန်ပေါ့.."

"အခု နင်က ကျောင်းပြီးတော့ဘာအလုပ်လုပ်နေလဲ.."

"ငါ ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်ဝင်လုပ်နေတယ်.."

"နင်..ဒီတစ်သက်ယောကျ်ားယူဖို့ရော စဉ်းစားထားသေးလား"

ခန့်သော်လင်းက အရွှန်းဖောက်သည်။

"အမလေး..ကိုယ့်ဝမ်းတထွာတောင်မနဲဖြည့်နေရတယ်..အပူမရှာချင်..."

"အဲဒါအပူမဟုတ်ဘူး..အအေးပါ.."

ခန့်သော်လင်းက ဆုမြတ်မိုးစကားကို ပြန်ချေပသည်။

"အေးဟာ..ငါသွားတော့မယ်..နောက်မှအေးအေးဆေးဆေးလာလည်တော့မယ်..ကျောင်းတုန်းက လူတွေနဲ့တွေ့သေးလား."

"သိပ်မတွေ့ဖြစ်ပါဘူးဟာ.."

"ဟိုကောင်လေးရော.."

ခန့်သော်လင်းက အစဖော်သည်။

"အမလေး..ဒီကောင်လေးက အခု ကလေးနှစ်ယောက်တောင်ရနေပြီ နိုင်ငံခြားကို ကူးချည်သန်းချည်နဲ့.."

"အေးဟာ..နာလိုက်တာ..နော်.."

"ကောင်စုတ်..ပြီးခဲ့တာတွေကို အစပြန်ဆွဲမနေနဲ့..နင်တို့လည်း ...ယ်တော့စားရမလဲ.."

ဆုမြတ်မိုးက နှစ်ကောင်ပစ်ကင်းဝင်အကွက်ဖြင့် မေးငေါ့ပြသည်။

"ဟာ..ဟဲ့..ဟဲ့..ပေါက်ကရတွေ ပြောမနေနဲ့..ဒါ ငါ့ဘော်ဒါဟ.."

ချိုရီရီက ဘာမှဝင်မပြောဘဲ ဆန္ဒင်းမကင်းကိုဖိစားနေသည်။ ...ရိုင်ဘာ


www.burmeseclassic.com

www.burmeseclassic.com



ကိုလှကြမ်းကလည်း လက်ဖက်ထဲမှပုစွန်ခြောက်တွေ ရွေးစားနေသည်။

"ကဲ..ငါတို့သွားတော့မယ်.."

ခန့်သော်လင်းစကားစဖြတ်၍ ထပြေးရန်ပြင်သည်။ ချိုရီရီက ဆုမြတ်မိုး ကို နှုတ်ဆက်ပြီးသူနှင့်အတူလိုက်ထွက်သည်။ ဒါတောင် ဆုမြတ်မိုးက လှမ်းအော်သေးသည်။

"ဟဲ့..ခန့်သော်လင်း..ရှေ့သွားနောက်လိုက်ညီသားပဲ.."

"ဟာ..ဒီကောင်မလေး"

တက္ကစီပေါ်တက်ထိုင်နေသောချိုရီရီက ပြုံးစိစိလုပ်နေသည်။ ခန့်သော်လင်းမှာ မျက်နှာပူလွန်းလို့ လမ်းတလျှောက်လုံး ဘယ်သူမှစကား မပြောရဲ။

ခန့်သော်လင်း၏ တိတ်ဆိတ်မှုကို ချိုရီရီက ဖြိုခွဲလိုက်သည်။

"ခန့်သော်လင်း..နင်အဲဒီဝတုတ်မကို မကြိုက်ဘူးလား.."

"ဟာ..မကြိုက်ပါဘူး..ငါနဲ့သူနဲ့က ကျောင်းတုန်းကတည်းက တကျက်ကျက်လေ..မတည့်ဘူးဟ.."

"အဲဒီဝတုတ်မနဲ့ငါ..ဘယ်သူပိုချောလဲ.."

ခန့်သော်လင်း မဆီမဆိုင်မေးခွန်းကြောင့် ဘာဖြေရမှန်းမသိဖြစ်သွား သည်။ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာဆိုသလို ပြောလိုက်ရသည်။

"တစ်ယောက်တစ်မျိုးစီတော့ ချောကြတာပဲ.."

"အေးပေါ့ဟာ..နင်က နင့်သူငယ်ချင်းကြီးကို စိတ်ထဲက ပိုချောတယ် ပြောမှာပေါ့..ငါက ခုမှတွေ့တဲ့သူဆိုတော့..ဒီလောက်တော့ရှိမှာပေါ့.."

ခန့်သော်လင်းဘာမှ ပြန်မပြောဘဲငြိမ်နေသည်။ တက္ကစီလေးက မြောက်ဥက္ကလာအဝိုင်းမှ မြောက်ဒဂုံအထဲဝင်လာပြီ။

(၁၂၅)ရပ်ကွက်ကို ၇/၈လမ်းဆုံမှဖြတ်၍ သွားရမည်။ ဒဂုံတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်ကို သတိတရဖြင့် ဖြတ်သွားရဦးမည်။

ကျော်အောင်ထက်တို့လင်မယားမျှော်နေလောက်ပြီ။

"ဒီလမ်းတွေက ဆိုးတယ်"

ဒရိုင်ဘာက မောင်းရင်းပြောသည်။

"ဟုတ်တယ်··လမ်းကဆိုးလွန်းလို့ ရဲစခန်းကတောင် လက်လန်တယ်"

ဒရိုင်ဘာကြောင်သွားသည်။ ချိုရီရီက လုပ်ချလိုက်ပြန်ပြီ။

"ဟဲ့ ခန့်သော်လင်း··အခုသွားမယ့်အိမ်ကလဲ နင့်အဆက်ဟောင်းအိမ်ပဲလား"

"ဟာ··မဟုတ်ပါဘူး··သူငယ်ချင်းတွေပါ··နင်ကလဲဟာ··ငါ့ရုပ်ရည်နဲ့ အဆက်ဟောင်းတွေ များတယ်ထင်နေသေးလား"

"ဟုတ်ပါတယ်··နင့်ပုံက ပိုစတာထုတ်ရင်တောင် ကျီးကန်းဆိတ်မဲ့ချက်ခွက်နဲ့··"

ချိုရီရီက လှမ်းဖဲ့လိုက်သည်။

(၁၂၅)ရပ်ကွက်ကို ရောက်တော့ ကားတစ်စီးစာသာဝင်၍ရသောလမ်းတွင် စက်ဘီးနှင့်လူတွေကို ဟွန်းသံပေးကာ လမ်းထဲဝင်ရသည်။

လမ်းမပေါ်ထက် အစွန်းထွက်နေသော အမဲအူပြုတ်၊ ဝက်သားဘုတ်ထိုး၊ ကြာဇံခေါက်ဆွဲဆိုင်စသဖြင့် အသေးစားတည်ခင်းရောင်းချသောဆိုင်ကလေးများကို ဝေ့ကာဝိုက်ကာနှင့် ရှောင်တိမ်းရသေးသည်။

ကွမ်းယာဆိုင်မှလမ်းညွှန်မှုကြောင့် သပ်သပ်ရပ်ရပ်ဆောက်ထားသောအိမ်သေးသေးလေးရှေ့တွင် တက္ကစီထိုးရပ်လိုက်သည်။

တက္ကစီစက်သတ်သံကြောင့် အိမ်ထဲမှ ကျော်အောင်ထက်တို့လင်မယားပြေးထွက်လာကြသည်။ တက္ကစီခေါင်းခန်းမှ ဆင်းသော ခန့်သော်လင်းကို



www.burmeseclassic.com

www.burmeseclassic.com


မြင်တော့..

"ဟာ..ဟော့ကောင်..မင်းနောက်ကျလိုက်တာကွာ.."

ကျော်အောင်ထက်က အိမ်အဝင်ဝမှ လှမ်းပြောသည်။

ခန့်သော်လင်းလည်း အိမ်ကိုဆက်သွယ်ထားသော ဝါးတံတားလေး

ကြိုးစားလျှောက်ရသည်။

လဲ့လဲ့နိုင်က ဘိုသီပတ်သီနှင့်ကလေးချော့သိပ်နေရာက ထွက်

သည်။

"ဟဲ့..ခန့်သော်..နင့်အမျိုးသမီးကို အိမ်ပေါ်ခေါ်လေ.."

ဗြုန်းစားကြီးပြောချလိုက်သော လဲ့လဲ့နိုင်စကားကြောင့် ခန့်သော်လ

ထူပူသွားသည်။ ချိုရီရီက ဝါးတံတားကိုတစ်လှမ်းချင်းလျှောက်နေရင်း

တုံ့ခနဲ ရပ်သွားသည်။

ခန့်သော်လင်းက သူသယ်လာသော ကလေးတွန်းလှည်းကိုမပြရင်း

"ဟော့ကောင်..ကျော်အောင်..မင်းသားလေးအတွက် Birthd

လက်ဆောင်.."

"သူငယ်ချင်း..မင်းကတော့ အကြွေးနဲ့ဘဲစားဘဲချေလုပ်နေပြန်ပြီ.."

ခန့်သော်လင်းအိမ်ပေါ်အတက် ခြေလှမ်းအကြောဆွဲသလိုဖြစ်သွ

သည်။

ကျော်အောင်ထက်က နောက်သလိုလိုနှင့်သူတို့ဆီမှချေးထားသော

ငွေကို သတိရလေဟန်ပြောသည်။ အိမ်ပေါ်ရောက်တော့ လဲ့လဲ့နိုင်က စား

ဝိုင်းကို ပြင်ဆင်နေသည်။

"နင်တို့ကလည်း နောက်ကျလိုက်တာ..ကြာဆံချက်က ကုန်သွားပြီ

လူကြီးတွေအတွက် သီးသန့်ဝယ်ထားတဲ့ ဒံပေါက်တွေပဲစားတော့.."

"မတတ်နိုင်ဘူးဟာ..စားရမှာပဲ.."


www.burmeseclassic.com

www.burmeseclassic.com

ခန့်သော်လင်းက အိမ်ဦးခန်းကျဉ်းကျဉ်းလေးထဲ အရင်ဝင်ထိုင်သည်။ ချိုရီရီက သူ့ဘေးတွင် ရိုရိုလေးထိုင်နေသည်။

"ခန့်သော်..မင်းကလဲကွာ..ငါ့အိမ်ကျဉ်းကျဉ်းလေးထဲ ဒီလှည်းလေး ဝယ်လာရတယ်လို့..တခြားဟာဝယ်လာတာမဟုတ်ဘူး.."

ကျော်အောင်ထက်က တစ်နေရာစာကျယ်ကျယ်ပြန့်ပြန့်ပြည့်နေသော ကလေးတွန်းလှည်းလေးကို ရည်ရွယ်၍ပြောသည်။

"ခန့်သော်လင်း..နင်ကလည်း အစကတည်းက ကြိုမပြောဘူး..ငါ.. တခြားဟာဝယ်ပေးမှာပေါ့..ခုတော့.."

ချိုရီရီဝင်ရောက်အပြစ်တင်သည့် စကားကြောင့် ခန့်သော်လင်းနေရ ထိုင်ရခက်နေသလို စကားတွေလည်း ဆွံ့အနေတော့သည်။

"မင်း ယောက္ခမကြီးရော မတွေ့ပါလား.."

ခန့်သော်လင်းက စကားလမ်းကြောင်းလွှဲသည်။

"ငါတို့လင်မယားနှစ်ယောက်တည်းနေတာကွ..တစ်ခါတလေမှ အဘိုးကြီးတွေက လာတာ..ကလေးထိန်းဖို့အဒေါ်တစ်ယောက် အိမ်စောင့်နေ ပေးတယ်လေ"

"အေး..ကောင်းတာပေါ့ကွာ.."

"ဒါနဲ့ မင်းက ဘယ်တွေရောက်နေတာလဲ.."

ကျော်အောင်ထက်က ဆိုင်းမဆင့်ဗုံမဆင့်မေးချလိုက်သည်။

"ငါလား..ဒီလိုပါပဲကွာ..အလုပ်ကိစ္စတွေကများလွန်းလို့..ကိုယ့်ကိစ္စ နဲ့ကိုယ်မအားပါဘူး..မင်းတို့ဆီတောင်ခုမှရောက်ဖြစ်တာပဲကြည့်.."

ခန့်သော်လင်းက ဖြစ်ရပ်မှန်ကိုမှုတည်၍ ပွင့်ပွင့်လင်းလင်းပြော သည်။

"ကိုခန့်..နင်နဲ့ငါကလေးယူကြည့်ရင် ကောင်းမလား.."


www.burmeseclassic.com

 www.burmeseclassic.com 

ကျော်အောင်ထက်နှင့်လဲ့လဲ့နိုင် ဆက်ခနဲခေါင်းထောင်သွားသည်။ ခန့်သော်လင်းကို သံသယမျက်လုံးတွေဖြင့် စူးစိုက်ကြည့်နေရှာသည်။

"ချိုရီရီ..နင်ဘာတွေလျှောက်ပြောနေတာလဲ.."

"ဟ..ငါဘာပြောမိလို့လဲ..နင့်သူငယ်ချင်းလင်မယားရဲ့ကလေးကို ယူကြည့်ချင်တာကိုပြောနေတာ..ကလေးက အိပ်နေတော့ အိပ်နေပုံလေးကို သွားကြည့်ချင်တယ်.."

ချိုရီရီက စကားကိုရှန့်တိန့်လုပ်ပစ်ရာ ခန့်သော်လင်းက သေချင်ဇော် နဲ့သွားသည်။ လဲ့လဲ့နိုင်က အိမ်ခန်းထဲဝင်သွားကာ အိပ်နေသော ကလေးကို ပွေ့ချီလာ၍ ချိုရီရီကိုပြသည်။ ကလေးက အိပ်ပျော်လျက်။

"ချစ်စရာလေးပါလားဟယ်.."

ချိုရီရီက ကလေးရဲ့ပါးကို ဖွဖွလေးဆွဲ၍ပြောသည်။ ဆက်လက်၍ ကလေးကို အာဟာရအစားအစာနှင့်မိခင်နို့အကြောင်း ပြောနေသည်။ ကျော်အောင်ထက်က ခန့်သော်လင်းကို လက်ကုတ်ခေါ်သွားပြီး..

"ဟေ့ကောင်..ဒီမျက်လုံးပြူးပြူးနဲ့ကောင်မလေးက မင်းချစ်သူလား"

"မဟုတ်ပါဘူး.."

"သူ့ကိုမင်းခေါ်လာတာပဲ..ဘာမဟုတ်ဘူးလဲ.."

"ဟုတ်ပါတယ်.."

"မင်းကလဲ..ရှုပ်နေတာပဲ..သူငယ်ချင်း အချင်းချင်းတောင် လျှို့ထား သေးတယ်..မင်းနဲ့ ကောင်မလေးလိုက်တယ်နော်..ယူရင်လဲမြန်မြန်ယူကြကွာ ..မီးဖွားစရိတ်တွေက ထောင်းနေတယ်..ငါတောင်ဒီကလေးမွေးတာ.. ယောက္ခမခြံတစ်ကွက်ပေါင်ထားရတယ်..အချိန်မဆွဲနဲ့..ငါ့ကောင်.."

ခန့်သော်လင်းက ကျော်အောင်ထက်ကိုဖြေရှင်းချက်မပေးနိုင်။



www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ..ငါကြိုးစားပါ့မယ်.."

ချော်လဲရောထိုင်ပြောပစ်လိုက်သည်။ ကျော်အောင်ထက်က တပြုံးပြုံးနှင့်

"အေးကွာ..မင်းကိုခုမှပြန်တွေ့ရတာ ငါဝမ်းသာပါတယ်..နောင်လည်း လာလည်ပေါ့ကွာ..ကောင်မလေးကိုတော့ မင်းအလိုလိုက်ကွာ သူက ငယ်သေးတယ်ကွ.."

ခန့်သော်လင်း အလန့်တကြားထပြေးချင်စိတ်တွေ တဖွားဖွားဖြစ်နေသည်။ ချိုရီရီတော်တော်မွေ့ပါလား။

"သူငယ်ချင်း..မင်းကို ငါအကြွေးပေးရဦးမယ်"

"ထားပါကွာ..ဒီလောက်ငွေလေးနဲ့ မပြောပလောက်ပါဘူး..မင်းခုလိုင့ါသားလေးမွေးနေ့မှာလာတာပဲ ကျေးဇူးတင်တယ်..မင်းအရင်ကထက်စာရင်တော်တော်တိုးတက်နေတာပဲ..မင်းရုပ်ကတော့မပြောင်းဘူး..အနေအထားကတော့ပြောင်းတယ်.."

ကျော်အောင်ထက်က ဘာကိုရည်ရွယ်ပြောသလဲမသိ။ ခန့်သော်လင်းမှာ ရှင်းပြမရတဲ့ကိစ္စကို ထပ်မရှုပ်ချင်၍ မရှင်းချင်တော့။

"ငါ..ပြန်တော့မယ်ကွာ.."

"အေး..မင်းတို့ဘယ်သွားကြဦးမှာလဲ.."

"ငါ..ချိုနွယ်ကျော်မင်္ဂလာဆောင်ကိုသွားရဦးမယ်.."

"အေးကွာ..ငါတို့ကိုလည်းဖိတ်ထားသေးတယ်..မသွားနိုင်တော့ဘူး မင်းပဲပြောလိုက်ပါကွာ.."

"အေး..အေး.."

ခန့်သော်လင်းစိတ်မပါတပါနှင့်ပြောသည်။ ချိုရီရီကိုလှမ်းကြည့်တော့ လှဲလှဲနိုင်နှင့်စကားလက်ဆုံကျနေသည်။


www.burmeseclassic.com

"အစ်ကိုရေ..တစ်နေကုန်တော့မယ်.."

တက္ကစီ ဒရိုင်ဘာက သွားကြားထိုးရင်း သတိလှမ်းပေးသည်။

"သူငယ်ချင်း..ငါတို့ပြန်တော့မယ်.."

ခန့်သော်လင်းတို့လည်း ကျော်အောင်ထက်တို့ လင်မယားကိုနှုတ်ဆက်၍ ပြန်ကြသည်။ ချိုရီရီက..

"ကလေးကို ကျန်းမာရေးဂရုစိုက်နော်.."

မှာဖြစ်အောင် မှာသေးသည်။ ခန့်သော်လင်းဒြါရကိုးပေါက်မှ သက်ပြင်းတွေနှင့်မောပန်းမှုတွေ ထုတ်လွှတ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"ခန့်သော်လင်း··သူတို့ နှစ်ယောက်ကို နင်အောင်သွယ်ပေးတာလား"

"အေးပေါ့ဟာ··"

"သူတို့လင်မယားကြည့်ရတာ အေးအေးချမ်းချမ်းလေးပဲနော်··"

"ဟုတ်တယ်ဟာ··ရပ်ကွက်ထိပ်က ရေခဲခြစ်တို့ဖျော်ရည်တို့ ဆိုင်လေးလဲသူတို့ဖွင့်ထားတယ်··"

"နင်··မပြောင်နဲ့နော်··ခန့်သော်လင်း"

ချိုရီရီက ချစ်စဖွယ်ရန်တွေ့သည်။ ခန့်သော်လင်းက··

"မင်္ဂလာဆောင်တောင်မီပါ့မလား··"

ချိုရီရီဘာမှ ပြန်မပြောဘဲ မျက်နှာထားစူပုပ်ပုပ်လုပ်နေ၏။ ကားလေးက တောင်မြောက်လမ်းဆုံမှဖြတ်ဆင်းလာပြီး ငမိုးရိပ်တံတားကို ဖြတ်နေပြီ။ စံပြဈေးကိုဖြတ်၍ ဇဝနမှတ်တိုင်အကျော်ရှိ ကျွန်းရှေ့ဝါခန်းမကို ရောက်လာလေသည်။

"ကျွန်တော်တော့ မလိုက်တော့ဘူး··ကားထဲကပဲစောင့်နေတော့မယ်"

ဒရိုင်ဘာက ရေခဲမုန့်မကြိုက်သောသူဖြစ်နိုင်သည်။ သူ့ဗိုက်ထဲတွင်



www.burmeseclassic.com

လည်း မုန့်ဟင်းခါးနှင့်ဒံပေါက်တွေအောင်းနေတာလည်း ဖြစ်ပေမည်။

"လပြည့်ဝန်းရွှန်းလဲ့ကာ ခင့်မျက်နှာလေးပါ×××နေရောင်ခြည်လို ဝင်းဝါ မောင့်မျက်နှာပါ×××××"

မင်္ဂလာသီချင်းသံကြားရတော့ ခန့်သော်လင်းရင်ထဲဘာလိုလိုကြီးဖြစ်သွားသည်။

လက်ဖွဲ့ကောင်တာတွင် လက်ဖွဲ့အပ်သည်။ ဝိုင်းတွေကြားထဲမှာ ခေါက်တိုရိုက်နေသော မင်္ဂလာဖနီးမောင်နှံကိုတွေ့ရသည်။

သတို့သမီး ချိုနွယ်ကျော်က နံ့သာရောင်ဝတ်စုံလေးနှင့်မမှတ်မိလောက်အောင် လှပနေသည်။ တွေ့တွေ့ချင်း ရန်ကုန်သူဟုထင်သော သတို့သားကို အကဲခတ်ကြည့်ရာ ရုပ်တည်တည်ခန့်ခန့်ရှိသော်လည်း အရုပ်ကလေးအနည်းငယ်ပုနေသည်။ ချိုနွယ်ကျော်က သတို့သားလက်ကိုဆွဲ၍ ခန့်သော်လင်းတို့အနားရောက်လာ၏။

"ခန့်သော်လင်း..နင်ဝလာတယ်နော်.."

ချိုနွယ်ကျော်က ဝမ်းသာအားရနှုတ်ဆက်သည်။ သတို့သားနှင့်မိတ်ဆက်ပေးသည်။

"ဒါ..ငါ့အမျိုးသားကိုမျိုးသန့်ထွန်းတဲ့"

"ဟုတ်ကဲ့..တွေ့ရတာဝမ်းသာပါတယ်..နောက်ပြီး တွေ့ရတာလဲဝမ်းနည်းပါတယ်"

ချိုနွယ်ကျော် အံ့အားသင့်သွားသည်။

"မသာ..နင်ကတော့..နော်.."

"ဟုတ်တယ်လေဟာ..ရေခဲမုန့်က ခုထိလာမချသေးဘူး"

ချိုရီရီက ဟိုကြည့်ဒီကြည့်နှင့် တစ်ရှူးစတွေ ဆွဲထုတ်နေသည်။

"ခန့်သော်လင်း..မိတ်ဆက်ပေးဦးလေ.."


www.burmeseclassic.com

"အင်း..ဒါ..ငါ့ရဲ့ဆရာမကြီး ချိုရီရီတဲ့.."

ချိုရီရီက ချိုနွယ်ကျော်ကိုလက်ဆွဲနှုတ်ဆက်သည်။

"ချိုရီရီ..ကျွန်မသူငယ်ချင်းမလိမ္မာတာရှိရင် ဆုံးမပေးနော်..ဒီကောင်က တစ်ခါတလေအူကြောင်ကြောင်နိုင်တယ်.."

"တစ်ခုရှိသေးတယ်..ကြွေးလဲထူတယ်"

ချိုရီရီအတည်ပေါက်နှင့် ဖောက်နေသည်။

"ဟဲ့..ဟဲ့..ခုမှသတိရတယ်..နင်ငါ့ကို အကြွေးဆပ်ဦးလေ.."

ချိုနွယ်ကျော်က အကြွေးတောင်းရာ သတို့သားတော်က သေချာအကဲခတ်နေသည်။ အကြွေးကိစ္စက ဘာတွေလဲပေါ့။ သူထင်နေတဲ့ပုံစံက ဘယောဇဉ်လက်ကျန် အကြွေးတွေလားပေါ့။

"နေပါဦးဟာ..နင်ကလဲ မင်္ဂလာယူနေတဲ့အချိန်..အကြွေးလာတောင်းနေတယ်.."

ခန့်သော်လင်းက အသံခပ်အုပ်အုပ်လေးပြောသည်။ ဧည့်သည်တွေဆက်ရောက်လာသဖြင့် ချိုနွယ်ကျော်တို့မင်္ဂလာစုံတွဲလည်း တစ်ဝိုင်းပြီးတစ်ဝိုင်းဆက်ကူး၍ဧည့်ခံနေရရှာသည်။

ချိုနှစ်ချိုရဲ့အချိတ်အဆက် စက်ကွင်းထဲ သူ့အရှက်တွေ ပြုတ်ကျသွားမှာကို ခန့်သော်လင်းလန့်နေသည်။

"ခန့်သော်လင်း..နင့်ဘော်ဒါ မင်္ဂလာဆောင်ကလဲ..ကိတ်မုန့်သေးသေးလေးတွေချည်းပဲ..တော်တော်တွက်ခြေကိုက်မှာပဲနော်.."

"ဟာ..ချိုရီရီ..သူတို့ကြားသွားပါဦးမယ်"

"ထမင်းပေါင်းအိုးလက်ဖွဲ့ရတာ မတန်ဘူးဟာ.."

"အခုတော့ ပြောမနေနဲ့..ချိုနွယ်ကျော်တော့ ကျောင်းတုန်းက လက်ဝဲမှာ သုံးအစွဲကြီးသလောက် ကပ်စီးနဲ့ချစ်တီးနဲ့မှ အိမ်ထောင်ကျရတယ်လို့..



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်..''

''ခစ်..ခစ်..ခစ်''

ချိုရီရီက သဘောကျ၍ရယ်သည်။

''ရယ်မနေနဲ့..ညည့်သည်တွေကျလာပြီ..ငါတို့ပြန်ကြရအောင်''

''အေး..ငါလဲမွန်းကျပ်နေတာနဲ့ အတော်ပဲ..''

ခန့်သော်လင်းလည်း ချိုနွယ်ကျော်တို့ကို နှုတ်ဆက်ရန်ပြင်စဉ်..

''ခန့်သော်လင်း..ငါတစ်ခု မသင်္ကာဘူး..''

ချိုရီရီက ရုတ်တရက်ပြောသည်။

''ဘာ..ဘာဖြစ်လို့လဲ''

ခန့်သော်လင်းက ဘေးဘီဝဲယာတစ်ဘက်တစ်ချက်ကို လှေ့လာလိုက်သည်။

''ငါပြောတာက တက္ကစီဒရိုင်ဘာကို..''

''ဟေ..ဘာဖြစ်လို့လဲ..''

''သူ့ပုံစံကြည့်ရတာ မရိုးသားဘူး..ငါပြောတဲ့ဈေးနဲ့လဲလိုက်တာ..ဒီဒရိုင်ဘာက ၂၀ ရာစုမြေခွေးဂိုဏ်းဝင်လားမသိဘူး''

ခန့်သော်လင်းလည်း တက္ကစီဒရိုင်ဘာပုံစံကို သတိထားမိသွားသည်။ ဒင်းက မျက်မှန်နက်အကျီနက်နှင့်။

''ငါ..တစ်ခုမေးရဦးမယ်..ဒီ ၂၀ ရာစုမြေခွေးဂိုဏ်းသားတွေ ထင်ရှားတဲ့အမှတ်အသားတစ်ခုပါမှာပဲ..ဂိုဏ်းတံဆိပ်ကိုဆေးမှင်ကြောင် ထားတာတို့ ဂိုဏ်းဝင်ကဒ်ပြားတို့..ပေါ့ဟာ..''

''အဲဒီလောက်ထိ..ငါအသေးစိတ်မသိဘူး''

''ထားတော့ဟာ..ငါတို့ဒီကနေဘယ်မှမငှားတော့ဘဲ ပြန်လွှတ်လိုက်မယ်..''



www.burmeseclassic.com

"အေး..ကောင်းတယ်"

ခန့်သော်လင်းတို့ အပြင်ထွက်လာသည်။ အကျိုးအကြောင်းပြောပြထားပေါ်က ပစ္စည်းတွေကိုသယ်သည်။ တက္ကစီလည်းမောင်းထွက်သွား၏။

"ချိုရီရီ..နင်ဘယ်လိုပြန်မှာလဲ..ငါလိုက်ပို့ပေးမယ်လေ.."

"ငါလား..ငါ နင်နဲ့ လိုက်ခဲ့မယ်.."

"ဟာ..မဟုတ်တာ..ငါက အဆောင်မှာနေတာဟ..နင့်ကိုခေါ်လို့ ဘူး..ချိုရီရီရာ..နင့်ကို ငါအိမ်အထိလိုက်ပို့ပေးပါ့မယ်။ နောက်တော့မှ ယ်တွေ့ကြတာပေါ့..နော်.."

"မရဘူးဟာ နင့်အိမ်ကိုတော့ ငါလိုက်လည်မယ်..မရဘူး"

ခန့်သော်လင်းကျိုင်ပတ်ပြီ။

ချိုရီရီကို ရပ်ကွက်ထဲခေါ်သွား၍မဖြစ်ပေ။ သူ့လက်ထဲက စ္စည်းတွေနှင့်လမ်းထဲကိုဝင်လို့မဖြစ်။

ကျီးကန်းလိုကြွေးရှင်တွေက စုပြုံရောက်ချလာမှာ။

"ပြဿနာပဲ..ဒီကောင်မလေးပေကပ်နေပြီ..ငါဘယ်လိုပထုတ်ရမလဲ.. ထားခဲ့ပြီးထွက်ပြေးရင်ကောင်းမလား..အာ..ဒါမကောင်းဘူး..သူ ါ့ကိုကူညီထားတာပဲ..စေတနာကောင်းပြီးဦးနှောက်မကောင်းတဲ့ ကောင်မလေးနဲ့များ သေသေချာချာပဋ္ဌာန်းဆက်လာပါလာသေးတယ်.."

ခန့်သော်လင်းတွေးမိတွေးရာတွေ စုမိနေသည်။

"ချိုရီရီ..နောက်မှငါ့ဆီလာလေဟာ.."

"မရဘူး..အခုလိုက်မှာပဲ..မရဘူး..မရဘူး.."

ချိုရီရီက ကလေးပူဆာသလို ဂျီကျနေသည်။ ပေါက်တဲ့နဖူးမထွေးတော့ ပြီ။



www.burmeseclassic.com

www.burmeseclassic.com


"ကဲဟာ..ဒီလောက်တောင်ပြောမရတာ..လိုက်ခဲ့ဟာ.."

"ဒီလိုမှပေါ့..အဟိ.."

ချိုရီရီက အပြစ်ကင်းစင်သော စိတ်ဝေဒနာသည်မလေးတစ်ဦး

ခန့်သော်လင်းတို့လည်း ဘုရားလမ်းမှတစ်ဆင့် ကျိုက္ကဆံဘုရား

တက်၍ ၁၃ ရပ်ကွက်ဘက်ဆင်းမည်ဟု စိတ်ကူးမိသည်။

ကျိုက္ကဆံဘုရားကို တစ်ပတ်လှည့်လည်ဖူးမြော်ပြီးနောက် ရတ

လမ်းမကြီးဘက်ကို ဆင်းလာကြသည်။ ချိုရီရီက ပျော်ရွှင်မြူးတူးစွာ

လိုက်ပါလာသည်။ ရတနာလမ်းမကိုဖြတ်အကူး..

"ကျွိ.."

ကားတစ်စီးက တုံ့ခနဲထိုးရပ်လိုက်သည်။

ကားနောက်ခန်းမှ လူသုံးယောက်ဆင်းလာသည်။ ခန့်သော်လင

လန့်သွားသည်။ ကမ္ဘာအေးဘုရားပေါ်တွင် တွေ့ခဲ့ရသော ဝင်းသုံးဝ

ဖြစ်နေသည်။ ၂၀ ရာစုမြေခွေးဂိုဏ်းရဲ့ ခြေမရှုံ့ကြေးစားသမားတွေ။

ကားရှေ့ခန်းမှ အဘိုးကြီးတစ်ဦးဆင်းလာသည်။

"သမီး..ဘယ်တွေလျှောက်သွားနေတာလဲ.."

"အဖေ့ကိုပေးတဲ့လိပ်စာအတိုင်းသွားနေတာပါ.."

အဘိုးကြီးက ထောင်ထောင်မောင်းမောင်း ဝဝဖိုင့်ဖိုင့်ကြီး

ခန့်သော်လင်းလည်း ပွေရှုပ်နေသော ပြဿနာတွေထဲ ခေါင်းတိုးဝင်မိနေပြ

"သမီး..ဒီလိုငွေတွေကိုင်ပြီး လျှောက်သွားနေတာ အန္တရာယ်မျာ

တယ်.."

"ဒါဆို..သမီးရဲ့အမေမဟုတ်တဲ့ အဖေ့ရဲ့မိန်းမကြီးငွေတွေကိုင်ပြ

လောင်းကစားလုပ်နေတာကရော အန္တရာယ်မများဘူးလား.."

အဘိုးကြီး ရုတ်တရက်ဆွံ့အသွားသည်။ သမီးကိုင်မိနေသော ဖခင



www.burmeseclassic.com

www.burmeseclassic.com


ခန့်သော်လင်းကို မှောင်ကျသွားအောင် စူးစူးဝါးဝါးကြည့်နေသည်။

"သမီးရယ်··အဖေနဲ့ပြန်လိုက်ခဲ့ပါ··"

"သမီး··ဟောဒီကိုယ်ရံတော်လေးနဲ့အတူတူနေဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟေ့ကောင်··မင်း ငါ့သမီးကို ဘာတွေသွေးဆောင်ဖြားယောင်းထားတာလဲ သမီးက မင်းဘက်ပါနေတယ်ကွ··"

အဘိုးကြီးက ဒေါသတကြီးအော်ဟစ်လိုက်သည်။

"ဟာ··ကျွန်တော်··ကျွန်တော်··ဘာမှမလုပ်ပါဘူး··"

ခန့်သော်လင်း ထိတ်ထိတ်ပျာပျာနှင့် ပြန်ဖြေရှာသည်။

"ကံကောင်းလို့··ငါ့အချိန်မီလိုက်လာလို့··မင်းကွာ··မင်း ငါ့သမီးကို ပြန်ပေးဆွဲပြီးငွေညှစ်မလို့လား··"

"ဟာ··အန်ကယ်ကလဲ··ကျွန်တော်ဒါမျိုးတွေ မလုပ်ရဲဘူး"

"မင်းဘာမှဝင်မပြောနေနဲ့··မင်းနဲ့ငါ့နောက်မှရှင်းမယ်··သမီး··အဖေနဲ့ ပြန်လိုက်ခဲ့နော်··"

"မလိုက်ဘူး··အဖေ့အိမ်မှာဟိုမိန်းမရှိနေရင် မလိုက်ဘူး··"

အဘိုးကြီးက နောက်တွင်ရပ်နေသော ဝင်းသုံးဝင်းကို··

"ဟေ့ကောင်တွေ··ထုံးစံအတိုင်း··"

ဝင်းသုံးဝင်းက ခါးကြားထဲမှ တစ်ခုခုထုတ်ရန်ပြင်သည်။

"ခန့်သော်လင်း··ငါ့ကိုနင်ကာကွယ်ဦး"

ချိုရီရီက ခန့်သော်လင်းလက်ကိုဆွဲထားသည်။

ဝင်းသုံးဝင်းက ခါးကြားမှ ထုတ်လိုက်သောအရာဝတ္ထုမှာ ကျွတ်ကျွတ်အိတ်အရှည် (ကျန်းကျောင်းအိတ်)များဖြစ်သည်။ ၎င်းအထဲတွင် ဘာပစ္စည်းထည့်ထားသလဲ။

ဝင်းသုံးဝင်းက ကျွတ်ကျွတ်အိတ်များကို လက်နှစ်ဘက်ဖြင့်


www.burmeseclassic.com

တဂျွတ်ဂျွတ်မြည်အောင်ချေမွနေ၏။ ချိုရီရီမှာ နားနှစ်ဘက်ကိုပတ်၍..

"အဖေ..မလုပ်နဲ့..သွားကျိန်းတယ်.."

ကျွတ်ကျွတ်အိတ်အသံက ပိုမြည်လာလေချိုရီရီ မခံမရပ်နိုင်အောင် ဖြစ်လာလေလေ။

ထူးဆန်းလှသော နိုင်ကွက်ပါတကား။ (ကျွတ်ကျွတ်အိတ် အသံကြိုးကြိုး ဂျွတ်ဂျွတ်ကိုကြား၍ သွားကျိန်းတတ်သောအကျင့်ရှိသည့် ကောင်မလေး ကောင်လေးတွေ တကယ်ရှိပါသည်။)

"ရပ်ပါတော့..အဖေရယ်..သမီးပြန်လိုက်ခဲ့ပါ့မယ်.."

ချိုရီရီက နားနှစ်ဖက်ကို ပိတ်၍ကားပေါ်ပြေးတက်လေသည်။

"ကိုယ်ရုံတော်..နောက်မှတွေ့မယ်နော်"

အဘိုးကြီးကလည်း ခန့်သော်လင်းကို ကျိန်းသည်။

"မင်း..အိမ်ကိုငါလာတွေ့ဦးမယ်.."

ကားကို ဝူးခနဲမောင်းထွက်သွားသည်။ ခန့်သော်လင်းလည်းကြောင် တောင်တောင် ငူငူငိုင်ငိုင်နှင့် ကျန်ရစ်ခဲ့၏။

"ဩော်..ငါ့ဘဝနှယ်..ဘာမှန်းကိုမသိဘူး..မိုးနတ်မင်းကလဲ အကြွေးဆပ်ပေးမယ့် အာလာဒင်လွှတ်ပါဆို..အခုတော့ ရောသမမွှေမဲ့ ဥမ္မာ လေဒီကို လွှတ်လိုက်တယ်..သေချင်စော်နံတာပဲ..ဟော..အခု ငါ့ဘဝက တစ်ရက်သာကောင်းစားခဲ့တဲ့ကောင်ဖြစ်သွားပြီ..နောက်ရက်တွေကတော့ ချိုရီရီလည်း လာထောက်ပံ့မှာမဟုတ်တော့ဘူး..တွေ့ဆုံကြုံပျောက်ပါပဲ.. သင်္ခါရသဘောတရားတွေပေါ့..ဟိုကောင်တွေက တစ်မျိုးတစ်ဖုံထင်ကြမှာ ..ပြန်တွေ့ရင် မျက်နှာမပြဝံ့စရာနှစ်ချက်ရှိတယ်။ တစ်ချက်က အကြွေးကိစ္စ ..တစ်ချက်က ချိုရီရီကိုမေးမယ့်ကိစ္စတွေ..ဘာပဲဖြစ်ဖြစ်လေ..ကမကုန်သေး ရင်တော့ ပြန်ဆုံကြမှာပေါ့ အဘိုးကြီးကတော့ ငါ့ကိုတွေ့ဦးမယ်တဲ့..ချိုရီ



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပါ ပဋ္ဌာန်းဆက်များပါသလားမသိဘူး…အင်း…ကောင်မလေးက စိတ်သာ
ခန့်တယ်…ရည်ရည်မွန်မွန်လေး တော်ရုံတန်ရုံလူက သူ့ကိုရှူးတယ်လို့မထင်
ဘူး…မိတွေးနဲ့နေရတော့လည်း ဒီလိုရှိမှာပေါ့…"

ခန့်သော်လင်း သို့လော သို့လောတွေ နှင်းကန်တွေးရင်း ကိုယ်နေ
ဘဲ့လမ်းကိုတောင် ကျော်သွား၍ နောက်ပြန်လျှောက်ရသည်။ မထင်မှတ်
ဘဲ ဆုံခဲ့ရသော ချိုရီရီသည် မထင်မှတ်ဘဲထပ်ပေါ်လာမှာလည်း တွေးနေ
ရသေးသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

"ဒါ..မောင်ခန့်သော်လင်းတို့ အိမ်လားမသိဘူး.."

အပြင်က အော်သံကြောင့် အိပ်ရာထနောက်ကျသော ခန့်သော်လင်းကို သီချင်းရေးဆရာဘော်ဒါက အတင်းနှိုးရသည်။ ခန့်သော်လင်းအိပ်မှုန်စုံဖွားဖြင့် ထလာသည်။

"ဘယ်သူလဲကွာ..ဝါး"

"ဟော့ကောင်..အဘိုးကြီးတစ်ယောက်ကွ..မင်းကိုလာရှာတာ.."

ခန့်သော်လင်း ချက်ချင်းပြေးထွက်သွားရသည်။ အိမ်ရှေ့တွင်ရပ်နေသော အဘိုးကြီးက ချိုရီရီရဲ့ ဖခမည်းတော်ကြီးလေ။

"ဟာ..အန်ကယ်..အိမ်ထဲဝင်လေ.."

ခန့်သော်လင်းမရဲတရဲခေါ်မိသည်။ စပ်စုသူအချို့က ချောင်းကြည့်နေကြသည်။

အဘိုးကြီးက ချိန့်နေသော လှေကားလေးကို သူ့ဝိဇ်ဖြင့်ထိန်း၍ တက်ရ၏။



www.burmeseclassic.com

ခန့်သော်လင်းမျက်နှာအမြန်သစ်ပြီး အဝတ်အစားလဲ၍ ထွက်လာသည်။

“မောင်ခန့်သော်လင်း..တစ်ခုခုသွားသောက်ရအောင်..”

အဘိုးကြီးက စိတ်ကျဉ်းကျပ်သလားမသိ။ လက်ဖက်ရည်ဆိုင်ကိုခေါ်သည်။ ခန့်သော်လင်းလည်း အပြင်ထွက်ချင်နေသဖြင့် အတော်ဖြစ်သွား၏။

အဘိုးကြီးက ကားပါ၍အိမ်ရှေ့တွင် ရပ်ထားသည်။ ဝင်းသုံးဝင်မပါဘဲ သူတစ်ယောက်တည်းမောင်းလာတာဖြစ်မည်။

ပတ်ဝန်းကျင်မှလူများ (အထူးသဖြင့် ခန့်သော်လင်းရဲ့ ရပ်မိရပ်ဖခြွေးရှင်များ)က ပန်းကန်ပြားပျံကြီးတစ်ခုရောက်နေသကဲ့သို့ ထူးဆန်းစွာကြည့်နေကြသည်။

ခန့်သော်လင်း လည်းမသိမသာ ရင်ကော့၍ထီမထင်မျက်နှာပေးနှင့်ကားတံခါးကိုဆွဲဖွင့် လိုက်သည်။

ကားပေါ်နှုတ်ခမ်းတစ်ချက်ရွဲ့နေသော မျက်နှာဖြင့်ဝင်ထိုင်၏။

ကားလေးက လမ်းထဲမှအထွက် လမ်းထဲကလူတွေက ထွက်ကြည့်နေကြသည်။ ထင်ကြေးအမျိုးမျိုးနှင့်လည်း ဝေဖန်ကြသည်။

“ခန့်သော်လင်းဘောစိထင်တယ်..”

“ဒီကောင်က ရပ်ရှင်ထဲကလို အိမ်ကထွက်ပြေးပြီး ဒီမှာဇာတ်မြှုပ်နေတာထင်တယ်..အခု သူ့မိဘက ပြန်တွေ့သွားလို့လာခေါ်တာထင်တယ်..”

“ဒါဆိုရင် ငါတို့အကြွေးတွေကို သူဆပ်နိုင်မယ့်သဘောရှိတယ်”

“ဒီကောင်ဇာတာတွေ တက်လာတာဟားဟ..”

ဘယ်သူတွေဘာပြောပြော ခန့်သော်လင်းက ဂရုမစိုက်ပေ။

အဘိုးကြီး က မနေ့က လေသံမျိုးမဟုတ်ဘဲသူနှင့်တခုခုဆွေးနွေးချင်လို့



www.burmeseclassic.com

လာရောက်ခြင်း ဖြစ်နိုင်သည်။ အဓိကက ချိုရီရီအကြောင်းနေလိမ့်မည်။

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။ ခန့်သော်လင်းက လက်ဖက်ရည်တစ်ခွက်မှာသည်။

"အန်ကယ်..ဘာကိစ္စများရှိလို့လဲ.."

"ပြောရမှာတော့ အရှည်ကြီးပဲကွာ.."

အဘိုးကြီးက ရစ်ကြောဆွဲဆန့်မည့်သဘောလားမသိ။

"ဟုတ်ကဲ့..ပြောပါ..အန်ကယ်"

"ဘယ်ကစပြောရမှန်းတောင်မသိဘူး..ဒီလိုပါ..ငါ့တူရယ်..ဦးက မြန်မာပြည်အထက်ပိုင်း မန္တလေးတိုင်းက တောင်သမန်ရွှေအင်းကလေညှင်း ဆော်တဲ့ အမရပူရမြို့နယ်သားပါ.."

"သြော်..ဦးရဲ့ဇာတိချက်ကြွေမွေးရပ်မြေက အမရပူရမြို့ပေါ့.."

ဘိုးတော်က မန္တလေးသားပီပီစကားရှည်ကြောတော့မည်။

"အုတ်ကျစ်ကျောဲ်အေးမန္တလေးလို့ ဆိုရိုးရှိခဲ့တယ်မဟုတ်လား..ဒါနဲ့ မင်းမန္တလေးရောက်ဖူးလား.."

"ဗျာ..အဲ..တစ်ခါတော့ရောက်ဖူးတယ်"

"အေးကွာ..အရင်မန္တလေးနဲ့အခုမန္တလေးမတူတော့ဘူး..ကုန်းဘောင် ခေတ်ရဲ့ နေဝင်ချိန်က ရတနာပုံပဲ.."

"ရတနာပုံက ကုန်းဘောင်ကြီးကြော်စားပြီး နေဝင်ချိန်မှာ သီချင်းလာ ဆိုတာလား.."

"ဟာ..မင်းဘာတွေလျှောက်ပြောနေတာလဲ..မင်း..သမိုင်းနဲ့တော်တော် ဝေးတဲ့ကောင်ပဲ.."

"ကားနှစ်ဆင့်လောက် ပြောင်းစီးရင်ရောက်ပါတယ်.."

"ရန်ကုန်ကသမိုင်းမြို့နယ်ကို ပြောတာမဟုတ်ဘူး..မန္တလေးသမိုင်းကို



www.burmeseclassic.com

ပြောတာ..”

“မန္တလေးမှာလဲ သမိုင်းမြို့သစ်ရှိတာပဲလား..အန်ကယ်”

စကားတွေက ရှေ့နောက်မညီ ဗလုံးဗထွေးတွေဖြစ်ကုန်သည်။

“ဟုတ်တယ်..အန်ကယ်ရာ..ဂေါ်ဝိန်ဆိပ်ကမ်းကနေ အိန္ဒိယနိုင်ငံကို ခေါ်ဆောင်သွားခြင်းခံရတဲ့ အရှင်နှစ်ပါး ပါတော်မူ မြင်ကွင်းကို မျက်စိထဲက မထွက်ဘူးဖြစ်နေတယ်..”

“အဲဒီတုန်းက မင်းကိုမမွေးသေးပါဘူး”

“ဒါတော့ဒါပေါ့..လေးလေးရ..ကျွန်တော်တို့စာသင်တုန်းက သီပေါမင်းပါတော်မူခန်းပုံလေးကို တွေ့ပြီး မျက်စိထဲက ထွက်မရတာ..”

ခန့်သော်လင်းက အတည်ပေါက်နှင့်လိုရင်းမရောက်သော အန်ကယ်ကြီးကို ပြန်ရစ်နေသည်။ မန္တလေးရာဇဝင်ကို ခင်းပြီးမှအခု ရန်ကုန်ဘက်ကို ရောက်လာမှာမို့ ခန့်သော်လင်းအလိမ္မာနှင့်စကားဖြတ်မေးရန်ပြင်သည်။

“ချိုရီရီကိုလဲ မန္တလေးမှာမွေးတာပဲလား”

“ဟင့်အင်း..သမီးလေးကို ကေတုမတီတောင်ငူမှာမွေးတာ..တောင်ငူရဲ ရာဇဝင်က ထင်ရှားတဲ့သမိုင်းအထောက်အထားတွေရှိခဲ့တယ်ကွ..ရှေးတောင်ငူ သားတွေရဲ့ ခလေ့စရိုက်၊ ဝါသနာဘာဂီ၊ ပီသတဲ့စိတ်နေစိတ်ထား၊ စကားဆို ရိုးတွေက အရမ်းမှတ်သားဖွယ်ကောင်းတယ်။”

မန္တလေးကနေတောင်ငူရောက်လာပြီ။ ခန့်သော်လင်းအချိန်တွေကုန်၍ စိတ်ညစ်နေသည်။

သူ့ထံမှတောင်ငူရာဇဝင်ကိုလည်း စနည်းနာရပြန်ပြီ။ တောင်ငူမင်းဆက် တွေနှင့် နတ်သျှင်နောင်ရတုတွေအထိပြောသည်။

ခန့်သော်လင်းစိတ်မရှည်တော့ပေ။

“အန်ကယ်..ကျွန်တော့်ကို သမိုင်းစာသင်နေတာတော့ မဟုတ်ပါဘူး



www.burmeseclassic.com

နော်"

အဲဒီလိုသတိပေးမှ အဘိုးကြီးက ဘရိတ်အုပ်တော့သည်။

"ခုလိုပြောနေတာတွေကို တစ်မျိုးမထင်ပါနဲ့ကွာ..မင်းရဲ့စိတ်ရှည် သည်းခံနိုင်မှုအတိုင်းအတာကို ငါလေ့လာနေတာပါ..မင်းနေရာမှာတော်ရုံ တန်ရုံကောင်ဆိုရင် စိတ်ပျက်ပြီးထွက်ပြေးသွားမှာ အမှန်ပဲ..မင်းကိုငါ့သမီး နဲ့ စတွေ့ချိန်မှာတော့ ငါတော်တော်စိတ်ဆိုးတယ်..ဒါပေမယ့်ကွာ..မင်းကို ခုလိုငါ့သမီးနဲ့ ရိုးရိုးသားသားတွေ့ပြီး သမီးကိုစောင့်ရှောက်ပေးခဲ့တာ သိရ တော့ ငါဝမ်းသာတယ်..တခြားယောကျ်ားလေးတွေဆိုရင် ငါ့သမီးဘဝတွေး ဝဲ့မှာတောင်မဟုတ်ဘူး.."

အဘိုးကြီးက တစ်စုံတစ်ခုနှင့်ရစ်ပတ်ချုပ်နှောင်နေသလော။

"အန်ကယ်..ချိုရီရီက တကယ်စိတ်ကျန်းမာရေးမကောင်းသူလား"

"ဟုတ်ပါတယ်ကွယ်..သူ ငါးနှစ်သမီးလေးမှာ မိခင်ဖြစ်သူက ကား မှောက်ပြီးဆုံးသွားခဲ့တယ်..အဲဒီအချိန်ကစပြီး သမီးလေးက သူ့မိခင်ကို တမ်းတတဲ့စိတ်တွေနဲ့ ကျန်းမာရေးမကောင်းရာကနေ စိတ်ခံစားမှုအဆုံးစွန် ရောက်ပြီး ခုလိုဖြစ်သွားရတာပဲ..သူက သူများကိုတော့ဒုက္ခမပေးတတ်ပါ ဘူး..စိတ်ထင်ရာတစ်ခုခုလုပ်ရင်လဲ သိမ်သိမ်မွေ့မွေ့ပဲလုပ်တတ်တယ်။ အခု လုပ်သလို ပုံစံမျိုးပေါ့..သူစုထားတဲ့ငွေတွေထည့်ပြီး လျှောက်သွားချင်သွား နေတာ..သူ့စိတ်က ပုံမှန်မရှိတော့ အန္တရာယ်များတယ်.."

"ဖြစ်မှဖြစ်ရလေ..အန်ကယ်ရယ်..ကျွန်တော်ချိုရီရီနဲ့တွေ့တော့ ရိပ်တော့ရိပ်မိပါတယ်..ကျွန်တော်မှန်ရာကို သစ္စာဆိုပါ့မယ်..ချိုရီရီကို လက်ဖျားနဲ့တောင်မတို့မထိ။ အခွင့်အရေးမယူခဲ့တာပါ..ကျွန်တော်ရိုးသားမှု ကို အန်ကယ်ယုံပါ.."

"အင်း.."



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက သက်ပြင်းတွဲကြီးချက်လိုက်သည်။

"ငါ့သမီးက မင်းကိုအမြဲမေးနေလို့ အခု ငါမတတ်သာဘဲဒီကိုလာခဲ့ရတာပဲ..မထင်မှတ်ဘဲမင်းကို ခင်သွားတာကွ..ငါတော့ နားမလည်နိုင်ဘူး..သူက အရေးတယူကြည်ဖြူစွာလက်ခံစကားပြောဖော်ရွေပြတဲ့သူဆိုလို့ မင်းတစ်ယောက်တည်းပဲရှိတော့တယ်..အဖေရင်းဖြစ်တဲ့ ငါ့ကိုဆောင် တစ်နေ့နေလို့ စကားတစ်လုံးမပြောဘူး..မင်းအကြောင်းတွေ ငါ့ကိုသူပြောပြတာက မင်းကိုသူဘယ်လောက်ခင်တယ်ဆိုတာ ငါခန့်မှန်းလို့ရတယ်"

ခန့်သော်လင်း ဘဝတစ်လျှောက်လုံး ဘယ်သူမှခုလောက်ပီပီပြင်ပြင်ချီးကျူးမခံခဲ့ဘူးသဖြင့် မနေတတ်မထိုင်တတ်ဖြစ်နေသည်။

"သမီးလေးက ငါနောက်အိမ်ထောင်ပြုထားတဲ့ မာလာဝင်းကိုသဘောမကျဘူး ဒါကြောင့် သမီးလေးက အိမ်မှာမနေဘဲလျှောက်သွားနေတာ..ငါ့မှာအလုပ်ကတစ်ဘက်နဲ့ သူ့ကိုထိန်းနေရတာက တစ်လုပ်ဖြစ်နေတယ်..ဒီတော့မင်းငါ့ကို တစ်ခုလောက်ကူညီနိုင်မလား.."

"ပြောပါ..အန်ကယ်"

"ငါ့သမီးလေးကို မင်းစောင့်ရှောက်ပေးကွာ..ငါ့သမီးလေးကိုမင်း..ကိုယ်ရံတော်အဖြစ်တစ်မျိုး၊ ဘော်ဒီဂတ်အဖြစ်တစ်ဖုံ၊ ပျော်တော်ဆက်အဖြစ်တစ်သွယ်ဆောင်ရွက်ပေးကွာ.."

"ဟာ..အန်ကယ်..မဖြစ်နိုင်ဘူးထင်တယ်..ကျွန်တော်မှာက အလုပ်တစ်ဘက်နဲ့"

"အဲဒီအလုပ်ကထွက်လိုက်ပါကွာ..နောက်ပြီး အခုမင်းနေတဲ့အိမ်ကနေငါ့ဆီကိုပြောင်းလာခဲ့..ငါ့သမီးလေးနဲ့ အနီးကပ်နေပေးပါကွာ..ငါကသမီးလေးရဲ့ဝေဒနာကို ကုဖို့နိုင်ငံခြားက ဒေါက်တာကြီးတွေနဲ့သွားခွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ရမယ်··ငါ့လုပ်ငန်းတာဝန်တွေကိုတော့ မာလာကဦးစီးလိမ့်မယ်··"

စိုင်ကော်လျှိုခြုံပေါ်ရောက်တော့ Remote controlနဲ့ လွှားခနဲကျော်လိုက်သလိုပဲ။ ခန့်သော်လင်းဘာလိုလိုနှင့် သူဌေးအိမ်ရောက်တော့မည်။

"အန်ကယ်··ပြောနေတာတွေက တကယ်လား··"

"အဲဒီအချိန်မှာ မင်းကိုနောက်ပြောင်စရာဘာအကြောင်းမှ မရှိပါဘူးကွာ··ငါက သမီးလေးကိုချစ်တယ်··သမီးလေးအလိုကျ ဆောင်ရွက်ပေးမှာက ဖခင်တစ်ဦးရဲ့ထိပ်တန်းတာဝန်··သမီးလေးရဲ့ ဆန္ဒကိုဖြည့်ဆည်းပေးရမှာက ဖခင်ရဲ့ဝတ္တရား··မိဘတိုင်းက သားသမီးကိုချစ်ကြတာပဲ··တို့ခေတ်ခွဲကက်ဆက်ဗုံးခွဲသာ ပစ်ရိုးထုံးစံရှိတယ်··သားဆိုးသမီးဆိုးပစ်ရိုးထုံးစံမရှိပါဘူး··"

အရေးထဲ မိဘဋ္ဌီကာချဲ့ထွင်ပြနေပြန်ပြီ။

"အန်ကယ်ရယ်··ကျွန်တော်စဉ်းစားပါရစေဦး··"

"မင်းသေချာစဉ်းစားပါကွာ··ငါ့သမီးပြောပြချက်အရ မင်းမှာတင်နေတဲ့အကြွေးတွေရှိတယ်ဆို··အဲဒါတွေကို ငါဆပ်ပေးပါ့မယ်··"

ခန့်သော်လင်း ရှက်သွားသည်။ ချိုရီရီက သူ့အဖေကို ခရေစေ့တွင်းကျပြောပြထားပုံရသည်။

"ရပါတယ်··အန်ကယ်ရာ··အကြွေးလေးတွေက မဖြစ်စလောက်လေးတွေပါ··ချိုရီရီစိတ်ချမ်းသာမယ်ဆိုရင် သူ့ဘေးမှာနေပေးပါ့မယ်··"

"အေးကွာ··အဲဒီစကားကြားရတာ နှစ်ထောင်းအားရှိသကွဲ့··ငါ့သမီးကို ပြန်ပြောရင်လဲ အရမ်းသဘောကျမှာကွ··ဟေး··ဟေး··"

အဘိုးကြီးက သဘောတွေကျနေသည်။

"မောင်ခန့်သော်လင်း··အန်ကယ်တို့သားအဖနှစ်ယောက်ကို မလှည့်စားပါနဲ့နော်"



www.burmeseclassic.com

အဘိုးကြီးက တောင်းဆိုသည်။

"ဟာဗျာ..အန်ကယ်ကလဲ..ငရဲပေးနေပြန်ပြီ..ချိုရီရီကိုပြောလိုက်ပါ ကျွန်တော်..တစ်နေ့နေ့လာခဲ့ပါမယ်.."

"အေး..အေး..သိပ်တော့မကြာစေနဲ့.."

"အခြားတော့မဟုတ်ဘူး..ဒီလကုန်ရင် အိမ်ငှားခထပ်ပေးရမှာ.."

ခန့်သော်လင်းက စကားခေါ်သည်။

"ပေးမနေနဲ့တော့ ငါ့အိမ်ကိုသာ ကြွခဲ့ကြပေတော့.."

အဘိုးကြီးက သူ့အိမ်ကိုပါ တခါတည်းလိုက်ခဲ့ရန် ခေါ်သည်။

"မင်း..လက်ရှိအကြွေးတွေကို ဆပ်ဖို့အတွက် ငါငွေပို့ခိုင်းလိုက်မယ်.."

"ကျေးဇူးတင်ပါတယ်..ဦးရယ်"

ခန့်သော်လင်းအနုပ်စုတ်ဘဝကနေ ရွှေဖလားရချေပြီ။ မရှယ်ဘဲစော်ကဲ ခြင်းဖြစ်ပြီ။

အဘိုးကြီးက လက်ဖက်ရည်ဖိုးတွေ ရှင်း၍ထွက်သွားသည်။

"ဟားဟား..ငါတော့ သားရတနာရွှေအိုးဆိုက်ကိန်းကြုံပြီ.ဟီ..ဟိ"

ခန့်သော်လင်းမှာ စိတ်ကူးယဉ်စရာတွေတစ်ထောင်ကြီးပင်။ သူ့စိတ်ကူး ရှိန်က ကောင်းကင်ကိုပါ ထင်ဟပ်သလားမသိ။

မိုးတွေရွာလာသည်။ မိုးတွင်းမို့ မိုးရွာတာမထူးဆန်းပေမယ့် ခန့်သော်လင်းက မဆီမဆိုင်သူ့ဘုန်းကံကြီးသဖြင့် ဆိုင်းမဆင့်ဗုံမဆင့် ရွာသည်ဟု ထင်နေသည်။

မိုးရွာသည်ကို ဂရုမစိုက်လေဟန်ဖြင့် ထီးမပါဘဲခပ်ကော့ကော့လေး လမ်းလျှောက်လာသည်။ မိုးက သဲသဲမဲမဲမဟုတ်။

ခန့်သော်လင်းသူနေသည့် လမ်းထိပ်ကို ရောက်လာ၏။



www.burmeseclassic.com

"ဟဲ့ ခန့်သော်လင်း..မိုးမိပြီးလျှာနေဦးမယ်..တော်ကြာငါ့အကြွေး တွေ မပေးနိုင်ဘဲဖြစ်နေမယ်.."

မုန့်ဟင်းခါးဆိုင်မှ ဒေါ်နုက လှမ်းပြောသည်။

"ဟားဟား..ဒီမှာ ဒေါ်ဒေါ်နု..ခန့်သော်လင်းဆိုတဲ့ကောင်က များမကြာခင်သော့စ်ဖြစ်တော့မှာဗျ..စောင့်ကြည့်ကြ.."

ခန့်သော်လင်းမိုးရေတွေထဲ ခုန်ပေါက်ထွက်ပြေးသွားသည်။

"ဒီကောင်လေး..ဂေါက်သွားပြီထင်တယ်"

ဒေါ်နုက မှတ်ချက်ချသည်။

ခန့်သော်လင်းအိမ်ရောက်တော့ အဝတ်အစားလဲ၍နှပ်နေသည်။ အတွေးထဲမှာတော့ သူ့ကိုယ်သူဇာတိကသူဌေးကြီးပေါ့။

စိတ်ကူးနှင့်ရှူးရတဲ့ အရသာက အကောင်းဆုံးမုန့်တွေနှင့် မယှဉ် နိုင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

မှုန်ကုပ်ကုပ်အရက်ဆိုင်လေး၏ ချောင်ကျကျစားပွဲလေးတွင် အရက်ဖြူတစ်လုံးနှင့်ဇိမ်ကျနေသူတွေက ခန့်သော်လင်းနှင့်သီချင်းရေးဆရာပင်။ ချိုရီရီတို့၏ ဖြစ်ကြောင်းစုံလင်များအား သီချင်းရေးဆရာအားဖွင့်ပြောနေသူက ခန့်သော်လင်းဖြစ်သည်။

"သူငယ်ချင်း..မင်းသိပ်ကံကောင်းတာပဲ.."

သီချင်းရေးဆရာက ဖန်ခွက်ထဲအရက်အနည်းငယ်ကိုထည့်၍ ရေခွက်ထဲရေထည့်လိုက်သည်။

ပြီးနောက် အရက်ခွက်ကိုငွပ်ခနဲသောက်၍ ရေတစ် ခွက်ကို ရှုံ့မဲ့စွာ ထပ်သောက်လိုက်ပြန်၏။ ဒင်းကံကောင်းပုံကိုချီးကျူးသည် ကလည်း အရက်ဝင်သွားသော မျက်ခွက်နှင့်။

"ငါ..ဘာဆက်လုပ်ရမလဲ.."

"မင်းအတွက် အကောင်းဆုံးတစ်ခုကို ငါပြောမယ်.."

သီချင်းရေးဆရာက ကြွက်သွန်ဖြူတစ်ဖတ်ကို နွှာ၍စားနေ၏။



www.burmeseclassic.com

"ပြောစမ်းပါဦးဗျာ"

"မင်း ဒီ စိတ်မနံ့တဲ့ကောင်မလေးကို ရအောင်ချိုင်ကွာ.."

"ဗျာ..ဟာ..ခင်ဗျားကလဲ..အခွင့်အရေးယူတဲ့သူလိုဖြစ်နေမှာပေါ့"

ခန့်သော်လင်းက ငြင်းသည်။

"မင်းကလဲကွာ..တုံးလဲတုံး..ညံ့လဲညံ့..ဘာကောင်မှန်းမသိဘူး..မင်းအတွက်ရေကန်အသင့်ကြာအသင့် ဖန်ပေးတာတောင် အရိုးများသလေးနေ့ခါးသလေးနဲ့ ပထုတ်ချင်တဲ့ကောင်..လူ့တစ်သက်မှာ အခွင့်အရေးဆိုတာတစ်ကြိမ်လောက်ပဲ လာတာကွ..ဒါကို မင်းငြင်းဆန်လိုက်ရင် ဘဝတစ်လျှောက်လုံးမျှော်မနေနဲ့တော့ သွားပြီ..ဆုံးရှုံးပြီသာမှတ်လိုက်တော့.."

"ကျွန်တော်..မလုပ်ရဲဘူးဗျာ.."

"လဲသေလိုက်ကွာ..မင်းနဲ့ငါနေရာချင်းသာလဲလိုက်ချင်တယ်..ခုဟာကနေရင်းထိုင်ရင်းနဲ့ သူဌေးသမက်ဖြစ်ရမယ့်အခွင့်အရေးကွ.. ကောင်မလေးကလည်း မင်းမှမင်းဖြစ်နေတာ..အဘိုးကြီးကိုယ်တိုင်က မင်းကိုယုံကြည်ပြီးကိုယ်တိုင်လာရောက်ပြောပြီးသွားပြီပဲ..ဘာတွေ အတွေးခေါင်နေတာလဲ.."

သီချင်းရေးဆရာပြောတာတွေကလည်း မှန်နေပြန်သည်။

"ကျွန်တော်အကြွေးတွေ ကျေချင်တာတော့အမှန်ပဲ.."

"ဟ..မင်းက အကြွေးကျေရုံတင်မကဘူး..သူဌေးပါဖြစ်မယ့်ကိန်း..မင်းကို ငါတစ်ခုပြောမယ်..အဘိုးကြီးရဲ့ပိုင်ဆိုင်မှုတွေကို မင်းကပိုင်ပိုင်ကြီးရမှာကွ..မင်းအတွက် ဖွတ်သွင်းရထားတင်မက လေယာဉ်ပျံကြီးတစ်စီးပါ ဆိုက်တာပဲ ဝေးလံခေါင်သီတွေလျှောက်မတွေးနေပါနဲ့ကွာ.."

သီချင်းရေးဆရာက တိုက်တိုက်တွန်းတွန်းပြောသည်။ သူလည်းသုံးခွက်ဆင့်မော့ထားတာ မူးလည်းမူးနေပြီ။

"မင်း..ဒီကောင်မလေးကို သံယောဇဉ်မဖြစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဂရုဏာသံယောဇဉ်တော့ရှိပါတယ်"

"အဲဒါကို မင်းအခြေခံပြီး ၁၅၀၀အချစ်ကို တည်ဆောက်ရမှာကွ"

"ကောင်မလေးစိတ်မနံ့တာကို အခွင့်ကောင်းယူနေသလို ဖြစ်နေလား"

ခန့်သော်လင်းက မဝံ့မရဲပြောသည်။

"မင်းကွာ..ခန့်သော်လင်း..ရေရေလည်လည်ပိန်းတဲ့ကောင်ပဲ..မင်းလို လခစားဘဝနဲ့သာမာန်ဘဝနဲ့နေရ ထိုင်ရတာဘယ်လောက်ချိုတဲ့သလဲ..ကံပေါ်ချင်လို့ သူဌေးသားအဖက အိမ်တိုင်ရာရောက်ပေါ်လာတာကို မင်းက ရှောင်ဖယ်ရှောင်ဖယ်လုပ်ချင်နေသေးတယ်..ငါသာဆိုရင် ကောင်မလေးကို ချစ်ကြောင်းကြိုက်ကြောင်းပြောပြီးနေပြီ..တစ်ခါတည်းပွဲသိမ်းပဲ.."

သီချင်းရေးဆရာက ရီဝေဝေဖြစ်နေသည်။

"ခန့်သော်လင်း..မင်းအတွက် ငါပြောနေတာနော်..ငါဆိုတဲ့ကောင်က သီချင်းရေးဆရာ..အဆိုတော်တစ်ယောက်နာမည်ရဖို့ ငါအမြဲကြိုးစားပြီး သီချင်းရေးနေတဲ့ကောင်..ကိုယ့်သီချင်းကို ဘယ်လောက်ကောင်းအောင်ရေးရေး..ငါကိုယ်တိုင်သီချင်းတက်ဆိုလို့ရမှာမဟုတ်ဘူး..မင်းအတွက်အလားအလာကောင်းမယ့် ခွင်ကို လက်လွှတ်မဆုံးရှုံးချင်စမ်းပါနဲ့ကွာ"

"အစ်ကိုပြောတာ ကျွန်တော်နားလည်ပါတယ်.."

ခန့်သော်လင်းသက်ပြင်းတွေချ၍ ဝန်ခံနေသည်။ သီချင်းရေးဆရာကတော့ ဇာတ်ကလေးယိုင်တိုင်တိုင်နှင့်..

"မင်းကောင်းစားရင် မင်းအပေါ် မထီမဲ့မြင် မချေမငံနှိမ်ချနှိပ်ကွပ်ပြီး ဆက်ဆံနေတဲ့ အကြွေးရှင်တွေကိုကောင်းကောင်းပညာပေးလို့ရတာပေါ့.."

သီချင်းရေးဆရာက စကားလုံးတွေမနိုင်မနင်းဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ..အစ်ကိုရာ..ကျွန်တော်သဘောပေါက်နေပါပြီ..အိမ်ပြန်ရအောင် ..ဆိုင်လဲပိတ်တော့မှာပဲ.."

ခန့်သော်လင်းလည်း သီချင်းရေးဆရာကိုတွဲထူ၍ အိမ်ကိုအတူတူပြန် လာကြသည်။

သီချင်းရေးဆရာက သီချင်းလေးတကြော်ကြော်နှင့်အတော်မူး နေ၏။ သီချင်းရေးဆရာကို သူ့အိပ်ယာထဲတွင်သေသေချာချာ စောင်ခြုံပေးပြီး သိပ်လိုက်သည်။

ခန့်သော်လင်းတော်တော်နှင့်အိပ်မပျော်။ အတွေးလှိုင်းတွေဘောင်ဘင် ခတ်နေသည်။

သီချင်းရေးဆရာပြောသလို သူ့ဘဝက အဆင့်ချောပါ့မလား။

စိုင်ကော်၍ခြုံပေါ်ရောက်ခြင်းသဘောတရားကို တစ်ခါမှ မကြုံဖူး၍ တော်တော်နှင့်နားလည်သဘောမပေါက်နိုင်။

ဘဝတစ်ခုလုံးတွင် တစ်ကြိမ်တစ်ခါမှ ကံကောင်းသည်မရှိခဲ့ သော်လည်း ကံကြမ္မာက အခွင့်အခါပေးသည်ကို မယူလိုက်လျှင်လည်း လူမိုက်ဖြစ်ချေတော့မည်။

× × × × ×

ခန့်သော်လင်းသူဌေးသားမက်ဖြစ်တော့မည့်သတင်းသည် ဟုတ်သော် ရှိ၊ မဟုတ်သော်ရှိ လမ်းထဲမှာတော့ အတော်ပျံ့နှံ့သွားသည်။

သီချင်းရေးဆရာက ဖွခြင်းမဟုတ်သော်လည်း အရက်ဆိုင်တွင် နားထောင်မိသောသူတွေက တစ်ဆင့်စကားတဆင့်ဖြင့် ပြန့်သွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ကြွေးရှင်တွေက မျက်နှာချိုသွေး၍ အပျော့ဆွဲဆက်ဆံလာသည်ကို သည်း ကြုံတွေ့နေရ၏။

လောကကြီးသည် တစ်ခါတရံကျတော့လည်း မျက်နှာသာ ပေးလွန်းပါလား။

မုန့်ဟင်းခါးသည် ဒေါ်နုဆိုလျှင် မနက်တိုင်းမုန့်ဟင်းခါးတစ်ပွဲကို တစ်ရက် ခြားစီလာလာပို့ပေးသည်။

သုခတွေအတွက် ကြိုဆိုခြင်းလော။ ဒုက္ခတွေအတွက် ဖိတ်ခေါ်ခြင်းလော ကွဲကွဲပြားပြားမသိရှိချေ။

အလုပ်သွားအလုပ်ပြန်နှုတ်ဆက်ခေါ်ပြောသူတွေလည်း များလာသည်။ ခန့်သော်လင်းအနေရ အထိုင်ရခက်နေရတာကတော့ အမြဲတမ်းဖြစ်နေ၏။

တစ်နေ့ အလုပ်ကပြန်သောအချိန်တွင်ဖြစ်သည်။

ခန့်သော်လင်းအလုပ်ပင်ပန်းသောဒဏ်နှင့် ကားကြပ်သောဒဏ် နှစ်ရပ်ပေါင်းကာ အကြောအချင်တွေ တဆစ်ဆစ်ကိုက်နေသည်။ လစာ ထုတ်ရက်နီးလေလေ စိတ်ပိုညစ်လေလေပင်။

"ဟဲ့.. ခန့်သော်လင်း"

လမ်းထဲမဝင်ခင် ဒေါ်နုက ငှက်ပျောတုံးကြီးတစ်တုံးပိုက်၍ ဆွဲခြင်းကြီးဆွဲကာ ခန့်သော်လင်းကို လှမ်းခေါ်သည်။

"ဟာ..အန်တီ..ဈေးက ပြန်လာတာလား"

"ဈေးကပြန်လာတာလားမလုပ်နဲ့..နင့်အိမ်မှာနင့်ဘော့စ်ရောက်နေတယ်...နင်တော့ ချမ်းသာပြီ.."

အဆုံးမရှိ အစမရှိပြောချလိုက်သော ဒေါ်နုစကားကြောင့် ခန့်သော်လင်း လန့်သွားသည်။

"ဟာ..ဂျီးဒေါ်ရာ..မနောက်စမ်းပါနဲ့.."


www.burmeseclassic.com

 www.burmeseclassic.com 

"မယုံရင်နင့်အိမ်ရောက်ရင်သိလိမ့်မယ်"

ခန့်သော်လင်းမပြေးရုံတမယ် ထွက်သွားသည်။

သူ့အိမ်ရှေ့တွင် ကားရပ်ထားသည်ကို တွေ့ရသည်။ အိမ်ရှေ့တံခါးအ တွင် ဝင်းသုံးဝင်းကို မျက်မှန်နက်တွေတပ်လျက်သားနှင့် ကျောက်ရုပ်များ သဖွယ်ရပ်နေသည်ကို တွေ့ရ၏။

အိမ်ထဲတွင် အဘိုးကြီးနှင့်အတူ ချိုရီရီကိုပါတွေ့ရသည်။ ချိုရီရီ က တွေ့တွေ့ချင်းအပြစ်တင်သည်။

"ကောင်စုတ်..နင်ကစိမ်းကားနေတယ်ပေါ့လေ.."

ခန့်သော်လင်း တဟီးဟီးရယ်နေသည်။

"နင် ငါ့ဆီလာလည်တာလား"

"အင်းပေါ့..ကိုယ်ရုံတော်ကြီးရဲ့..အဖေက နင့်ကိုလာခေါ်တာ.."

ခန့်သော်လင်းမျက်လုံးပြူးသွားသည်။

"ဟုတ်တယ်..မောင်ခန့်သော်လင်းရဲ့ ...ဦးလည်းနိုင်ငံခြားကို ခဏ သွားရမှာ..အိမ်မှာက သမီးလေးတစ်ယောက်တည်း စိတ်မချဘူး.."

"သူ့အမေရှိတာပဲ.."

ခန့်သော်လင်းပြောတော့ ချိုရီရီက စိတ်ဆိုးသွားသည်။

"ဟဲ့..ငါက သူနဲ့မှမတည့်တာ..ဘယ်လိုလုပ်ဖြစ်မှာလဲ..နင် ငါ့အိမ် ကို လိုက်နေမှဖြစ်မယ်..ငြင်းမနေနဲ့တော့..ငါ့ကိုယ်ရုံတော်လစာတွေကို နင် တစ်ဝက်ကြိုသုံးထားတာနော်.."

ခန့်သော်လင်းဘာပြန်ပြောရမှန်းမသိပေ။ သီချင်းရေးဆရာက ဝင်ပြော သည်။

"လိုက်သွားလိုက်ပါ..ခန့်သော်လင်းရာ..ဒီအိမ်မှာ ငါတစ်ယောက် တည်းနေလဲ ဖြစ်ပါတယ်..မင်းကိုတကူးတကလာခေါ်တာပဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့လုပ်ပြီ..ကျုပ်က ဒီအိမ်မှာမနေချင်လို့ပြောတာ မဟုတ်ဘူး..ကျုပ်အကြောင်းခင်ဗျားသိသားနဲ့.."

"လုပ်မနေနဲ့ ..နင့်အကြွေးတွေ ငါအကုန်ဆပ်သွားမယ်.."

သီချင်းရေးဆရာက အကုန်ပြောပြပြီးသွားပြီထင်သည်။ ဒင်းမျက်နှာ ကြည့်ရတာ မချိုမချဉ်နှင့်။

"ရပါတယ်ဟာ..ငါ့ဘာသာငါ.."

"နင့်ဘာသာနင်ဆပ်နေရင် ဒီတစ်သက်ကုန်မှာတောင်မဟုတ်ဘူး.. ခန့်သော်လင်း နင်အပိုတွေပြောမနေနဲ့..နင်အခုတင်နေတဲ့ လက်ရှိအကြွေး စာရင်းအတိအကျက ငါ့လက်ထဲရောက်နေပြီ.."

"ဟီး..ဟုတ်တယ်..မင်းအကြွေးစာရင်းတွေ..ငါပေးလိုက်ပြီ.."

သီချင်းရေးဆရာက ချည်ပြီးတုပ်ပြီးလုပ်ထားသည်။

"ကဲ..မောင်ခန့်သော်လင်း..ငါ့သမီးကမင်းကို အစစအရာရာကူညီနေ ပြီနော်..မင်းဘာမှငြင်းမနေနဲ့..ငါနိုင်ငံခြားမသွားခင်စိတ်ဖြောင့်ဖြောင့်သွား ချင်တယ်..မင်းဒီတစ်ပတ်အတွင်း ငါ့အိမ်ကိုပြောင်းလာခဲ့ပေတော့.."

အဘိုးကြီးကလည်း ချက်ချင်းလောခဆော်ပြန်သည်။ သူတို့သားအဖနှင့် ရေစက်ဆုံခြင်းသည် ကောင်းခြင်းလော ဆိုးခြင်းလောမသိမခွဲခြားတတ်ပေ။

"ကဲ..ကိုယ်ရုံတော်..နင်ဘယ်လိုလဲ.."

ချိုရီရီက ခပ်ပြတ်ပြတ်မေးသည်။

"အေးဟာ..ငါ..ငါလာနေပါ့မယ်"

"ဟေး..ဒါမှငါ့ကိုယ်ရုံတော်ကွ..တွေ့တယ်မဟုတ်လား..အဖေ..သမီး မပြောဘူးလား..ခန့်သော်လင်းက လူရိုးလူကောင်းပါလို့..သမီးက လူ ခတ်မည့်ပါဘူး.."

အဘိုးကြီးက ဘာမှပြန်မပြောဘဲ ပြုံးစိစိလုပ်နေသည်။ သီချင်းရေး



www.burmeseclassic.com

www.burmeseclassic.com


ဆရာက မသိမသာလက်မထောင်ပြသည်။ အဘိုးကြီးက...

"မင်းအကြွေးတွေဆပ်ဖို့ ငါပိုက်ဆံပေးခဲ့မယ်.."

ထောင်တန်သုံးအုပ်ကို ထုတ်ပေးသွားသည်။ ချိုရီရီက...

"ကိုယ်ရုံတော်..နင်လာမယ့်နေ့ဖုန်းဆက်လိုက်နော်.."

"အေးပါဟာ.."

ခန့်သော်လင်းမှာ ထောင်တန်တစ်အုပ်ကိုကိုင်၍ ကြောင်အမ်းအမ်းဖြစ်ကျန်ခဲ့သည်။

အဘိုးကြီးနှင့်ချိုရီရီမှာ ကားပေါ်တက်၍ ပြန်ထွက်သွားသည်။ ဝင်းသုံးဝင်းက စက်ရုပ်တွေအလား တစ်လုံးတစ်ပါဒမှ မပြောဘဲကားပေါ်တက်လိုက်ပါသွားသည်။

"ဟားဟား..ခန့်သော်လင်း..မင်းကတော့ ထီပေါက်တာထက် ပွတော့မယ်ဟေ့"

သီချင်းရေးဆရာက ဝမ်းသာအားရပြောသည်။

"အေးဗျာ..ကျွန်တော်ဇာတာကလဲ..မယုံနိုင်လောက်အောင်ပြောင်းလဲနေပါလား..ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြတယ်"

"လောလောဆယ်မင်းပတ်ဝန်းကျင်က အကြွေးတွေကို ဆပ်ပစ်လိုက်စမ်းပါ..ငွေမရှိတဲ့အချိန် မင်းကိုနှိပ်ထားတဲ့လူတွေကို ရှင့်ရှင့်သီးသီးအကြွေးဆပ်ပစ်စမ်းပါ..ဟား..ဟား"

သီချင်းရေးဆရာက သဘောကျ၍ရယ်မောနေသည်။

"ချိုရီရီတို့သားအဖက ငါ့အပေါ်တကယ်သံယောဇဉ်ရှိတာပဲ.."

ခန့်သော်လင်းထပ်၍တွေးတောနေရပြန်သည်။

"ဆရာသမား..ခင်ဗျားကလဲ ကျုပ်အကြွေးစာရင်းတွေကို ကောင်မလေးဆီအရောက်ပို့တယ်။ ရှက်စရာဗျာ"



www.burmeseclassic.com

 www.burmeseclassic.com 

"ဟာ..ငါကမင်းအတွက်လုပ်ပေးရသေးတယ်"

"ထားပါတော့..ခင်ဗျားပဲ ဒီအကြွေးကိစ္စကို တာဝန်ယူပြီးသွားဆပ်ပေတော့..ကြွေးရှင်တွေ ခုချိန်လောက်ဆိုရင် ဒီကိုလာဖို့ဖင်တကြွကြွဖြစ်နေပြီ..."

"အေးပါကွာ"

ခန့်သော်လင်းက ခုနက ထောင်တန်အုပ်ထဲမှ တစ်ဝက်ကိုခွဲ၍ သီချင်းရေးဆရာကိုပေးလိုက်သည်။

"ပိုတဲ့ငွေကို ဘီယာလေးဘာလေးဝယ်လာဗျာ.."

"မင်းလဲပျော်ပြီး ဘီယာတွေဘာတွေသောက်နေပါလား..ကောင်းတယ်ကွာ..မင်းလိုဘဝမျိုး ငါတောင်အားကျတယ်.."

သီချင်းရေးဆရာက လေလေးတချွန်ချွန်နှင့် ထွက်သွားသည်။ ခန့်သော်လင်းကတော့ မအီမလည်မျက်နှာနှင့်ကျန်ရစ်ခဲ့သည်။

"အမေရေ..အမေ့သားတော့ ဘာတွေဖြစ်နေမှန်းကိုမသိဘူး.."



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

"မင်းက ဘာလို့အလုပ်ထွက်ရတာလဲ‥"

ဌာနမှူးအမေးကို ခန့်သော်လင်း ရုတ်တရက်မဖြေနိုင်။

"မင်း ဒီမှာလုပ်ရတာ စိတ်ညစ်လို့လား‥ဒါမှမဟုတ် မပျော်လို့လား"

"မဟုတ်ပါဘူး‥ဌာနမှူး‥ကျွန်တော်ဒီမှာလုပ်ရတာပျော်ပါတယ်‥"

"အေးလေ‥ဒါဆိုဘာလို့ ထွက်ရတာလဲ‥"

"ကျွန်တော်‥နယ်ပြန်ပြီးမိဘလုပ်ငန်းတွေ ဦးစီးရမှာမို့လို့ပါ‥"

"မိဘတွေက အသက်(၆၀)ကျော်နေပြီလား"

"ဟုတ်ကဲ့ပါ‥မောင်နှမသားချင်းကလဲမရှိလို့ပါ‥"

"အေးပေါ့ကွာ‥မင်းအဆင်ပြေရင်ပြီးတာပါပဲ‥နယ်ပြန်အလုပ်လုပ်ရမှာ ဆိုတော့ ငါမတားတော့ပါဘူး‥ရန်ကုန်မှာက အလုပ်အကိုင်ရှားပါးတယ်ကွ‥နေရာတစ်ခုကနေ တစ်ခုပြောင်းရင် သိပ်မလွယ်ဘူး‥"

"သဘောပေါက်ပါတယ်‥ဌာနမှူး‥"

ဌာနမှူးက ခန့်သော်လင်းအလုပ်ထွက်စာကို လက်ခံထားလိုက်သည်။

"အေး‥အေး‥သွားတော့‥ငါကတော့ဝန်ထမ်းတွေကို မထွက်စေချင်



www.burmeseclassic.com

www.burmeseclassic.com

ဘူး··တချို့ကလည်း လခစားအလုပ်နဲ့ကီးမကိုက်ဘူးကွာ··"

ခန့်သော်လင်းမှသားသုံးထားသောကြောင့် မလုံမလဲဖြစ်နေသည်။

"ဟုတ်ကဲ့ပါ··ဌာနမှူး··"

"နယ်မှာ အဆင်မပြေလဲပြန်လာပေါ့ကွာ··နော်··"

"ဟုတ်ကဲ့ပါ··ဌာနမှူး"

ခန့်သော်လင်းတို့ ဌာနမှူးက ဝန်ထမ်းတွေအပေါ် စည်းကမ်းတင်းကျပ်သော်လည်း ဝန်ထမ်းနုတ်ထွက်မှာကို မလိုလားပေ။

သူ့ဘက်က ကြည့်တော့လည်း မှန်ပါ၏။ ဝန်ထမ်းအချို့ကလည်း သည့်အခွင့်အရေးကို အလွဲသုံးစား လုပ်ချင်ကြသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး··အေး··"

ခန့်သော်လင်းလည်း လေးလံစွာထွက်သွားသည်။ ဝန်ထမ်းတွေက သူ့ဘာကြောင့်ထွက်သလဲဝိုင်းမေးကြသည်။

ဘာပဲပြောပြောခန့်သော်လင်းက လူကောင်းတစ်ယောက်ဆိုတော့ လျှာသွားမှာမလိုလားပေ။ ခန့်သော်လင်းကတော့ နယ်ပြန်ရမယ့်ကိစ္စဟုသာ ညှဲချပြောဆိုနေသည်။

"ခန့်သော်လင်း··ဖုန်းလာနေတယ်··"

အရေးထဲဘယ်က ဖုန်းမှန်းမသိ။ ခန့်သော်လင်းဖုန်းကိုင်လိုက်သည်။

"ဟဲလို··ပြောပါ··"

"ဟာ··သူငယ်ချင်း··ငါကျော်အောင်ထက်ပါ··"

"အေး··ပြောသူငယ်ချင်း"

"သူငယ်ချင်း··မင်းကို ကျေးဇူးတင်တယ်ကွာ··"

"ဟ·ဟော့ကောင်··ငါ့ကိုဘာတွေကျေးဇူးတင်နေတာလဲ··"


www.burmeseclassic.com

www.burmeseclassic.com

"မင်းကောင်မလေးလေကွာ..ချိုရီရီလေ..ဟိုတစ်နေ့က ငါ့အိမ်ထေ
သွားတယ်ကွ.."

"ဟော..ဟုတ်လား"

ခန့်သော်လင်း မျက်လုံးပြူးသွားသည်။

"မင်းပေးရမယ့်ငွေ တစ်သောင်းကို လာဆပ်သွားတယ်..နောက်ပြ
ငါ့ကလေးအတွက် အာဟာရမုန့်တွေလည်းဝယ်လာသေးတယ်
ငါ့မိန်းမကလည်း ချိုရီရီကို ကျေးဇူးတွေတင်နေတာ.."

ချိုရီရီကတော့ လုပ်ချလိုက်ပြန်ပြီ။

"မင်း..တော့ သိပ်ကံကောင်းတဲ့ကောင်ပဲ.. ငါလည်းကလေ
နေမကောင်းဖြစ်နေတာနဲ့ မင်းပေးတဲ့ငွေတစ်သောင်းနဲ့ ဆေးကုလိုက်ရတာ
..ကျေးဇူးတင်တယ်ကွာ..မင်းအဲဒီနေ့က အလုပ်များနေလို့ မလိုက်ခဲ့
တာဆို.."

"အေး.."

ခန့်သော်လင်းလည်း ရောယောင်အင်းလုပ်သည်။ သူက ဘာမှပြော
စရာမရှိ။ ချိုရီရီက တစ်ခေါက်သာရောက်ဖူးသော ကျော်အောင်ထက်အိမ်
သို့ အရောက်သွားနိုင်သည်ကို ချီးကျူးရမည်။

"ဟော့ကောင်..ခန့်သော်လင်း..မင်းငြိမ်နေပါလားကွ.."

"အေး..ငါအလုပ်နည်းနည်းများနေလို့ကွာ..မင်းအဆင်ပြေတယ်
မဟုတ်လား"

"ပြေပါတယ်ကွာ..ငါ့ဆီလာလည်ကြဦးလေ"

"အေး..အေး..သူငယ်ချင်း.."

ခန့်သော်လင်းဖုန်းချလိုက်တော့သည်။ ထိုင်ခုံတွင် ထိုင်ရင်း ချိုရီ
အကြောင်းကို စဉ်းစားနေမိ၏။ မပြောမဆိုဘဲသူ့အကြွေးတွေဆပ်သွားတာ



www.burmeseclassic.com

 www.burmeseclassic.com 

ကို နားမလည်နိုင်ပေ။

"ခန့်သော်လင်း..ဖုန်းလာနေတယ်.."

ခန့်သော်လင်းဖုန်းသွားကိုင်ရပြန်သည်။

"ဟဲ့..မသာကောင်..ငါပါ.."

"ဘယ်သူလဲ..ငါမသိဘူး.."

ခန့်သော်လင်း တစ်ဘက်အသံကို မကျက်မိပေ။

"ငါ့အသံကိုတောင် နင်မမှတ်မိဘူးလား..ငါချိုနွယ်ကျော်လေ.."

"အေး..အေး..ပြောလေ.."

"နင့်ဆီက ငါအကြွေးလှမ်းတောင်းတာ.."

"ဟာ..နင်ကလဲ..ဖြုန်းစားကြီးပါလား.."

ခန့်သော်လင်း ညစ်သွားသည်။ ချိုနွယ်ကျော်က...

"မရဘူး..နင်လျှော့်နေတာများပြီ.."

"နင်ကလဲဟာ..လောလောဆယ် အဆင်မပြေသေးပါဘူးဆို.."

ခန့်သော်လင်းလည်း စိတ်ညစ်ညစ်နှင့်အော်သည်။

"နင်အဆင်မပြေတာငါသိပါတယ်..ဒါပေမဲ့ နင်အဆင်မပြေတဲ့ကြားက ငါ့ဆီကိုဘာလို့ ချေးထားတဲ့ငွေပြန်ဆပ်ရတာလဲ.."

"ဟော..ဘယ်လို..ငါ..ငါ..မဆပ်ပါဘူး.."

ခန့်သော်လင်းကြောင်သွားသည်။

"ငါ့ဆီကို နင်လူကြုံနဲ့ငွေတစ်သောင်းလာပေးတာလေ..ခုနက ငါနင့်ကို နောက်နေတာ..နင်ဟာလေ..ခုထိ အူကြောင်ကြောင်နဲ့.."

ခန့်သော်လင်းနားမလည်နိုင်တော့ပေ။

"ဟော..အေး..အဟေး..ငါနင့်ကိုနောက်နေတာပါ..ဟာ"

ခန့်သော်လင်းက ချိုနွယ်ကျော်စိတ်ခုသွားမှာစိုးပြီး လျှောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ငါကတော့ နင့်ငွေတွေကို ရေအဆုံးကုန်းတစ်ဝက်သဘောထားတ ..ခုတော့ မြုပ်နေတဲ့ငွေလေးကို နင်က ဆပ်ဖြစ်အောင်ဆပ်သေးတယ်နော်"

"အေးပါဟာ..ငါ့သံသရာအကြွေးမပါစေချင်လို့.."

ခန့်သော်လင်းလည်းဖြီးဖြန်းရောချရသည်။

"နင်..အခုအဆင်ပြေတယ်..မဟုတ်လား"

"အေး..ငါအလုပ်ထွက်တော့မယ်.."

"ဟေ..နင်ကလဲ အဆင်ပြေတယ်လဲပြောသေး..အလုပ်ကလဲ ထွက်မယ်တဲ့.."

"ငါ..အခြားအလုပ်တစ်ခုပြောင်းမှာဟ..ဒါကိုပြောတာ.."

ခန့်သော်လင်းအသံအုပ်အုပ်လေးနှင့်ပြောရသည်။

"နင်ကလဲဟာ..အချစ်ရေးကို ကံမကောင်းသေးဘူး..နင်ဇာတ်လေး ဘာလေးမေးကြည့်ပါဦး.."

"အေးဟာ..အချိန်ရရင်မေးကြည့်ပါ့မယ်.."

"အေး..အေး..ဒါပဲနော်.."

တစ်ဘက်မှဖုန်းချသွားသည်။ ခန့်သော်လင်းအကြွေးများကို ချိုရီရီက တစ်ဘက်လှည့်နှင့် ဆပ်ပေးနေသည်။ ဘာမှတော့ဖြစ်မလာသေး။

ခန့်သော်လင်းအစစအရာရာ အဆင်ပြေနေသော်လည်း တစ်ချိန်ချိန်မှာ တစ်ခုခုဖြစ်မှာ စိုးရိမ်နေသည်။

ခန့်သော်လင်း ဒီလကုန်ရင် ချိုရီရီတို့အိမ်ပေါ်တက်ရမည်။

သူစိမ်းယောက်ျားလေးတစ်ယောက်ကို ဆွေမျိုးမတော်စပ်ဘဲ အိမ်ပေါ် ခေါ်တင်ထားခြင်းသည် ပတ်ဝန်းကျင်အမြင်တွင် မသင့်တော်ပေ။ ဤကိစ္စ တွေးမိတိုင်း ခန့်သော်လင်းထွက်ပြေးချင်စိတ်ပေါက်နေသည်။

အထူးသဖြင့် အဘိုးကြီးနှင့် ချိုရီရီက အဓိကမကျသေးမယ့် အိမ်တွင်


www.burmeseclassic.com

www.burmeseclassic.com


အဘိုးကြီးရဲ့ နောက်မယားလေးဒေါ်မာလာဝင်းရှိနေသည်။ စီးပွားရေးကိစ္စများကို အဘိုးကြီးမရှိလျှင် သူက ဦးစီးရမည်။

ချိုရီရီက ဒီဘွားတော်နှင့် တစ်စက်တစ်လေမှ အကြောမတည့်။ သူရောက်ရှိလာခြင်းသည် ချိုရီရီတို့အိမ်အတွက် အမြင်တိမ်းစောင်းစရာတွေ ဖြစ်ကောင်းဖြစ်လာနိုင်သည်။

ချိုရီရီ ဇောက်ထိုးလုပ်သမျှကို ခန့်သော်လင်းလိုက်တည့်ပေးရမည်။ ချိုရီရီကမောက်ကမ လုပ်သမျှ ခန့်သော်လင်းညှိနှိုင်းပေးရမည်။ တစ်အိမ်သားလုံး‥ချိုရီရီ မှလွဲ၍ ကျန်သောသူတွေက အပြုံးနှင့်ကြိုဆိုမည်မဟုတ်။ ဆွေးလေလေ ကျပ်လေလေပင်။

ခန့်သော်လင်းပုံစံအမျိုးမျိုးပြောင်းကြည့်သော်လည်း မဖြစ်ပေ။

ချိုရီရီတို့အိမ်သို့ တည်တည်တံ့တံ့ဝင်ပြန်ရင်လည်း ဝင်ဝင်ချင်းအထက်စီးက ပုံစံဖြစ်နေမည်။

ချိုချိုသာသာပြေပြေပြစ်ပြစ်လိုက်လျောညီထွေစွာ ဝင်ပြန်ရင်လည်း ဘဘက်က ဘယ်လိုတုံ့ပြန်လာမလဲ မသိ။

နုံအအ ထုံတုံတုံဝင်ပြန်လျှင် တစ်ဘက်က ဟန်ဆောင်သည် ထင်မည်။

ရဲရဲတင်းတင်းဝင်ပြန် တော့လည်း မသက်ာဖွယ်ရာတွေနှင့် ဆီးကြိုနေမည်။ တစ်ခုတော့တွေးမိသည်။

လူ့အောက်ကျို့၍ လူပိမသေနိုင်ပေ။

ချို့နွယ်ကျော်ပြောသလို သူဘုရားသွားပြီး ဗေဒင်လေးဘာလေးမေးသင့်သည်။

ခန့်သော်လင်းလည်း အလုပ်ပိတ်ရက်တစ်ရက်တွင် ကျိုက္ကဆံဘုရားကို ဗေဒင်မေးရန်ထွက်လာခဲ့သည်။ တစ်ခါမှဗေဒင်မမေးဖူးသဖြင့်


www.burmeseclassic.com

www.burmeseclassic.com


စိတ်ထဲမှာလည်း တစ်ခုခုတာထင့်ထင့်နဲ့ ဆိုင်းဘုတ်မျိုးစုံနှင့်ထောင်ထားသော ဗေဒင်ဆရာတွေကို တွေ့ရသည်။

ခန့်သော်လင်းလည်း မျက်စိစုံမှိတ်၍ သားသားနားနားဗေဒင်ခန်းတစ်ခု ထဲ စွတ်ဝင်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ.."

ကောင်မလေးတစ်ယောက်က မေးသည်။

"ဗေဒင်မေးချင်လို့ပါ.."

"ခဏလေးနော်..ဆရာက ဘုရားပေါ်တက်ပြီး မေတ္တာပို့နေလို့.."

ခန့်သော်လင်းခဏထိုင်စောင့်နေရသည်။

သိပ်မကြာခင်နှုတ်ခမ်းမွေး တလူလူနှင့်ဗေဒင်ဆရာတစ်ယောက် အခန်းဆီသို့လျှောက်လာသည်။ ခန့်သော်လင်းထိုင်နေသည်ကို တွေ့တော့..

"သူငယ်..ဗေဒင်မေးမလို့လား.."

"ဟုတ်ပါတယ်..ဆရာ"

"အိမ်း..လာကွဲ့..ဆရာက ဆိုင်တောင်ပိတ်တော့မယ်.."

ခန့်သော်လင်း သတိထားမိသည်။ အခြားဆိုင်တွေလည်း ပိတ်ကုန် ကြပြီ။

"ကဲ..မင်းနာမည်.."

"ခန့်သော်လင်းပါ..ဆရာ"

ဗေဒင်ဆရာက ဆက်လက်၍မွေးနေ့မွေးနံများကို ဆက်မေးသည်။

"မင်း..တိုင်ထိပ်ရောက်တာတော့ အမှန်ပဲ.."

"ဟုတ်ကဲ့..ဆရာ"

"မင်းမထင်မှတ်ဘဲ အိမ်ထောင်ကျကိန်းလဲမြင်တယ်.."

"ဗျာ..ဆရာရယ်..အမှန်ပြောရရင်ကျွန်တော့်မှာ အိမ်ထောင်ပြုမယ့်သူ


www.burmeseclassic.com

www.burmeseclassic.com


ဆောင် မရှိသေးပါဘူး..''

ခန့်သော်လင်းက အမှန်အတိုင်းဖွင့်ပြောသည်။

''မင်း..အခုဘဝသစ်တစ်ခုကို စရလိမ့်မယ်..ဒါပေမဲ့ မင်းလိမ္မာဖို့လိုတယ်..မလိုအပ်ဘဲ အဲဒီဘဝသစ်က ပျက်သွားလိမ့်မယ်..''

''ဟုတ်ကဲ့ပါ..ဆရာ''

''မိဘတွေက သဘောတူထားတဲ့သူရှိသလား''

''ဟင့်အင်း..မရှိပါဘူး..''

ဗေဒင်ဆရာက တဟင်းဟင်းထရယ်သည်။ ဘာသဘောလဲမသိ။

''မကြာခင် မိဘသဘောတူတဲ့သူ ဖူးစာရှင်ပေါ်လာနိုင်တယ်..''

''ဗျာ..သေချာရဲ့လား..ဆရာ''

''မင်းဘဝလက္ခဏာအရေးက သူများထက်ပိုရှုပ်ထွေးတယ်..ဘရိတ်ပေါက်တဲ့ရိုလာကိုစတာ ကွေ့ပတ်သွားနေသလို ရှုပ်တယ်..''

ဗေဒင်ဆရာ ဥပမာပေးပုံက မြင့်သည်။ ပြီးတော့..ရှုပ်သည်။

''မင်းဘဝမှာ မထင်မှတ်တာတွေ အရမ်းဖြစ်မယ်..''

''အဲဒါတော့ ဆရာဟောတာကွက်တိပဲ..''

''ဒါပဲလေ..ဆရာက နာမည်တစ်လုံးနဲ့နေတာ..မှန်တာပဲဟောတယ်..မင်းပွဲပေးရမယ်..''

''ဟုတ်ကဲ့ပါ..ဆရာ..''

''မင်းအလုပ်အကိုင် အကြံအစည်တွေ ဒီနေ့ကစပြီး အောင်မြင်ပြီသာမှတ်..ဟုတ်လား''

ခန့်သော်လင်း မရဲတရဲမေးကြည့်သည်။

''ဆရာရယ်..ကျွန်တော်ဘယ်လို မိန်းမမျိုးနဲ့ရမလဲ..''

''အင်း..ဒါကတော့ ဆရာက ဖူးစာရေးနတ်မဟုတ်လို့ ပြောပိုင်ခွင့်


www.burmeseclassic.com

www.burmeseclassic.com


မရှိဘူးကွဲ့..စည်းထားရတယ်.."

ဗေဒင်ဆရာက ပြုံးဖြီးဖြီးနှင့်ပြောသည်။

"ဆရာခန့်မှန်းလေးပြောလို့မရဘူးလား"

"No..No ဖူးစာရေးရာအပိုင်းမှာ ဘယ်သူနဲ့ဘယ်လိုဆိုတာ ဆရာပြောခွင့်မရှိဘူး..အချစ်ရေးမှာ နှလုံးသားနဲ့ဆုံးဖြတ်ရမှာက မင်းလေကွာ..မင်းအိမ်ထောင်ရေးကံကောင်းတယ်..ဒါပဲဒါပဲဟောလို့ရတယ်.."

ခန့်သော်လင်းလည်း ဆက်မမေးတော့ပေ။

"မင်းဘဝမှာ အကောင်းတွေများပါတယ်.."

ခန့်သော်လင်းလည်း ပွဲဖိုးနှင့်ဉာဏ်ပူဇော်ခပေး၍ အတွေးတွေ ပလုံစီနှင့်ထွက်လာခဲ့သည်။

"အဖေတို့က ငါ့ကိုမိန်းမပေးစားမယ်လို့ ပြောထားတယ်။ ထူးဆန်းစရာတွေဖြစ်ကုန်ပြီ..ငါတောင် ချိုရီရီလို ရူးချင်လာပြီ.."

ခန့်သော်လင်းတိုင်ထိပ်ရောက်မရောက်တော့မသိ။ စိတ်ကျန်းမာရေးဆေးရုံကိုရောက်ချင်နေ၏။

ချိုရီရီကြောင့် ရူးချင်စိတ်တွေကို တိုးပွားစေနေသလားမသိ..။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ခန့်သော်လင်းတစ်ယောက် ဝင်းသုံးဝင်း၏ လာရောက်ခေါ်ဆောင်မှုကြောင့် နေအိမ်မှ လိုက်ပါလာသည်။ ဘာမှန်းမသိသေး၍ အဝတ်တစ်ထည်ကိုယ်တစ်ခု ကျောပိုးအိတ်တစ်လုံးနှင့်သာ လိုက်လာ၏။

ဝင်းသုံးဝင်းက ဘာစကားမှမပြောဘဲ ရုပ်တည်ကြီးတွေနှင့် ခန့်သော်လင်းကို ကားပေါ်တင်ကာ ခေါ်ဆောင်လာသည်။

ခန့်သော်လင်းလည်း မနေနိုင်မထိုင်နိုင်စပ်စုကြည့် သည်။

"အစ်ကိုတို့··အန်ကယ်ကြီးနာမည်က ဘယ်သူလဲ··"

"ဦးဘဖေငြိမ်း··"

ဝင်းတစ်ဝင်းက ပါးစပ်ကလေးဟရုံသာဖြေသည်။

ခန့်သော်လင်းလည်း ဆက်မမေးရဲတော့ပေ။ ဝင်းတွေက အစေခံသစ္စာရှိသူပီပီစကားအပိုမပြောသည့် သဘောပင်။

ခန့်သော်လင်းမျက်စိသူငယ်နားသူငယ်နှင့် ကျိုးကြည့်ကြောင်ကြည့် လိုက်ပါလာရသည်။

ဦးဘဖေငြိမ်းရဲ့ နောက်မယားဖြစ်သော ဒေါ်မာလာဝင်းက



www.burmeseclassic.com

ဘယ်လိုပုံစံမှန်းမသိ။ မျက်နှာပေါက်ဆိုးဆိုးအပေါက် အစပ်ကြမ်းမဲ့သွင်ပြင် လက္ခဏာရှိလျှင်တော့ ခန့်သော်လင်းဘဝ..သွားပြီ။

ကားကရွှေတောင်ကြားလမ်းရှိ ခြံကြီးတစ်ခြံထဲဝင်သွားသည်။ ထုထည်ကြီးမားသော ဆင်ဝင်အောက်တွင် တုံ့ခနဲရပ်လိုက်၏။

"ကျွီ.."

ဝင်းတစ်ဝင်းက တံခါးလာဖွင့်ပေးသည်။ အိမ်ထဲမှချိုရီရီထွက်လာသည်။

"ကိုယ်ရုံတော်..နင်ကလဲ..ကြာလိုက်တာ.."

"ဒီဆရာတွေလာခေါ်ကတည်းက လိုက်လာတာပါ.."

ဦးဘဖေငြိမ်းလည်းထွက်လာသည်။ သူ့ဘေးတွင်အနီရောင်ပါတိတ်ဝမ်းဆက်ဖြင့်လှပနေသော အမျိုးသမီးတစ်ဦးကိုတွေ့ရ၏။ ဒေါ်မာလာဝင်းဆိုသူဖြစ်နိုင်သည်။ ခန့်သော်လင်းတွေးချက်အရ အပေါက်ဆိုးမည့်အင်္ဂါရပ်မရှိပေ။ ချိုရီရီထက်တောင်ချောမောလှပနေသည်။

"ဖေကြီး..ဒါ..ခန့်သော်လင်းဆိုတာလား"

အမျိုးသမီးကရည်ရည်မွန်မွန်ပြောသည်။ ဒီလောက်သဘောကောင်းမနောကောင်းသည့် ဒေါ်မာလာဝင်းက ချိုရီရီနှင့်မတည့်ခြင်းမှာ ထူးဆန်းနေ၏။

"ဟုတ်တယ်..မင်း သမီးက သူ့ကိုသိပ်ယုံတာလေ.."

"သား..ထိုင်လေ.."

ဒေါ်မာလာဝင်းက စကားပြောအတော်ယဉ်ကျေးသည်။ ခန့်သော်လင်းတစ်ယောက် ပဟေဠိဆန်သောအိမ်ကြီးထဲတွင် ထူးဆန်းဖွယ်ရာများပြည့်နေသဖြင့် အနေရအထိုင်ရကျဉ်းကျပ်နေသည်။

"ဒီမှာ..သားနေဖို့ အကုန်လုံးပြင်ဆင်ထားပါတယ်"



www.burmeseclassic.com

 www.burmeseclassic.com 

ချိုရီရီက ခန့်သော်လင်းအတွက် အအေးဖျော်လာသည်။

"ကိုယ်ရံတော်ကြီး..သောက်နော်..အားမနာနဲ့.."

"ဒါနဲ့..အန်ကယ်က ဘယ်တော့နိုင်ငံခြားသွားမှာလဲ.."

"အန်ကယ်..မနက်ဖြန်ပဲသွားမှာ.."

ဒေါ်မာလာဝင်းက ဦးဘဖေငြိမ်းစကားကိုဖြတ်ပြောသည်။

"ဖေကြီးကလဲ..နောက်နှစ်ရက်သုံးရက်လောက်မှသွားပါလား..ဒီမှာ လုပ်ငန်းတွေက မပြတ်သေးဘူးလေ.."

"သမီးလေးကျန်းမာရေးအတွက် သွားရမှာ..နေ့တွေညတွေအချိန်မဆွဲနိုင်ဘူး.."

ဒေါ်မာလာဝင်းဘာမှပြန်မပြောတော့ဘဲ ပြုံးပြုံးလေးငြိမ်သွားသည်။

"အဖေ..နိုင်ငံခြားမှာနောက်မိန်းမတစ်ယောက်ထပ်မယူနဲ့နော်.."

ချိုရီရီက ရှေ့နောက်မကြည့် ဟောဟောဒိုင်းဒိုင်းဝင်ပြောသည်။

"သမီးကလဲ..ဘာတွေလျှောက်ပြောနေတာလဲ.."

ဦးဘဖေငြိမ်းက ချိုရီရီကိုသူသည်။

"မောင်ခန့်သော်လင်း..သမီးလေးကို ဂရုစိုက်နော်..သမီးက နေသိပ်ကောင်းတာမဟုတ်ဘူး..မင်းကို သမီးလေးက သံယောဇဉ်ရှိနေတာကွ.."

"ဟုတ်ကဲ့ပါ..အန်ကယ်.."

"ဟုတ်တယ်..သားရဲ့..ချိုရီရီလေးက သားအကြောင်းပဲ တဖွဖွပြောနေတာ..အန်တီကလည်း မင်းဦးလေးမရှိရင် ကုမ္ပဏီတွေကို ဦးစီးရမှာဆိုတော့ သိပ်မအားဘူး.."

ဒေါ်မာလာဝင်းကဝင်ပြောသည်။ ခန့်သော်လင်းခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့..အန်တီ.."

"အဖေ..သမီးဗိုက်ဆာနေပြီ.."



www.burmeseclassic.com

"အေး..အေး..မောင်ခန့်သော်လင်းပါ တစ်ခါတည်းဝင်စားချေ.."

ချိုရီရီက ခန့်သော်လင်းကို အတင်းလက်ဆွဲခေါ်နေသည်။ ထမင်းဝိုင်းတွင် ထမင်းတွေက ကော့ပျံနေ၏။ ဟင်းချည်းပဲ (၇)ခွက်လောက်ရှိမည်။ ဟင်းပွဲဖိုးတွေကပဲ သူ့တစ်လစာနီးပါးရှိမည်။

"အဲဒါလေ..မင်း ချိုရီရီပဲ ချက်ထားတာ.."

ခန့်သော်လင်းလည်း ရှက်စိတ်၊ ကြောက်စိတ်၊ ရှိန်စိတ်နှင့် ထမင်းဝင်စားသည်။ ချိုရီရီက ဟင်းတွေကို ခပ်ခပ်ထည့်ပေးရာ ဟင်းတွေက ဖုံးပြီး ထမင်းက ပျောက်နေသည်။

ခန့်သော်လင်းလည်း အားနာပါးနာနှင့်အားပါး တရတီးတော့သည်။ ဒါမျိုးမစားရတာကြာပြီလေ။ ချိုရီရီချက်ထားသော ဟင်းတွေက လက်ရာကောင်းပါသည်။

"ကိုယ်ရံတော်..စားရသောက်ရတာအဆင်ပြေရဲ့လား.."

"နတ်သုဒ္ဓါတမျှကောင်းလှပါတယ်.."

ခန့်သော်လင်းချီးကျူးလိုက်ရာ ချိုရီရီသဘောခွေ့သွားသည်။ ဦးဘဖေငြိမ်းနှင့်ဒေါ်မာလာဝင်းတို့ထွက်သွားတော့ ခန့်သော်လင်းက..

"ချိုရီရီ..မင်းကိုငါမေးရဦးမယ်.."

"ဟင်းတွေဘယ်လိုချက်ထားသလဲ မေးမလို့မဟုတ်လား..အထင်ကြီးမနေနဲ့..ဟင်းတွေအကုန်လုံးက မနေ့ဖြူဒေါ်စောရီနဲ့ခိုင်ခိုင်ကျော်ဆိုင်က ဝယ်ထားတာ.."

"အဲဒါမေးမလို့မဟုတ်ဘူး..မင်း..ငါ့သူငယ်ချင်းတွေဆီသွားပြီး ငါ့အကြွေးတွေလျှောက်ဆပ်နေတယ်မဟုတ်လား.."

"ဟီး..ဟုတ်တယ်..နောင်သံသရာမပါအောင်လို့.."

"ငါနဲ့နည်းနည်းပါးပါးတိုင်ပင်ဦးလေကွာ..ဟိုကောင်တွေဖုန်းဆက်မှ



www.burmeseclassic.com

 www.burmeseclassic.com 

ငါလည်းသိရတယ်..''

''အသိပေးစရာလိုလို့လား..ဒီလူနဲ့ဒီလူကို..''

ချိုရီရီက မဲ့ကာရွဲ့ကာ ဆူဆောင့်၍ပြောသည်။

''အမလေး..မယ်တော်ရယ်..စိတ်တော့မကောက်လိုက်ပါနဲ့..ငါ့အကြွေးတွေကို ဆပ်ပေးတာပဲကျေးဇူးတင်လှပါတယ်..''

ခန့်သော်လင်းက ချိုရီရီစိတ်ဆိုးသွားမှာစိုး၍ ချော့မော့ရသေးသည်။

''ဟဲ့..ခန့်သော်လင်း..နင့်ကို ငါတစ်ခုမေးရဦးမယ်..''

''မေးလေ..ဘာမေးမှာလဲ..''

''နင်က ငါ့ကိုရှုးနေတယ်ထင်လား..''

''မထင်ပါဘူး..နင်က လူကောင်းပဲ..ဟာ''

''ငါ့အဖေက ငါ့ကိုရူးနေတယ်လို့နင့်ကိုပြောလား''

''မပြောပါဘူးဟာ..နင်ကလဲ..ဘာတွေအတွေးချော်နေလဲမသိဘူး..''

''ဟိုအဘွားကြီးကတော့နင့်ကို ငါ့အကြောင်းတွေပြောမှာသေချာတယ်''

''နင်ကလဲဟာ..အန်တီကမပြောပါဘူး..လျှောက်ထင်မနေနဲ့..''

''ငါရူးရူးမရူးရူး..နင် ငါ့ဘက်မှာရှိရမယ်..''

''ရှိပါတယ်ဟာ..ရှိပါတယ်..''

ခန့်သော်လင်းလည်း စိတ်မရှည်တော့ပေ။ ချိုရီရီက ကလေးတစ်ယောက်လို သူလိုချင်တာရသွား၍ ပီတိဖြစ်သွားသည်။

ခန့်သော်လင်းတော့ ဗေဒင်ဆရာဟောတာတွေကို သတိရသွား၏။ ချိုရီရီတို့နှင့်ရှေ့ဆက်နစ်ပါးသွားရမှာ ဘာတွေဆက်ဖြစ်ဦးမလဲမသိပေ။

× × × × ×



www.burmeseclassic.com

"သား..မောင်ခန့်သော်လင်း.."

ညက အိပ်မပျော်ဘဲ ညဉ့်နက်သွားသဖြင့် မနက်အိပ်ရာထနောက်ကျခဲ့သည်။ ရေချိုးခန်းတွင် ခန့်သော်လင်းမျက်နှာသစ်သွားတိုက်နေစဉ် ဒေါ်မာလာဝင်းရောက်လာသည်။

"ဟာ..အန်တီ..ဘာခိုင်းစရာရှိလို့လဲ.."

"ချိုရီရီ..အိပ်ယာကနိုးပြီလား.."

"မနိုးသေးဘူးထင်တာပဲ.."

ဒေါ်မာလာဝင်းက ခန့်သော်လင်းရှေ့နည်းနည်းတိုးကပ်လာသည်။

"သား..အန်တီပြောတာတွေကို သားစိတ်ထဲမှာပဲထားနော်.."

"ဘာများလဲ..အန်တီ.."

"ချိုရီရီက စိတ်ပုံမှန်ရှိတဲ့ ကောင်မလေးတစ်ယောက်မဟုတ်ဘူးဆိုတာ သားသိသင့်သလောက်သိမှာပေါ့.."

"သိပါတယ်..အန်တီ.."

ခန့်သော်လင်းစိတ်ဝင်စားစွာနားထောင်မိသည်။

"သားကိုသူနဲ့ပတ်သက်ပြီး တစ်ခုသတိပေးချင်လို့.."

"ပြောပါ..အန်တီ.."

"ချိုရီရီက အန်တီနဲ့မိထွေးတော်ပေမဲ့သူ အန်တီ့ကိုမုန်းနေတယ်..တခြားတော့သတိမပေးချင်ပါဘူး..ချိုရီရီက ကျွတ်ကျွတ်အိတ်တဂျွတ်ဂျွတ် မြည်သံကို နားမခံသာဘူး..သူ့ရှေ့မှာ ကျွတ်ကျွတ်အိတ်လှုပ်သံမကြားချင်ဘူး သူကအဲဒီအသံကြောင့်အသည်းယားပြီး ဝုန်းဒိုင်းပြဿနာရှာတတ်တယ်။ အန်တီတို့လဲ အဲဒါပဲသတိထားနေရတယ်..အဲဒါက သူ့ရဲ့မွေးရာပါအကျင့်ဆိုးလေးပဲ..နောက်ပြီး အန်တီသားကို အရေးကြီးတာတစ်ခုမှာချင်တယ်..အခုလို မိုးတွင်းမှာချိုရီရီကို မိုးရေထွက်မချိုးမိစေနဲ့.."



www.burmeseclassic.com

www.burmeseclassic.com

"ဘာ..ဘာ..ဖြစ်လို့လဲ..အန်တီ.."

ခန့်သော်လင်းအလန့်တကြားမေးသည်။

"ကျန်တာတွေ အန်တီဆက်မပြောချင်တော့ဘူး..သားသိထားရမှာက သူမိုးရေမချိုးမိစေနဲ့နော်..အဲဒါအရမ်းအရေးကြီးတယ်.."

ထူးဆန်းလှပါလား။ ချိုရီရီနှင့်မိုးရေတစ်ခုခုတော့ ပတ်သက်မှုရှိမည်။

"သား..အခုပြောတာတွေကို ချိုရီရီကို ပြန်မပြောမိစေနဲ့.."

ဒေါ်မာလာဝင်းက နောက်ဆုံးသတိပေးပြီးထွက်သွားသည်။

ခန့်သော်လင်းသပွတ်အူတောထဲ စပရိန်ထည့်သလို ရှုပ်ထွေးနေသော အိစ္စကြီးထဲ ခေါင်းရှုပ်နေပြီ။

"ချိုရီရီကို မိုးရေမချိုးမိစေနဲ့.."

ဒေါ်မာလာဝင်းသတိပေးချက်က ခန့်သော်လင်းစိတ်မှာစွဲနေသည်။ ချိုရီရီရဲ့အတိတ်မှာ မိုးရေနှင့်ပတ်သက်၍ ဘာတွေဖြစ်ခဲ့သလဲ။ ရှုပ်ထွေးမှုရဲ့ အခြေခံက မိုးရေမှစသလော။

ခန့်သော်လင်းတွေးရင်းနှင့် ခေါင်းတွေကိုက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

ချိုရီရီ၏ စိတ်အခြေအနေသည် ခန့်သော်လင်းရောက်ရှိလာသည့်နောက်ပိုင်းတွင် တစ်စတစ်စကောင်းမွန်လာသည်။

ဒေါ်မာလာဝင်းလည်း စီးပွားရေးကိစ္စရပ်များနှင့် အချိန်ပြည့်မအားမလပ်ပေ။ ကြီးကြပ်ကွပ်ကဲနေရသော ကုမ္ပဏီများနှင့်ဝန်ဆောင်မှုအကောင်းဆုံးပေးဆောင်နေသော ဟိုတယ်တစ်ခုကိုအုပ်ချုပ်ရသည့် တာဝန်တွေကြောင့် တစ်ခါတစ်ရံနေအိမ်ပင်ပြန်မလာနိုင်ပေ။

ဝင်းသုံးဝင်းနှင့်ခန့်သော်လင်း၊ ချိုရီရီ၊ ထမင်းချက်လင်မယားနှင့် ဒရဝမ်တစ်ဦးသာရှိတတ်သည်။

ခန့်သော်လင်းသည် ချိုရီရီ၏ စိတ်အခြေအနေအား သေသေချာချာစောင့်ကြပ်ကြည့်ရှုသော်လည်း အခွင့်အရေးလုံးဝမယူခဲ့ပေ။ အရူးမပင်ဖြစ်လင့်ကစား ယုတ်မာသောအကြံအစည်မျိုးမပြုမူခဲ့ပေ။

ဖြူစင်သန့်ရှင်းသော စိတ်သာထားသည်။

ဒီနေ့ခန့်သော်လင်းက ချိုရီရီကို ကစားကွင်းလိုက်ပို့ပြီးအပြန်တွင်


www.burmeseclassic.com

www.burmeseclassic.com


ဝင်ပန်းသွားသဖြင့် အိမ်ရောက်သောအခါ ချိုရီရီအစောကြီးဝင်အိပ်နေသည်။

ခန့်သော်လင်းလည်းလိုအပ်ရင် ဘဲလ်နှိပ်၍ခေါ်ရန်မှာခဲ့ပြီး အောက်ထပ်ဘွင် ဝင်းသုံးဝင်းနှင့်စကားထိုင်ပြောနေသည်။

ဝင်းသုံးဝင်းက သူတို့ကိုယ်သူတို့လူမိုက်ကြီးတွေ၊ ကြေးစားသမားကြီးတွေဟုပြောခဲ့ပေမယ့် ယခုသူတို့ပြောနေသောအကြောင်းတွေက သရဲတစ္ဆေအနာဘာဝ ဝိနာဘာဝအကြောင်းတွေ ဖြစ်နေသည်။

သူများကြုံတွေ့တာတွေရယ်၊ ကိုယ်တွေ့တွေရော ရောသမမွှေ၍ပြောနေကြသည်။

"တချို့သရဲတွေက စားစရာတွေများ ညဘက်မသယ်လာနဲ့..လမ်းကနေ ခြောက်လှန့်ပြီးဖြုတ်လုတာ.."

ဝင်းသိန်းက သူ့ခန္ဓာကိုယ်ကြီးနှင့်မလိုက်ဖက်အောင် ကြောက်စကားဆိုသည်။

"ကျုပ်ကြားဖူးတာက သရဲတစ္ဆေတွေက လကွယ်ညတွေမှာ သောင်းကျန်းလေ့ရှိတယ်တဲ့..ရွာက ဘကြီးက ပြောဖူးတာ.."

ဝင်းထွန်းကလည်း ရေသန့်နှင့်အယ်ကိုဟောMixလုပ်ထားသော မူးကိုမှင့်၍ အာစွတ်လိုက်သည်။ သူလည်းအသံတုန်နေသည်။

"တချို့သရဲတွေက လူတွေကိုတောင်စိန်ခေါ်ပြီး လက်ဝှေ့တွေဘာတွေထိုးတတ်ကြတယ်..ငါတို့ရွာမှာတစ်ခါဖြစ်ဖူးတယ်..အဲဒီလူက ငရွှတ်တစ်ယောက်..ရွာထိပ်က ကုက္ကိုပင်ကြီးမှာ လက်ဝှေ့ထိုးပြီးသေသွားတဲ့ သရဲတစ်ကောင်ရှိတယ်..သူကညဘက်သူ့အပင်အောက် ရောက်လာတဲ့လူတွေကိုစိန်ခေါ်ပြီး ခြောက်လှန့်လေ့ရှိတယ်..အဲဒီငရွှတ်က အရက်တွေမူးအောင်သောက်ပြီး အဲဒီသရဲကိုသွားစိန်ခေါ်တယ်..ချက်ချင်းပဲ သစ်ပင်ပေါ်ကနေ


www.burmeseclassic.com

 www.burmeseclassic.com 

မည်းမည်းအရိပ်ကြီးဆင်းလာပြီး အဲဒီငှက်နဲ့ထိုးတော့တာပဲ‥ငှက်ကဘာမ လိုမှမနိုင်ဘူး‥"

ဝင်းအောင်စကားကို ခန့်သော်လင်းအပါအဝင် အကုန်လုံးစိတ်ဝင်စား စွာ နားထောင်နေကြသည်။

ဝင်းအောင်က ပြောရင်းနှင့်နောက်ကျောမလုံ ဖြစ်နေရှာသည်။

"နေ့တိုင်းဖြတ်ပြန်လာရတဲ့ ငှက်လည်းကြာတော့ ဒီလက်ဖွဲ့သရဲရဲ့ ထိုးနှက်ချက်တွေကို မခံနိုင်တော့ဘူး‥အပင်အောက်ရောက်ရင်လဲ သရဲက မထိုးရင်မနေနိုင်အောင်လွဲလို့ဖြစ်နေတယ်‥ငှက်လဲကြာတော့ ခါးတွေနာ ရင်တွေနာနဲ့အလုပ်တောင် ကောင်းကောင်းမလုပ်နိုင်တော့ဘူး"

"သွားလှျာရှည်ပြီး အရင်စိန်ခေါ်တာကိုး‥"

ခန့်သော်လင်းက ငှက်ကိုမှတ်ချက်ချသည်။

"ငှက်လဲ ကြာလာတော့ သရဲကိုလဲအပြိုင်မထိုးနိုင်၊ သစ်ပင်အောက် ကလဲဖြတ်မပြန်ရဲ တခွေခွေတပိန်ပိန်ဖြစ်နေရှာတယ်‥ဒါကိုသိတဲ့အောက်လမ်း ဆရာတစ်ယောက်က ငှက်ကို ကူညီတဲ့အနေနဲ့ ဒီတစ်ခါသရဲနဲ့လက်ဖွဲ့ထိုး ရင် ချည်မန်းကွင်းလေးစွပ်ပေးလိုက်ပါဆိုပြီး‥ဆေးစီရင်ထားတဲ့ ချည်မန်း ကွင်းလေးထုတ်ပေးတယ်‥ငှက်လည်း ဝမ်းသာသွားတယ်‥ချက်ချင်းပဲ ညဘက်ကုက္ကိုပင်ကို ပြန်သွားတယ်"

"ရှပ်‥ရှပ်‥ရှပ်‥ရှပ်‥ရှပ်‥"

အပေါ်ထပ်မှ ခြေသံအချို့ကြားရသည်။ ဝင်းသုံးဝင်းနှင့်ခန့်သော်လင်း တို့ ဆတ်ခနဲခေါင်းထောင်ကြည့်ကြ၏။

"ကြောင်ထင်တယ်‥"

ဒရဝမ်ကိုသီးက တုန်တုန်ယင်ယင်ပြောသည်။


www.burmeseclassic.com

"ကြွက်တိုးနေတာလည်းဖြစ်နိုင်တယ်.."

ခန့်သော်လင်းက ခန့်မှန်းတွက်ဆ၏။

"ဟေ့ကောင်..ဝင်းအောင်..ခုနက အကြောင်းဆက်ပြောကွာ.."

ဝင်းထွန်းက သိချင်ဇောဖြင့် ဆက်ပြောခိုင်းသည်။

"အဲ..အဲဒီမှာ..ကို..ရွှေတ်လဲ..သရဲကိုစိတ်ခေါ်ပြီး..လက်ဇော့ထိုးတော့တာပဲ..ထိုးရင်းထိုးရင်းနဲ့အခွင့်သာတဲ့အလှည့်မှာ ရွှေတ်က ချည်မန်းကွင်းအစီအရင်ကို သရဲလည်ပင်းထင်ရတဲ့ နေရာကိုစွပ်ပေးလိုက်တယ်..တခါတည်း လက်ဇော့သရဲက ဆိတ်တစ်ကောင်ဖြစ်သွားတယ်.."

"ဟာ.."

"ဟုတ်လား.."

"ရွှေတ်လည်းပွဲပဟဆိုပြီး ချည်မန်းကွင်းစွပ်ထားတဲ့ ဆိတ်ကို အိမ်ခေါ်လာတယ်။ အိမ်မှာကျွေးမွေးပြီး အခြားရွာတွေမှာ ဆိတ်တိုက်ပွဲရှိရင် ဝင်တိုက်လေ့ရှိတယ်..ပွဲတိုင်းကျော်အတိုက်ခံနိုင်တဲ့ ဆိတ်တစ်ကောင်အဖြစ် ထင်ရှားခဲ့တာပေါ့..ရွှေတ်လဲ လက်ဇော့ထိုးသရဲကို ဆိတ်တစ်ကောင်အဖြစ်ပြောင်းလဲခိုင်းစားရာက အဆင်တွေပြေနေတယ်..သိပ်မကြာခင် ဆိတ်ကျောင်းသားလေးတစ်ယောက်က ရွှေတ်ရဲ့ဆိတ်ကို ထိန်းရင်းမထင်မှတ်ဘဲ ချည်မန်းကွင်းလေးကို သွားတွေ့တယ်..ဆိတ်ကျောင်းသားလေးက ဘုမသိဘမသိနဲ့ ချည်မန်းကွင်းလေးကို ဆွဲပြုတ်လိုက်တယ် လက်ဇော့သရဲလည်း ဆိတ်ဘဝက ကျွတ်လွတ်ပြီး မူလသရဲဘဝပြန်ရောက်သွားပြီးပျောက်သွားတယ်..ရွှေတ်ကအကြောင်းစုံသိသွားတော့ ဆိတ်ကျောင်းသားလေးဆီမှာ ပြုတ်သွားတဲ့ချည်မန်းကွင်းလေးကို ပြန်ဆက်ပြီး ညဘက်ကုက္ကိုပင်ကြီးကိုသွားတယ်..သရဲကိုထပ်စိန်ခေါ်တာပေါ့..လက်ဇော့သရဲက သစ်ပင်ပေါ်ကဆင်းမလာ



www.burmeseclassic.com

တော့ဘဲ အသံနက်ကြီးနဲ့ ပြန်ပြောရှာတယ်··ခေါင်းတွေနာတဲ့ဒဏ်ကို နောက်ထပ် မခံနိုင်တော့ဘူး··တဲ့··"

"ဟားဟား··ခင်ဗျားသရဲပုံပြင်က ကြောက်စရာလဲမကောင်းဘူး"

ခန့်သော်လင်းက ထရယ်သည်။

"ဝုန်း··"

အပေါ်ထပ်မှ တစ်ခုခုပြုတ်ကျသံကြားရသည်။

"ဟာ··အပေါ်မှာချိုရီရီရှိတယ်··တက်ကြည့်မှဖြစ်တော့မယ်"

ချိုရီရီကို စိုးရိမ်စိတ်ဖြင့် ခန့်သော်လင်းတို့အပေါ်ထပ်တက်ကြသည်။

ခြေလှမ်းတိုင်းတွင် ကြောက်စိတ်တစ်ဝက် ရဲစိတ်တစ်ပိုင်းဖြင့် ဝင်းသုံးဝင်းမှာ သောက်ထားသောအရှိန်တွေ လွင့်ပျယ်နေသည်။

"ဖျပ်··ဖျပ်··ဖျပ်··ဖျပ်··"

ခြေသံလိုလိုအသံတွေကြားရသည်။ ငါးယောက်သားတပြိုင်နက်ပူးကပ်သွားကြသည်။ အသံကြားရာသို့ အရင်သွားကြည့်ကြသည်။

"ဒီအိမ်မှာအရင်က ဒါမျိုးတွေဖြစ်ဖူးလား"

ခန့်သော်လင်းက သိချင်စိတ်ဖြင့်မေးသည်။ ဝင်းထွန်းက··

"ဒီအိမ်ကြီးက ရာဇဝင်သိပ်မကောင်းဘူး··"

"ဟာ··ထားတော့··ထားတော့ နောက်မှပြော··"

ခန့်သော်လင်းခေါင်းမွေးတွေ ထောင်တက်သွား၏။

"ချိုရီရီအခန်းထဲအရင်ဝင်ကြည့်ကြမယ်··"

ခန့်သော်လင်းက ချိုရီရီအခန်းတံခါးလေးကို လှပ်ကြည့်ရာ ချိုရီရီမှာ တစောင်းလေးအိပ်ပျော်နေသည်ကို တွေ့ရသည်။

"ဝုန်း··ဂလုံး··ကလွမ်း"



www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်မှဆူညံအသံတွေကြားရပြန်သည်။ ကြေးစားလူမိုက်တွေလည်း ကြောက်ဒူးတွေတုန်နေကြသည်။

"ခင်ဗျားတို့အောက်ထပ်ဆင်းကြည့်ဗျာ.."

"ဟာ.မကြည့်ရဲဘူး.."

"ခင်ဗျားတို့ကလဲ..ဂိုဏ်းစတားတွေလုပ်ပြီး သတ္တိကြောင်ရသလား" ခန့်သော်လင်းက အပြစ်တင်သည်။

"လူလူချင်းဆိုမကြောက်ဘူး..မမြင်ရတဲ့ ပရလောကသားတွေကိုကြောက်တယ်.."

"သွားကြည့်ဗျာ..အောက်ထပ်မှာ တစ်ခုခုဖြစ်နေရင်မကောင်းဘူး" ဝင်းသုံးဝင်းလည်း ဓားချွေးတွေပြန်၍ အောက်ထပ်ကိုဆင်းကြည့်ကြသည်။ ခန့်သော်လင်းနှင့်ဒရဝမ်သာကျန်တော့၏။

"ဆရာ..သရဲခြောက်နေတာလားမသိဘူး.."

"မပြောတတ်ပါဘူးကွာ..ငါလဲတခါမှအဲဒီလို မကြုံဖူးဘူး.."

"ကျွန်တော်တော့ ကြောက်တယ်..ဆရာ.."

"မကြောက်နဲ့..ငါတစ်ယောက်လုံးရှိနေတယ်.."

နှစ်ယောက်သား ချိုရိရိအခန်းရှေ့တွင် ရပ်နေကြသည်။

ထိုအချိန်မှာပင်...

"အမလေး.."

အောက်ထပ်မှငယ်သံပါအောင် အော်လိုက်သောအသံတွေကြောင့် ခန့်သော်လင်းတို့ အောက်ထပ်ကိုပြေးဆင်းသွားသည်။

မီးဖိုချောင်ထဲတွင်ရေတွေစိုရွှဲနေသော ဝင်းသုံးဝင်းကိုတွေ့လိုက်ရသည် သုံးယောက်စလုံးတုန်တုန်ရီရီနှင့်။


www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားတို့ ဘာဖြစ်တာလဲ.."

"သရဲ..သရဲ..ငါတို့ကို ရေနဲ့ပက်သွားတယ်.."

"သရဲက သကြံန်လဲမကျသေးဘဲနဲ့.."

ခန့်သော်လင်းက ဝင်းသုံးဝင်း၏ ပုံစံကိုကြည့်၍ နောက်နေသည်။

"ခင်ဗျားတို့ကလဲ ဟုတ်ပါ့မလား.."

"ဟုတ်တယ်..ဒီမီးဖိုချောင်ပြတင်းပေါက်ကနေ ပက်လိုက်တာ..ကျိန်းသေတယ်ဒီအိမ်မှာ သရဲရှိတယ်.."

"အရင်က ဒီလောက်ထိမဆိုးဘူး..နောက်ပိုင်းပိုပိုဆိုးလာတယ်.."

ဝင်းအောင်က ထိတ်လန့်စွာပြောသည်။

"ဘာတွေဖြစ်နေတာလဲ.."

ချိုရီရီအောက်ထပ်သို့ဆင်းလာသည်။ ဝင်းထွန်းက တုန်တုန်ရီရီနှင့်..

"မမလေး..သရဲခြောက်ခံရလို့.."

"ဘာ..သရဲ..ငါ့အိမ်မှာဘာသရဲမှမရှိဘူး..ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့.."

ချိုရီရီက အလန့်တကြားပြောသည်။ ခန့်သော်လင်းဘက်လှည့်ကာ

"ဟဲ့..ခန့်သော်လင်း..နင်ကိုယ်တွေ့ကြုံတာလား"

"မကြုံဘူး..သူတို့ပြောလို့သိရတာ.."

"နင်တို့ငါ့ကို ပေါက်ကရတွေမပြောကြနဲ့နော်..ငါက ပရလောကသားတွေကို ကြောက်နေမယ်ထင်လား.."

"မထင်ပါဘူး..ချိုရီရီရယ်.."

ခန့်သော်လင်း ကပျာကယာပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဒီအိမ်မှာ ဘာသံရဲမှမရှိဘူး‥"

"ဟုတ်တယ်‥မရှိဘူး‥"

အားလုံးက ချိုရီရီအလိုက်ကို တညီတညွတ်တည်းထောက်ခံပေးရသည်။ ဝင်းသုံးဝင်းကတော့ ရေတွေစိုရွှဲတာပဲ အဖတ်တင်သည်။

"နင်တို့လုပ်တာငါအိပ်လို့မရတော့ဘူး‥"

ချိုရီရီက စူပုပ်ပုပ်ဖြစ်နေသည်။

"ခန့်သော်လင်း‥လာ‥ကာရာအိုကေသွားဆိုမယ်‥"

"ဟာ‥ချိုရီရီကလဲ‥လူအိပ်ချိန်ကြီး‥"

"သရဲမလာအောင် သီချင်းနဲ့နှင်ထုတ်ရမှာပေါ့‥"

"မဆိုချင်ပါဘူးဟာ‥ညဘက်ကြီး‥"

ခန့်သော်လင်းက အိပ်ချင်နေ၍ငြင်းသည်။

"မရဘူး‥ဆိုရမယ်ဟာ‥"

ဝင်းသုံးဝင်းနှင့်ဒရဝမ်က ဘာသိဘာသာဖြင့် ရှောင်ထွက်သွားကြသည်။ ခန့်သော်လင်းနှင့်ချိုရီရီတို့သာ ကျန်ရစ်ခဲ့သည်။

"ဟင်း‥ဟင်း‥ဟင်း‥"

"ဟဲ့‥ချိုရီရီ‥ဘာရယ်တာလဲ‥"

"သဘောကျလို့ပါဟာ‥ဒီလူတွေတော်တော်လန့်သွားတာ‥"

"ဟေ‥ဘယ်လို‥"

"ဟီး‥ဟုတ်တယ်ဟ‥ငါသူတို့ကို ရေနဲ့ပက်လိုက်တာ‥အသံတွေဆူနေတာကလဲ ငါပဲလုပ်နေတာ‥နင်တို့အိပ်ရာထဲလာကြည့်တာ ငါမရှိဘူး ငါ့အဝတ်အစားတွေကို ဖက်လုံးနဲ့တွဲထားတာ‥ဟီး‥"

"နင်တော်တော်နောက်တဲ့ကောင်မလေးပဲ‥"


www.burmeseclassic.com

ချိုရီရီက သဘောကျစွာရယ်နေသည်။

"နင်လုပ်တာအရေးမကြီးဘူး..ဟို ၂၁ ရာစုမြေခွေးဂိုဏ်းရဲ့ကြေးစား သမားကြီးတွေက ဖိနှိပ်ဖိနှိပ်တုန်အောင်ကြောက်နေပြီ.."

"အလကား..ငပေါကြီးတွေ..အဖေနဲ့ပေါင်းပြီးယောယိမ်းလိုက်ဘာသာ ယိမ်းလိုက်လုပ်နေတာ.."

ချိုရီရီကအမြင်ကတ်ကတ်နှင့်အပြစ်တင်သည်။

"သနားပါတယ်..ချိုရီရီရာ..မလုပ်ပါနဲ့..နောက်ဆိုရင် နင်ငါ့ကိုလဲ သူတို့လိုနှိပ်ကွပ်ဦးမလားသိဘူး.."

"နင့်ကို မနှိပ်စက်ပါဘူးဟာ.."

ချိုရီရီက ခန့်သော်လင်းကိုကြည့်ရာ အကြည့်ချင်းဆုံသွားသည်။

နှစ်ဦးစလုံးရဲ့ ရင်ထဲအထိ မသိမသာဝင်ရောက်သွားသော အမည်မသိလှိုင်းလေးတွေက သွေးကြောတွေကို ခလောက်ဆန်သွားစေ သည်။

စိတ်ကျန်းမာရေးမကောင်းသော ချိုရီရီသည် တခြားပြစ်ချက်တစ်ခု မရှိ။ ပကတိစဉ်းလုံး ချောအပြစ်ကင်းစင်နေ၏။

ခန့်သော်လင်းတွေးမိသည်။ မထင်မှတ်ဘဲဆုံရသော ဖူးစာရှင်သည် ချိုရီရီများဖြစ်နေသလားမသိ။

အခြေအနေပေးကာမှ ချိုရီရီရဲ့အဖေကို ဖွင့်ပြော၍ချိုရီရီရဲ့ရောဂါဝေ ဒနာအခြေအနေကို ကုသဖို့ စီစဉ်ရမည်။

"ဟဲ့..ဘာအူကြောင်ကြောင်နဲ့ ကြည့်နေတာလဲ.."

"ဘာမှမဟုတ်ပါဘူးဟာ..နင်စိတ်ချမ်းသာပျော်ရွှင်မှုလေးကို မြင်ရ တာပဲ ငါကျေနပ်လှပါပြီ.."



www.burmeseclassic.com

"အံမာ..ကြီးကြီးကျယ်ကျယ်နဲ့..စာဖွဲ့နေသေး..ငါက စိတ်မချမ်းသာဖြစ်ရအောင် ထိခိုက်စရာဘာရှိလို့လဲ..သေဦးမယ်.."

ချိုရီရီကချစ်စဖွယ်လေးရန်တွေ့သည်။

"နင်ခုလိုပြုံးနေတာလေးက ကောင်းကင်က တိမ်တိုက်လေးတွေဝေ့ဲသွားနေသလို ဖြူစင်လှပါတယ်.."

ခန့်သော်လင်းက ကဗျာဆန်ဆန်တင်စားမိသည်။

"အံမာ..ငါ့ကိုများ..လွင့်နေတဲ့တိမ်နဲ့နှိုင်းရတယ်လို့..လေယာဉ်ပျံတွေဖြတ်သွားရင် တိမ်တွေကစဥ့်ကလျားဖြစ်ကုန်တာ နင်မတွေ့ဘူးလား..ဟွန်း"

"အေး..ဟုတ်သားပဲ.."

ချိုရီရီက သူ့စကားကိုသူသဘောကျ၍ရယ်သည်။

"ချိုရီရီ.."

"ဘာလဲ..ပြော.."

"နင်..နင့်ကိုငါတစ်ခုမေးမယ်..ဟာ..စိတ်မဆိုးနဲ့.."

"မေး..ပေါက်ကရတွေမမေးနဲ့နော်.."

ခန့်သော်လင်းအရဲစွန့်မေးဖို့ တံတွေးအရင်မျိုချရသည်။

"နင်လေ..နင်စိတ်ဝင်စားတဲ့ မင်းသားတွေအဆိုတော်တွေရှိဘူးလား"

ချိုရီရီက နှုတ်ခမ်းလေးစူ၍ စဉ်းစားနေ၏။

"ဟာ..ရှိတာပေါ့..သိပ်ရှိပဲ.."

"ဘယ်သူတွေလဲ..ဟင်.."

"ငါစိတ်ဝင်စားတဲ့ မင်းသားတွေရှိတယ်ဟ..မြန်မာမင်းသားတွေထဲအဆိုရင် ဗိုလ်အောင်ဒင်ကို သဘောကျတယ်..အင်္ဂလိပ်မင်းသားထဲမှာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com


ချာလီချက်ပလင်တရုတ်မင်းသားထဲမှာ ဂျက်ကီချန်း..သူတို့တတွေကရယ်ရတယ်.."

ချိုရီရီက ပါးစပ်ထဲတွေ့ရာပြောချလိုက်သည်။

"လုပ်ချလိုက်ပြန်ပြီ..ဒါဆိုငါဆက်မေးမယ်..ငါကရော..ဘယ်မင်းသားနဲ့တူသလဲ.."

ချိုရီရီကမေးစေ့လေးပွတ်၍ ခန့်သော်လင်းကိုခြေဆုံးခေါင်းဆုံးကြည့်သည်။ ဘေးပတ်ပတ်လည်ကိုအကဲခတ်သည်။

"နင်က မင်းသားတစ်ယောက်နဲ့တူသလိုပဲ.."

"လုပ်စမ်းပါဟာ.."

"ဟိုမင်းသားနဲ့တူတယ်ဟာ..ကိုရီးယားမင်းသားချီးမြှောင်းဆယ်ဟား..ဟား"

ချိုရီရီက နာမည်အသစ်တစ်ခုတွင်ချလိုက်ပြန်သည်။

"ဟား..ဟား..ကိုယ်ရုံတော်ချီးမြှောင်းဆယ်.."

ချိုရီရီလွတ်လပ်စွာရယ်နေပုံတွေကို ခန့်သော်လင်းတစိမ့်စိမ့်စိုက်ကြည့်မိသည်။

ချိုရီရီကလည်း တသိမ့်သိမ့်ရယ်ရင်း ခန့်သော်လင်းကို ပြန်ကြည့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

"အန်တီ..မအိပ်သေးဘူးလား..ကျွန်တော်ကော်ဖီဖျော်ပေးရမလား.."

ခန့်သော်လင်းက စာရင်းတွေလုပ်နေသော ဒေါ်မာလာဝင်းကို အဝေးမှလှမ်းမေးသည်။ ဒေါ်မာလာဝင်းက သူရေးနေသောစာအုပ်ကို ကပျာကယာဖျတ်ခနဲပိတ်၍ပြုံးရင်း..

"နေပါစေကွယ်..အန်တီအိပ်တော့မှာပါ.."

"ကျွန်တော်လာတာ အန်တီအတွက်အနှောက်အယှက်တွေ ဖြစ်သွားသေးသလား.."

"မဖြစ်ပါဘူးကွယ်..ဒါနဲ့ ချိုရီရီရောအိပ်သွားပြီလား"

"စောစောကပဲ ဆေးသောက်ပြီးအိပ်သွားတယ်.."

"အေးကွယ်..ဒီကောင်မလေးက သိပ်ခက်တာပဲ..မင်းရှိနေလို့ဒီဆေးတွေသောက်တာ..အရင်ဆိုဆေးတွေကို လွှင့်လွှင့်ပစ်တယ်.."

"ဒေါ်မာလာဝင်းက မသက်မသာပြောရှာသည်။

"ကျွန်တော်လဲ ချိုရီရီနေကောင်းပါစေပဲ အမြဲဆုတောင်းနေရတာ.."



www.burmeseclassic.com

ခန့်သော်လင်းက အလိုက်သင့်ပြန်ပြော၏။

"သမီးလေးရဲ့ရောဂါအခြေအနေက သိပ်အဆိုးကြီးမဟုတ်ပေမယ့် တစ်ခါတစ်လေသူစိတ်ဖောက်မှာကို စိုးရိမ်ရတယ်.."

"သူ့ဝေဒနာက တစ်ခါတည်းကုသလို့ မရဘူးနော်.."

"စိတ်မှာဖြစ်တဲ့ဝေဒနာဆိုတော့ တဖြည်းဖြည်းကုသနေရတယ်..သူ့အဖေက ဒါမျိုးတွေ သိပ်နားမလည်ဘူး..သူ့သမီးလေးအသက်ရှင်နေနိုင်ဖို့ပဲလိုချင်တယ်..ချိုရီရီကလဲ အန်တီကိုမှန်းနေတာနဲ့ သူ့အဖေကိုကလန်ကဆန် သိပ်လုပ်တယ်..အန်တီနားလည်ပေးပါတယ်.."

"အန်တီ့စေတနာကို ကျွန်တော်သဘောပေါက်ပါတယ်.."

"အေးကွယ်..အန်တီက အမေရင်းမှမဟုတ်တာ..နားလည်ပေးရမှာပေါ့..ချိုရီရီအပေါ်လဲအန်တီမငြိုငြင်ပါဘူး.."

ဒေါ်မာလာဝင်းသည် ထင်တာထက်ကို စိတ်သဘောထားပြည့်ဝနေသည်။

"အန်တီ..ကျွန်တော်တစ်ခုမေးချင်တယ်.."

"မေးလေ.."

ဒေါ်မာလာဝင်းက ခန့်သော်လင်းမျက်နှာကို တစ်ချက်အကဲခတ်လိုက်သည်။

"အန်တီ..စိတ်မဆိုးနဲ့နော်.."

"မဆိုးပါဘူးကွယ်.."

"ဟိုလေ..အန်တီ..ကျွန်တော်ခုလို ချိုရီရီနဲ့ပတ်သက်ပြီး ဒီအိမ်ပေါ်ရောက်လာတာကို အန်တီဘယ်လိုမြင်သလဲ.."

ဒေါ်မာလာဝင်းမျက်မှောင်တစ်ချက်ကြုတ်လိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြောပါ..အန်တီ.."



www.burmeseclassic.com

www.burmeseclassic.com

"မင်းကလဲ..ဘာတွေမေးနေတာလဲ..အန်တီဘယ်လိုမြင်ရမှာလဲ.. မင်းကို ပထမတုန်းကတော့ သမီးလေးစိတ်ဝေဒနာဖြစ်တာကို အခွင့်ကောင်း ယူမယ့်အချောင်သမားလို့ ထင်ခဲ့မိတယ်။ အခုမင်းက ချိုရီရီအပေါ် သေသေ ချာချာဂရုစိုက်တာမြင်ရတော့ အန်တီသံသယတွေမရှိပါဘူး။ မင်းနဲ့ချိုရီရီက သွေးမတော်သားမစပ် မထင်မှတ်ဘဲဆုံတွေ့ခဲ့တာကလည်းရေးရေစက်လို့ အန်တီထင်တယ်..အခုမင်းရောက်လာတဲ့နောက်ပိုင်း ချိုရီရီကအရင်လိုသိပ် မဆိုးတော့ဘူး.."

ဒေါ်မာလာဝင်းက အစိပ္ပာယ်ပါပါပြုံးသေးသည်။

"အန်တီ..ကျွန်တော်ကတိပေးပါတယ်..ချိုရီရီနဲ့ပတ်သက်ပြီးကျွန်တော် ခုချိန်ထိ စာနာစိတ်နဲ့ သံယောဇဉ်ပဲရှိပါတယ်..အခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး..ကျွန်တော်ကိုယ်ကျင့်တရားကို အန်တီယုံပေးပါ.."

"အေးကွယ်..မင်းခုလို အန်တီကိုပွင့်ပွင့်လင်းလင်းလာဆွေးနွေးတာကို အန်တီသဘောကျတယ်.."

"ဟုတ်ကဲ့ပါ..အန်တီ.."

ထိုစဉ်..ဒေါ်မာလာဝင်းဟာမ်းဖုန်းသံမြည်လာသည်။ စီးပွားရေးကိစ္စတွေ ဖြစ်နေသဖြင့် ဒေါ်မာလာဝင်းဝရန်တာအပြင်ဘက်ကို ထွက်ပြောသည်။

ခန့်သော်လင်းလည်း စပ်စပ်စုစုဖြင့် ခုနက ဒေါ်မာလာဝင်းရေးနေသော စာအုပ်ကို အမှတ်တမဲ့ကြည့်လေသည်။ စာအုပ်ရှေ့အဖုံးတွင် ရေးထားသည် က...

"ချိုရီရီ၏ အသုံးစရိတ်မှတ်တမ်း"

ခန့်သော်လင်းစာအုပ်ကို လှန်ကြည့်ချင်စိတ်ပေါ်သွားသော်လည်း ဒေါ်မာလာဝင်းသိမည်စိုး၍ မျက်နှာလွှဲနေရသည်။

စိတ်ထဲမှာတော့ ကလိကလိနှင့်စပ်စုချင်နေ၏။

www.burmeseclassic.com

ဒေါ်မာလာဝင်းက ဖုန်းပြောပြီး ပြန်ဝင်လာသည်။

"သား..အန်တီအလုပ်ကလေးတွေ ဆက်လုပ်လိုက်ဦးမယ်.."

"ဟုတ်ကဲ့..အန်တီ.."

ခန့်သော်လင်းအလိုက်သိစွာအပြင်ပြန်ထွက်သွားသည်။ စိတ်ထဲမှာတော့ တထင့်ထင့်နှင့်။

"ဒီဘွားတော်က ချိုရီရီရဲ့ ဘာအသုံးစရိတ်တွေကို မှတ်နေတာလဲ တစ်ခုခုတော့ တစ်ခုခုပဲ.."

ခန့်သော်လင်းတွေးစရာတွေ ချဲ့ထွင်မိနေသည်။

× × × × ×

သုံးရက်လောက်ဆက်တိုက်မိုးတွေသဲသဲမဲမဲရွာသည့်နေ့က ခန့်သော်လင်းတို့တတွေ ချိုရီရီကိုစက္ကန့်မလပ်စောင့်ကြည့်နေရတာ အလုပ်တစ်ခုလိုဖြစ်နေသည်။ မိုးရေထွက်ချိုးမှာစိုးသောကြောင့်။

ဒါပေမဲ့ မိုးကမာယာပရိယာယ် သိပ်ကြွယ်ဝသည်။ နောက်နှစ်ရက်လောက်မှစ၍ ကောင်းကင်တစ်ခုလုံး ဝင်းပရွှန်းလဲ့စွာရှိ၏။

ရာသီဥတုသာယာသော ပိတ်ရက်တစ်နေ့တွင် ချိုရီရီက စိတ်ဖောက်လာသည်။

အခြားမဟုတ် အိမ်ထဲခွေနေရတာ ပျင်းစရာကောင်းသဖြင့် ရုပ်ရှင်သွားကြည့်ရန်ပူဆာခြင်းပင်။ ခန့်သော်လင်းက အမျိုးမျိုး ပယ်ချသော်လည်းမရပေ။

နောက်ဆုံးနိုင်ငံခြား ရောက်နေသော ဦးဘဖေငြိမ်းကိုလှမ်းတိုင်သည်။ အဘိုးကြီးက ဒေါ်မာလာဝင်းကနေတစ်ဆင့် ချိုရီရီကို ရုပ်ရှင်လိုက်ပြရန်



www.burmeseclassic.com

နဲ့သော်လင်းခေါင်းပေါ်ပုံကျလာသည်။

တော်တော်မလွယ်သော ချိုရီရီပါတကား။

ဒါနဲ့ပဲ ခန့်သော်လင်းလည်းချိုရီရီကို ရုပ်ရှင်လိုက်ပြရသည်။ ရာသီဥတု
ာ ပွင့်လင်းသာယာနေသည်။ ချိုရီရီနှင့်အတူ ရုပ်ရှင်ဝင်ကြည့်တော့ ရုံတင်
ည့်ကားက ထူးထူးခြားခြား တက္ကသိုလ်ဘုန်းနိုင်ရဲ့ဝတ္ထု ကိုရိုက်ကူးထား
သော "မိုးညအိမ်မက်မြူ"

နေတိုးရဲ့စိတ္တဇဆန်ဆန် သရုပ်ဆောင်မှုတွေကို အနုပညာပီသစွာ
ားရသည့် ရုပ်ရှင်ဇာတ်ကား။

ခန့်သော်လင်းမျက်ခုံးတွေလှုပ်လာသည့်နမိတ်ပြလေပြီ။ ချိုရီရီဘာတစ်
မ မဖြစ်ပါစေနဲ့ ဆုတောင်းရတာမမောပင်။

ခန့်သော်လင်း ဆုတောင်းတက်တက်စင်အောင်လွဲချော်ခဲ့လေသည်။

ရုပ်ရှင်ရုံမှ ပြန်အထွက်တွင် စနေထောင့်မှ အဆက်မပြတ် စုစည်း
သော တိမ်သေးသေးလေးများမှ ကြီးထွားစုဖွဲ့ကာ တိမ်ညိုတိမ်ပြာ
ောင်လာပြီး မိုးအဖြစ် ရွာသွန်းလေသည်။

ထီးမပါသော သူတွေက ဒရောသောပါး ပြေးလွှားနေကြသည်။
ူနှုန်ရှင်က လေနတ်သားကိုပါ ညှိသည်တော်အဖြစ်အပါခေါ်လာသဖြင့်
ားတိုင်းလိုလို လေအပင့်မိုးစက်အထိဖြစ်နေကြသည်။

ချိုရီရီကပါလာသောထီးကို ထုတ်၍ဖွင့်ဆောင်းနေတာကိုတွေ့၍မျော်
သည်။ ခန့်သော်လင်းစိုးရိမ်ရေမှတ်တွေ တရိပ်ရိပ်တက်လာ၏။

"ကိုယ် ရုံတော်ချိုးမြောင်းဆယ်··ငါတို့ထီးမဆောင်းဘဲ မိုးရေထဲ
ောက်သွားရအောင် ဟာ··"

"ဟာ··ဟာ··မလုပ်နဲ့··ချိုရီရီ··အဲဒီအခါမဟုတ် မိုးကကျွန်းမာရေး
ားစွာ ထိခိုက်နိုင်တယ်··"



www.burmeseclassic.com

www.burmeseclassic.com


"နင်ကလဲ‥ဆေးလိပ်ကြော်ငြာကျနေတာပဲ‥ဘာဖြစ်လဲ‥သူ့ဘာသာ သူမိုးရွာတာ‥မိုးရေချိုးတာ အဖျားအနာတောင်ကင်းသေး‥"

ခန့်သော်လင်း တားမရ ဆီးမရ ဒုက္ခနှင့် ခွကျလေပြီ။

"ချိုရီရီရယ်‥ငါတောင်းပန်ပါတယ်‥နင်မိုးရွာထဲမသွားပါနဲ့‥"

"သွားမယ်ဟာ‥ မရဘူး‥ငါဒီနှစ်မိုးတွင်း မိုးရေမထိရသေးဘူး‥"

"မိုးရွာထဲ နင်သွားလို့မရဘူးလေ"

ခန့်သော်လင်းလေသံမာသွားသည်။

"အံမာ‥နင်ကများ‥ငါ့ကိုလေသံစွာစွာနဲ့‥ငါကမလုပ်နဲ့ဆိုရင် ပိုလုပ်ချင်တယ်‥သွားမယ်ဟာ‥"

"ချိုရီရီ‥နင်ငါ့ကိုခင်ရင် မိုးရေထဲမထွက်ပါနဲ့ဟာ‥ငါတို့ကားငှား ပြန်ကြမယ်လေဟာ‥နော်‥နော်‥"

"မရဘူး‥ငါထွက်မှာပဲ‥"

ချိုရီရီက ဘုကန့်လန့်တိုက်လာပြီ။ လိုချင်တာမရသော ကလေးလို

"ငါ‥နင့်အတွက် စေတနာနဲ့ပြောတာနော်‥"

"ဘာစေတနာလဲ‥ငါ့ပျော်ရွှင်မှုကို တားဆီးနေတဲ့ဂြိုလ်ကောင်‥ငါ့ရဲ့ဆန္ဒကိုပိတ်ဆို့နေတဲ့ သူပုန်ကောင်‥"

"နင်ပြောချင်တာတွေပြောဟာ‥နင်မိုးရေထဲမထွက်ရဘူး"

ခန့်သော်လင်းက ချိုရီရီ လက်ကိုဆွဲထားသည်။ လူတစ်ချို့ကဝိုင်း ကြည့်နေကြသည်။

"နင် ငါ့လက်ကိုမဆွဲနဲ့"

"ချိုရီရီ နင်ငါ့ကိုမသနားတော့ဘူးလား‥နင့်မိဘတွေက ငါ့ကိုမိုးရေ ထဲမထွက်ဖို့ သေသေချာချာမှာထားတယ်"

"ဘာ‥"



www.burmeseclassic.com

ချိုရီရီ အော်သံကျယ်သွားသည်။

"ဩော်··နင်ကငါ့ကိုတားရတာ ဟိုမိန်းမကြီးပြောထားလို့ကိုး··နင်ငါ့အပေါ်တော်တော်ရက်စက်တာပဲ··ငါကတော့နင့်ကိုခင်မင်ပြီးကိုယ်ရံတော်ဆောင်ခန့်ထားတာ··ခုတော့ နင်က··"

ချိုရီရီအထင်ပါထပ်လွဲသွားသေးသည်။

"ချိုရီရီ နင်ငါ့ကိုအထင်မလွဲပါနဲ့ဟာ··ငါစေတနာနဲ့ ပြောတာပါ··"

"မပြောနဲ့ ငါဘာမှမကြားချင်ဘူး··"

ထိုစဉ် ထီးအကြီးကြီးတွေ ဆောင်းထားသော ဝင်းသုံးဝင်းလည်း ဒီးရိမ်စွာရောက်လာသည်။ ချိုရီရီရဲ့အထင်လွဲမှုက အထွတ်အထိပ်ရောက်သွားသည်။

"ခန့်သော်လင်း··နင်··ငါ့ကိုသစ္စာဖောက်တယ်··သူတို့ကိုပါ ခေါ်ထားတာကိုး"

အမှန်တော့ဝင်းသုံးဝင်းကို ဒေါ်မာလာဝင်းက ကြိုတင်လွှတ်လိုက်ခြင်းဖြစ်သည်။ ဝင်းသုံးဝင်းက မိုးရွာထဲချိုရီရီမထွက်ဖို့ သူတို့အချိန်မီလိုက်လာကြောင်း ရှင်းပြသည်။

"နင်တို့အားလုံးငါ့ကိုဝိုင်းလိမ်နေကြတယ်··"

"မဟုတ်ဘူး··ချိုရီရီ··နင်မှားနေပြီ··"

ချိုရီရီက စိတ်ကိုမထိန်းနိုင်တော့ပေ။

"ငါကတော့ မိုးရေထဲထွက်ရမှာပဲ··"

ချိုရီရီက ရုတ်တရက်ခန့်သော်လင်းလက်ကိုကိုက်၍ မိုးရေထဲထွက်ပြေးသွားသည်။ ရုတ်တရက်မို့ ဘယ်သူမှဆွဲချိန်မရလိုက်။

"ချိုရီရီ··မပြေးနဲ့··"

ချိုရီရီက မိုးရေထဲဇွတ်ထွက်ပြေးသွားသည်။ ခန့်သော်လင်းလည်း



www.burmeseclassic.com

 www.burmeseclassic.com 

ချက်ချင်းပြေးလိုက်သည်။

"ခန့်သော်လင်း..နင်မလိုက်နဲ့နော်.."

"ချိုရီရီ..ငါရှင်းပြတာနားထောင်ပါဦးဟာ.."

"မရှင်းပြနဲ့.."

"ငါ..ငါ..နင်နဲ့အတူ မိုးရေထဲသွားမလို့ပါဟာ..ငါဆုံးဖြတ်ချက်ပြ လိုက်ပြီ..၂၀ ရာစုမြေခွေးဂိုဏ်းက ကောင်တွေကိုငါထားခဲ့ပြီ.."

ခန့်သော်လင်းက တစ်မျိုးပြောင်း၍ ချိုရီရီထွက်မပြေးရန် စည်းရုံး သည်။ ချိုရီရီက ရုတ်တရက်ရပ်သွား၏။

"ချိုရီရီ..နင်နဲ့ငါအတူမိုးရေထဲလမ်းလျှောက်ကြမယ်လေ.."

ချိုရီရီတစ်ကိုယ်လုံးစိုရွှဲနေရာမှ ဝမ်းသာအားရပြုံးပြသည်။

"နင်..ငါ့ကိုယုံပါဟာ.."

ခန့်သော်လင်းက မလှမ်းမကမ်းမှာရပ်လိုက်သည်။

မိုးရေစွတ်စိုမှုကြောင့် ထင်ပေါ်ဝင်းပလာသည့် ချိုရီရီ၏ အလှက ခန့်သော်လင်းကို ခဏတာမိန်းမောသွားစေပြီး ခံစားမှုတို့ ရှင်သန်ပေါက်ဖွား ပေးလိုက်သည်။

"ချိုရီရီ..နင့်ကိုငါချစ်တယ်.."

ခန့်သော်လင်း နှလုံးသားထဲတွင် ငုတ်လျှိုးနေသည့် တိတ်တိတ်ပုန်း အသံလေး ဆောင့်ခုန်ထွက်သွားသည်။

သို့သော်လည်း ချိုရီရီဟာ အရာရာကို သတိမထားမိဟန်၊ မခံစားမိ ဟန်ဖြင့်..

"ကိုရုံတော်..ချီးမြှောင်းဆယ်.."

ချိုရီရီက မိုးရေထဲမှာ ခုန်ဆွခုန်ဆွလုပ်ရင်း လှမ်းခေါ်လိုက်သည်။ တစ်ဆက်တည်း..ခန့်သော်လင်းနှုတ်မှလည်း အလိုလိုတလန့်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုသွားတော့..ငါအနားယူဦးမယ်.."

ခန့်သော်လင်း စိတ်မကောင်းစွာထွက်သွားသည်။

ဦးဘဖေငြိမ်းက နောက်မှလိုက်လာ၏။

"သား..မင်းစိတ်ထဲမှာ တော်တော်ခံစားသွားရလား"

"ကျွန်တော်ဘာမှမဖြစ်ပါဘူး..အန်ကယ်.."

"မင်း..သမီးလေးဘေးမှာတော့ နေပေးပါကွာ..မင်းကိုတစ်နေ့နေ့ တစ်ချိန်ချိန်သူနားလည်လာပါလိမ့်မယ်"

"ကျွန်တော်ကြိုးစားပြီးနေပေးပါ့မယ်.."

"အေးကွာ..မင်းစိတ်ဓာတ်ကို အန်ကယ်လေးစားပါတယ်ကွာ.."

ဦးဘဖေငြိမ်းက ချီးကျူးသည်။

"ဟုတ်ပါတယ်..မောင်ခန့်သော်လင်းရယ်..သမီးလေးက ရုတ်တရက် ခင်းကို မမှတ်မိတာပါ..နောက်တော့လဲအရင်လိုပြန်ဖြစ်သွားမှာပဲ.."

"စိတ်ချပါ..အန်တီ..ကျွန်တော်ချိုရီရီကို အရင်ကလိုပဲ ဆက်ဆံမှာပါ ..ကျွန်တော့်စိတ်ထဲမှာ ဘာမှမရှိပါဘူး."

ခန့်သော်လင်းရင်ထဲမှ အစိုင်အခဲတွေအပူဟပ်၍ တိုးပွားနေသည်။

ဘဝကံကြမ္မာကိုက မကောင်းခဲ့တာကိုး။

ခန့်သော်လင်းခုမှ ချိုရီရီကို စွဲမြဲစွာချစ်ခင်မိနေသည့်ဒဏ်ကို ရက်ရှည် သများစွာ ကုသရပေတော့မည်။

ဒါပေမဲ့ ဖြစ်နိုင်ခြေမရှိတော့..။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ခန့်သော်လင်းသေသေချာချာဆုံးဖြတ်ချက်ချလိုက်သည်။

ချိုရီရီတို့ မိသားစုနှင့်ဝေးရာသို့ ရှောင်တိမ်းထွက်ပြေးသွားခြင်းသည် အကောင်းဆုံးဖြစ် ပေလိမ့်မည်။

သူမရှိလျှင် ချိုရီရီသူ့ဘဝနှင့်သူ အသားပြန်ကျသွားနိုင်သည်။ ဘဝချင်းမတူသောအဖြစ်ကို စေ့စေ့စပ်စပ်တွေး၍ စွန့်ခွာခဲ့ခြင်းသည်သာ ကောင်းပေမည်။

အစကတည်းကမှ အခြေအနေမတူခဲ့တာပဲ။

ခန့်သော်လင်းဘယ်သူမှအသိမပေးဘဲ တိတ်တဆိတ်ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။ နေရစ်ခဲ့ပေတော့ ချိုရီရီ။ ဒီဘဝဒီမျှနဲ့ပဲ အဆုံးသတ်ပါ ရစေတော့။

ခဏတဖြုတ်အိပ်မက်ကို မေ့ပြစ်ရတော့မှာပဲ။ စိတ်ထဲမှာတော့ မချိမဆန့်ခံစားရသည်။ အမှတ်တမဲ့တွေ့ဆုံရာမှ အမှတ်တရတွေရှည်လျား ခဲ့ပြီဖြစ်သည်။

ချိုရီရီကိုချစ်မိသွားသော အချစ်စိတ်တွေကို မေ့ဖျောက်ပစ်နိုင်စွမ်း အင်အားလည်းမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com


အခုမှ ချစ်ခြင်းမေတ္တာတရားရဲ့ အတိမ်အနက်ကို နက်နက်ရှိုင်းရှိုင်း သိမြင်ခံစားမိသည်။

"သံယောဇဉ်က အပူဆုံးမီးပဲ‥ချိုရီရီရဲ့ ဘဝလေးကောင်းမွန်သွားရင်လည်း ငါနဲ့မထိုက်တန်ပါဘူးကွာ‥"

ခန့်သော်လင်းစိတ်ပျက်လက်ပျက်တွေးသည်။

"လောကမှာ မတူညီတဲ့ဘဝတွေကို ဆက်စပ်လို့မရတဲ့ နိယာမတွေရှိတာပဲလေ‥ငါခုလိုဖြစ်ရတာ မထူးဆန်းပါဘူး‥သူတို့ဆီက ငါ့ဘာတစ်ခုမှ မရခဲ့ဘူး‥ငါ့ဘက်က တတ်နိုင်သလောက်ပေးဆပ်ခဲ့တာပဲ‥ချိုရီရီက ငါ့ဘဝရဲ့ ကျေးဇူးရှင်တစ်ဦးဆိုလဲ မမှားပါဘူး‥တစ်ချိန်ချိန်ပြန်ဆုံဖြစ်ခဲ့ရင် ကျေးဇူးဆပ်ရမှာငါ့တာဝန်ပါ‥‥ငါ့ဘဝမှာ "ချို"တွေနဲ့ အကျိုးမပေးပါလား‥"

ခန့်သော်လင်းက ဝေလီဝေဝင်းအချိန်တွင် ချိုရီရီတို့အိမ်မှ စထွက်လာခဲ့သည်။

မနက်ခင်းတိုက်ခတ်သော လေတွေကိုပင် သိပ်သည်းအအေးဆပေါ့နေသလိုခံစားရသည်။ ရင်ထဲတွင် ထင်းမီးဖိုအသေးစားလေးတစ်ခုလို ပူနေမိသည်။

ရင်ထဲမှာ မပြယ်သော မပျောက်သောမေတ္တာဓာတ်တွေနှင့် ချိုရီရီကို သတိရနေဆဲပါ။

လတ်တလောဆုံးဖြတ်ထားသော ချိုရီရီနှင့်ဝေးရာဖြစ်သည့် မွေးဇာတိတောင်ငူသို့ ပြန်ရန်ဆုံးဖြတ်ထားသည်။

ခန့်သော်လင်းခွက်ခွက်လန်အောင် ဘဝတိုက်ပွဲမှာ ရှုံးနိမ့်နေမှတော့ သွားစရာနေရာသည် မိဘရိပ်တစ်ခုသာရှိတော့၏။ ဘဝတစ်ခုကို တစ်ဖန်ပြန်စဖို့ မိဘတွေဆီက ခွန်အားယူရပေဦးမည်။

ခန့်သော်လင်းအောင်မင်္ဂလာအဝေးပြေးကို ကားစီးခဲ့သည်။



www.burmeseclassic.com

 www.burmeseclassic.com 

မနက်ခင်းသည် နေရောင်ဖျော့ဖျော့ဖြင့် အပူရှိန်ကို တစ်စတစ်စတိုးမြှင့်ပေးနေ၏။ ရရာ ကားလက်မှတ်ကို အသင့်ဖြတ်၍ကားထွက်မယ့်အချိန်ကို စောင့်ဆိုင်းနေသည်။

"ရွာကလူတွေက ငါ့ကိုအံ့သြနေမှာပဲ··အဖေကတော့ အကွက်ကျကျ ဘီးစိတ်တိုက်ပြဿနာရှာမှာပဲ··ခက်တယ်··"

ညနေ(၄)နာရီခွဲခန့်တွင် ခန့်သော်လင်းတစ်ယောက်မွေးရာဇာတိကို ကားဆိုက်လာသည်။ တောင်ငူမြို့နှင့်ဝေးသော ရွာသို့ကားတစ်ဆင့်ထပ်စီးရသည်။

ခန့်သော်လင်း ရွာကို ပြန်သာလာရသည်။ ရွာအတွက်သတင်းကောင်းတွေ လက်ဆောင်ကောင်းတွေဘာတစ်ခုမှ ပါမလာ။

စိတ်ညစ်စရာ တွေကိုသာ ထုတ်ပိုး၍ ရင်ထဲလေးလံစွာ သယ်ဆောင်လာခဲ့ရသည်။ မိဘရဲ့ ပြစ်တင်ဝေဖန်သံကို နားစည်ထဲကြားနေရသလိုပင်။

သိပ်မကြာခင်ရွာထဲရောက်တော့မည်။

နွားရိုင်းသွင်းချိန်မရောက်ခင် နေရောင်ကို အမှောင်က ဖုံ့ဖုံ့စားနေပြီ။ ရွာလမ်းကလေးသည် အရင်လို ဖုန်လမ်းမဟုတ်တော့။ ညီညီညာညာခင်းထားသော ကတ္တရာလမ်းလေးဖြစ်နေပြီ။ ဓာတ်တိုင်တွေ တွေ့ရသဖြင့် မကြာခင်လျှပ်စစ်မီးရရှိတော့မည်။ ဆောက်လက်စကျေးရွာစာကြည့်တိုက်ကို တွေ့ရသည်။ အိမ်တွေပင်သွပ်မိုးလေးတွေဖြစ်လာပြီ။

နားထဲတွင် ထူးအိမ်သင်ရဲ့သီချင်းလေးကို ပြောင်းပြန် ခံစားကြားရ၏။

"အကြွေးမပေးတဲ့×××အမေ့ရဲ့သားလေး×××ပြန်လာပြီ×××"

သိပ်မကြာခင်အိမ်နားရောက်တော့မည်။

ခပ်လှမ်းလှမ်းမှ ထွေလာကြသော ကာလသားတစ်စုကိုတွေ့ရသည်။

"ဟာ··ဟော့ကောင်ကြီး··"

ခန့်သော်လင်းဝမ်းသာအားရနှုတ်ဆက်သည်။ သူ့ရဲ့ငယ်သူငယ်ချင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

မောင်စိန်အောင်တို့ဖြစ်နေ၏။

"မင်း..ပြန်လာတာလား..ဝမ်းသာလိုက်တာကွာ.."

"အေးကွာ..မြို့ပြရဲ့မွန်းကျပ်မှုဒဏ်ကိုမခံနိုင်လို့ ငါစိတ်ပြေလက်ပျောက် ပြန်လာတာပါ.."

မောင်စိန်အောင်တို့က ခန့်သော်လင်းကို ပြုံးစိစိကြည့်နေကြသည်။

"ငါတို့ အရည်ထပ်ဖြည့်ဖို့သွားဝယ်လိုက်ဦးမယ်.."

မောင်စိန်အောင်တို့က နှုတ်ဆက်၍ ဒယီးဒယိုင်နှင့်ထွက်သွားကြသည်။

အိမ်ဝန်းနားအရောက်..

"ဟာ..အိမ်ရှေ့မှာ မင်္ဂလာမဏ္ဍပ်ထိုးထားပါလား"

ခန့်သော်လင်းတို့အိမ်က ခြံဝိုင်းကျယ်သဖြင့် မဏ္ဍပ်ထိုး၍အဆင်ပြေသောကြောင့်အရင်လည်း ရွာထဲက မင်္ဂလာဆောင်တွေအလှူတွေလုပ်လျှင် သူတို့ခြံထဲတွင် မဏ္ဍပ်ထိုးလေ့ရှိသည်။

ခန့်သော်လင်းအိမ်ထဲသို့အဝင်...

"ခန့်သော်လင်း..ပြန်လာပြီဟေ့.."

ရွာသားတွေက ဝိုင်းနှုတ်ဆက်ကြသည်။

"ဟာ..ဘယ်သူ့မင်္ဂလာဆောင်လဲ.."

"မပြောချင်ပါဘူးကွာ..မင်းအဖေပေါ့.."

"ဘာ.."

ခန့်သော်လင်းမျက်လုံးပြူးသွားသည်။ ရှိတာမှ ဒီအဖေတစ်ယောက်တည်း။ အဖေတစ်ခုသားတစ်ခုဘဝမှာ အဖေကတစ်ပင်လဲမှ တစ်ပင်ထူတာလားမသိ။ ခန့်သော်လင်းတော်တော်ရှက်သွားသည်။

"အဖေ..ဘယ်မှာလဲ.."

"မင်းအဖေ..ရွာထိပ်က ဘုရားကိုသွားတယ်.."

"အဖေဗျာ..ကျွန်တော့်တောင်အကြောင်းမကြားဘူး.."


www.burmeseclassic.com

www.burmeseclassic.com



"မင်းနေတဲ့ နေရာကိုငါဆက်သွယ်ပါသေးတယ်"

ဦးလေးကပြောသည်။ ဝိုင်းကြည့်နေသော လူတွေကြားမှ ခန့်သော်လင်း ထွက်ပြေးသွားချင်စိတ်တွေပေါက်လာသည်။

"အဖေက ဘာစိတ်ကူးပေါက်ပြီး မိန်းမထယူရတာလဲ..ရွာထဲကလား ..အဖေနဲ့ သက်တူရွယ်တူလား"

"အင်း.."

"ဟာ..အဖေဘာတွေလုပ်နေတာလဲဗျာ.."

ခန့်သော်လင်းနားမလည်နိုင်တော့ပေ။

"မင်းအဖေအကြောင်းငါလဲ မပြောတတ်ပါဘူးကွာ..မင်းအဖေက တော်တော်ဇွတ်တရွတ်နိုင်တာမင်း အသိဆုံးပဲ.."

"တော်တော်ရက်စက်တဲ့အဖေဗျာ..ပြောတော့သားလေးတစ်ယောက် တည်းကိုပဲ မိန်းမပေးစားမလေးဘာလေးနဲ့..ခုတော့ သူက အရင်စစည်း ဖောက်တယ်..တော်သေးတာပေါ့..ကျွန်တော်ရောက်လာလို့.."

"ငါလဲ ပထမမေးပါသေးတယ်ကွာ..မင်းအဖေက သိတဲ့အတိုင်း.. လွယ်တာမဟုတ်ဘူး.."

"ဒါနဲ့ မင်္ဂလာဆောင်က ဘယ်တော့လဲ"

"နောက်တစ်ပတ်ထင်တာပဲ"

"ကျွန်တော်လိုက်သွားမယ်ဗျာ.."

"မင်းဘာမှ ကန့်ကွက်မနေနဲ့ဦးနော်..မင်းအဖေစိတ်တိုင်းကျစီစဉ် နေတာကို ပြဿနာသွားမရှာနဲ့.."

"သွားမယ်ဗျာ.."

ခန့်သော်လင်းလည်း ဝန်းထဲမှ စက်ဘီးတစ်စီးကိုနင်း၍ ထွက်သွား လေသည်။

"ဟော့ကောင်..အဲဒီဘီးက ဘရိတ်မမိဘူးနော်.."



www.burmeseclassic.com

ခန့်သော်လင်းမကြားတော့ပေ။

အတင်းဒုန်းစိုင်းနင်းသွားသည်။ ရွာထဲက လူတွေက စက်ဘီးအတင်းနင်းသွားသော ခန့်သော်လင်းကို ထူးဆန်းသလိုဝိုင်းကြည့်နေကြသည်။

လမ်းမအလယ်တွင် ဖုန်းဒိုင်းအသံချီ၍မောင်းလာသော ထော်လာဂျီတစ်စီးကို မျက်နှာချင်းဆိုင်တွေ့လိုက်ရသည်။

ထော်လာဂျီပေါ်တွင်ပါလာသော လူသုံးယောက်က ခန့်သော်လင်းကိုဝိုင်းအော်ကြသည်။

"ဟေ့ကောင်..ခန့်သော်လင်း"

"ဟင်..ခင်ဗျားတို့.."

မထင်မှတ်ဘဲ အဲဒီလူ(၃)ဦးက ဝင်းသုံးဝင်းဖြစ်နေသည်။

"ဟေ့ကောင်..မင်းကိုမမလေးတို့က အခေါ်ခိုင်းလို့.."

"ခင်ဗျားတို့လာမရှုပ်နဲ့..ကျုပ်မလိုက်ဘူး..ဒီမှာအရေးကြီးတဲ့ ကိစ္စပေါ်နေလို့..သွားကြဗျာ.."

ခန့်သော်လင်းစိတ်ပေါက်ပေါက်နှင့်အော်လွှတ်သည်။

"မင်းပြန်လိုက်ခဲ့ပါကွာ.."

ခန့်သော်လင်းသူတို့စကားကိုနားမထောင်နိုင်ဘဲ စက်ဘီးကိုကွေ့၍နင်းပြေးသွားသည်။ ဝင်းသုံးဝင်းက ထော်လာဂျီမောင်းသူကို ပြန်လှည့်ခိုင်း၍ ခန့်သော်လင်းနောက်သို့ လိုက်သည်။

ခန့်သော်လင်းစက်ဘီးကို အတင်းနင်းလေသည်။ ရွာထိပ်ရှိဆုတောင်းပြည့်ဘုရားက နည်းနည်းလှမ်းသည်။ ကန်သင်းရိုးပေါ်က ဖြတ်နင်းမည်။

ထိုစဉ် နွားအုပ်တစ်အုပ်ထဲမှ နွားတစ်ကောင်က ကန်သင်းရိုးပေါ်



www.burmeseclassic.com

www.burmeseclassic.com


ဖြတ်အတက် ခန့်သော်လင်းအရှိန်မထိန်းနိုင်ဘဲ နွားကိုဝင်တိုက်မိရာ ဘရိတ်မမိတော့ဘဲ စက်ဘီးရောလူပါမြောက်တက်၍ ဖွက်ထဲကျသွားသည်။

"ဗွမ်း.."

စက်ဘီးနောက်ဘီးက ထောင်၍လည်နေသည်။

ခန့်သော်လင်းထိ ခိုက်ဒဏ်ရာမရသော်လည်း တစ်ကိုယ်လုံး ဗွက်လူးသွားသည်။ ခန့်သော်လင်း မျက်နှာတွင်ပေနေသော ဗွက်တွေကို ကပျာကယာသုတ်၍လှမ်းမြင်နေရသော ဘုရားကို သွားပြန်သည်။

"အဖေ..အဖေ.တော်တော်တတ်နိုင်တဲ့အဖေပဲ.."

ရွာဘုရားမို့ လူက သိပ်မရှိပေ။

ခန့်သော်လင်းပေသလူးနေသော ခန္ဓာကိုယ်ဖြင့် ဘုရားပေါ်တက်သွားသည်။ ဘုရားပေါ်တွင် နှစ်ယောက်ယှဉ် တွဲထိုင်လျက် စကားပြောနေသော အဖေဖြစ်သူနှင့်မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။

"အဖေ.."

ခန့်သော်လင်း ဗွီဒီယိုထဲမှ နေမျိုးအောင်အသံဖြင့် လှမ်းအော်သည်။ အဖေဖြစ်သူ ဦးစိန်မောင်ကြိုင်က လှည့်ကြည့်သည်။

"သား..မင်း..ရန်ကုန်ကဘယ်တုန်းက ရောက်တာလဲ.."

ခန့်သော်လင်းက သူ့အဖေအမေးကို မေးခွန်းနှင့်ပင်တုန့်ပြန်သည်။

"အဖေ..သူကဘယ်သူလဲ.."

"သူလား..အဖေတို့လူကြီးချင်းသဘောတူထားတဲ့.."

"တော်ပါတော့..အဖေရာ..ဆက်မပြောပါနဲ့တော့..အဖေပြောတော့ သားကို မိန်းမပေးစားမယ်လေးဘာလေးနဲ့..ခုတော့..အမေ့ကိုတောင်


www.burmeseclassic.com

www.burmeseclassic.com

အားမနာနိုင်တော့ဘူးလား"

"အဖေ့ကိုတစ်မျိုးမထင်ပါနဲ့ကွာ··သားကို ခုလိုအသိမပေးဘဲ သတ်တလောဖြန့်စားကြီး ဆိုင်းမဆင့်ဗုံမဆင့် စီစဉ်လိုက်ရတာ အဖေ့ကို ခွင့်လွှတ်ပြီး နားလည်ပေးပါ··"

"အဖေရာ··သားကိုတော့ကြိုတင်အသိပေးသင့်တာပေါ့··"

"သားက လက်မခံဘဲငြင်းမှာစိုးလို့ပါ··"

ခန့်သော်လင်းက နောက်ကျောပေး၍ခေါင်းငုံ့နေသော မိန်းကလေးကို တစ်ချက် စူးစူးဝါးဝါးကြည့်လိုက်သည်။

"အဖေလုပ်တာတွေကို သားနားမလည်နိုင်တော့ဘူး··"

"သားရယ်··သားအတွက်ကောင်းမယ်ထင်လို့ စီစဉ်လိုက်ရတာပါ"

"သား အခုလာတာက အဖေ့ကို သားမိန်းမယူတော့မယ့်အကြောင်း ပြောမလို့ပါ··အခုအားလုံးက ပြောင်းပြန်တွေဖြစ်ကုန်ပြီ··"

"သားမှာ ချစ်သူမရှိသေးဘူးဆို··"

ဦးစိန်မောင်ကြိုင်က တအံ့တသြမေးသည်။

"ဦးလေးကိုပြောလိုက်တုန်းက မရှိဘူး··အခုရှိနေပြီ··"

"ဟုတ်လား··ဘယ်ကလဲ··ရန်ကုန်ကပဲလား··"

"ဟုတ်တယ်··အဖေလုပ်ပုံနဲ့တော့ သားစကားလွန်ထားတာတွေ မကောင်းဖြစ်နေပြီ··"

"သားကောင်မလေးနာမည်က ဘယ်သူတဲ့လဲ"

"ချိုရီရီ··"

"ရှင်··"


www.burmeseclassic.com

 www.burmeseclassic.com 

နောက်ကျောပေး၍ထိုင်နေသော ကောင်မလေးထံမှ အသံထွက်လာသည်။

အသံနှင့်အတူ လှူကပါလှည့်ကြည့်၍ မတ်တတ်ထလာ၏။

"မင်း..မင်း.."

ခန့်သော်လင်းခေါင်းထဲ ဂြိုဟ်တစ်ဂြိုဟ်ပြုတ်ကျသလို တုန်ခါသွားသည်။

"ဟား..ဟား..ဟား..ဟား"

အဖေဦးစိန်မောင်ကြိုင်က အသံဝါကြီးဖြင့်ထရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၇)

ချိုရီရီက ဘာသဘောလဲဟူသော အမူအယာဖြင့် ခပ်တည်တည်စိုက်ကြည့်ပြီး...

"ရှင်..ကျွန်မနာမည်ကို ပါးစပ်ကအလွယ်ခေါ်လိုက်တာလား..ဒါမှမဟုတ်..ခုနစကားအတည်ပြောလိုက်တာလား.."

"ချိုရီရီ..ဘာတွေဖြစ်ကုန်ပြီလဲ..ငါလိုက်မမီတော့ဘူး.."

"ရှင်အခုဖြစ်နေတာက တစ်ကိုယ်လုံးဗွက်တွေနဲ့လေ"

"အဖေ..ဘာတွေလဲ..သားကိုရူးအောင်လုပ်နေတာလား"

ဦးစိန်မောင်ကြိုင်က လက်ပိုက်၍ ရက္ခစိုးပြုံးပြုံးသည်။

"တကယ်တော့..ဒီနေ့ ငါသားကြားထားသမျှ..ကြုံသမျှတွေက ပြဇာတ်တစ်ခုရဲ့ နောက်ဆုံးဇာတ်သိမ်းလှည့်ကွက်ပေါ့.."

"သားကို သေချာအောင်ရှင်းပြပါဦး.."

"ဒီလိုပါ..အဖေက တစ်ချိန်က ပြဇာတ်ဆရာဇာတ်ဆရာဆိုတာ သားသိပါတယ်။ နယ်တကာလှည့်ကရင်း ဟောဒီက ချိုရီရီရဲ့အဖေ ဦးဘဖေငြိမ်းနဲ့ ခင်မင်ရင်းနှီးခဲ့ကြတယ်။ သူက အခြားဇာတ်အဖွဲ့က လူရွှင်



www.burmeseclassic.com

www.burmeseclassic.com


တော်ကြီး··သူ့နာမည်က ဦးသာလောင်··သူတို့ဓာတ်ခေါင်းကွဲတော့ အဖေ တို့ဓာတ်ထဲကို သမီးလေးတစ်ဦးနဲ့ရောက်လာတယ်·· အဖေတို့နှစ်ယောက် နှစ်ဦးသဘောတူလက်ခံထားတာက သားနဲ့သမီးကြီးလာရင်ပေးစားဖို့ပဲ-- ဒါပေမဲ့အဖေတို့ သိပ်မတွဲဖြစ်ခဲ့ရဘူး··အဖေက ကျန်းမာရေးမကောင်းတော့ ဓာတ်သဘင်လောကက အနားယူလိုက်ရတယ်·· ဦးဘဖေငြိမ်းနဲ့လဲ အဆက် အသွယ်ပြတ်သွားတယ်··သားရန်ကုန်မသွားခင် အဖေရန်ကုန်တက်တော့ ဦးဘဖေငြိမ်းက သူဌေးဖြစ်နေပြီ··နောက်မိန်းမတောင်ယူပြီး သမီးလေးက အရွယ်ရောက်နေပြီ··သားရေးသမီးရေးကို တိုင်ပင်ပြီးကလေးတွေဘွဲ့ ရပြီးရင် ပေးစားဖို့ ကတိခံခဲ့ကြတယ်။ နှစ်ဦးသား သားနဲ့သမီးကို ဖွင့်မပြော ဘဲ ပြဇာတ်တစ်ပုဒ်လိုလုပ်ဖို့ အစီအစဉ်ဆွဲခဲ့ကြတယ်··"

"ဩော်··ဒီလိုလား··ဦးဘဖေငြိမ်းက ဒါကြောင့်လူရှင်တော်ရုပ်ပေါက် နေတာကိုး"

"ဖေဖေ့ကို ဒီလိုမပြောပါနဲ့··"

ချိုရီရီက နှုတ်ခမ်းလေးစူကာမျက်စောင်းလက်နက်နှင့် ပစ်ပေါက်ရင်း ဝင်ပြောသည်။

"အဲဒါနဲ့မင်းကို ငါရန်ကုန်လွှတ်လိုက်တယ်··ကျောင်းပြီးလို့ အလုပ် ရတဲ့အထိ ငါမင်းကို ချိုရီရီနဲ့မတွေ့ပေးခဲ့ဘူး··မင်းဦးလေးပြောပြချက်တွေ အရ မင်းမှာအကြွေးတွေထူ၊ ချစ်သူကလဲမရှိဆိုတော့ ချိုရီရီနဲ့မင်းစတင်တွေ့ ဖို့ ငါ ဦးဘဖေငြိမ်းဆီ ဆက်သွယ်ပြီးပြဇာတ်ရဲ့ ဒုတိယပိုင်းကို ဆက်လက် ကပြဖို့ လက်လွှဲခဲ့တယ်··"

"ဟာ··ဒါဆို··ချိုရီရီက··"

"ဟုတ်တယ်··ကိုခန့်··ကျွန်မတကယ်မရူးခဲ့ပါဘူး··ကမ္ဘာအေးဘုရား မှာ ရှင့်ကို ကျွန်မစောင့်တွေ့ပြီး ရူးချင်ယောင်ဆောင်တဲ့ပုံနဲ့ချဉ်းကပ်ခဲ့တာ ပါ··"


www.burmeseclassic.com

www.burmeseclassic.com


"မင်းက ငါ့ကိုဘာယ်လိုလုပ်သိလဲ.."

"သိတာပေါ့..အဖေက ရှင့်ဓာတ်ပုံကိုပြထားတာလေ.."

"ကျွန်တော့်ဓာတ်ပုံကို အဖေပေးခဲ့တာမဟုတ်လား.."

ဦးစိန်မောင်ကြိုင်က ခေါင်းညိတ်ပြသည်။

"အဲဒီမှာ ကျွန်မရှူးချင်ယောင်ဆောင်ပြီး ရှင့်ကိုဝင်ကယ်ခဲ့တယ်.. ဝင်းသုံးဝင်းတို့ ၂၀ရာစုမြေခွေးတို့ဆိုတာက ကျွန်မဆင်ခဲ့တဲ့ ဇာတ်ဝင်ခန်းတွေပါ..ကျွန်မနဲ့အတူ အဖေရောအဖေ့နောက်မိန်းမဒေါ်မာလာဝင်းရော.. ဝင်းသုံးဝင်းရော အတူတကွတစ်ကျိတ်တည်းတစ်ကြံတည်းဇာတ်ပို့ဇာတ်ရံတွေအဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။ အရာအားလုံးကို ဝေ့လည်ကြောင်ပတ် ရှုပ်ထွေးစွာနဲ့ ရှင့်ကို သေသေချာချာလှည့်စားခဲ့တယ်..ရှင်ကျွန်မရှူးနေတာကို စိတ်ပျက်ပြီးထွက်သွားတာကိုလဲ ကျွန်မတို့သိတယ်။ ဒါကြောင့် ကျွန်မတို့ ရှင့်ထက်အရင်စောရောက်ပြီး နောက်ဆုံးဇာတ်သိမ်းခန်းကို တင်ဆက်ခဲ့တာပေါ့.."

"ဒါဆို အားလုံးငါ့ကို ဝိုင်းအရူးလုပ်နေကြတာပေါ့.."

ခန့်သော်လင်းက ဒေါသဖြစ်ဖြစ်နှင့်ပြောသည်။

"မင်းအတွက် ကောင်းမွန်သောအရူးလုပ်ခြင်းပါ.."

ဦးစိန်မောင်ကြိုင်က ပြုံး၍ဖြတ်ပြောသည်။

"ဦးလေးက နောက်ဆုံးခန်းမှာ ပါရပေမယ့်လဲ သရုပ်ဆောင်ကောင်းပါတယ်.."

ထွေလာဂျီအသံ တဖုန်းဖုန်းကြားရသည်။ ဝင်းသုံးဝင်းနှင့်အတူ ဦးလေးဖြစ်သူနှင့် ဦးဘဖေငြိမ်းတို့ ဆင်းလာကြ၏။ အကုန်လုံးက လက်ခုပ်လက်ဝါးတွေတီး၍ အားပေးနေကြသည်။

"ဦးလေးလည်း မကောင်းဘူး..ရတဲ့နေရာက ဝင်ပြီးသိမ်းပေးသေးတယ်"


www.burmeseclassic.com

"ဟား··ဟား··ဟား··မင်းမိန်းမရဖို့အတွက်ပါကွာ··အခု မင်္ဂလာဆောင်ပြင်ဆင်နေတာကလဲ မင်းအတွက်ပါ··"

"ဟင်···အဖေကလဲ··ချက်ချင်းကြီး··တကယ်လို့သားပြန်မလာရင်ဘယ်လိုလုပ်မလဲ··"

"မင်းလိုကောင်မျိုးက ဒုက္ခတွေတွေ့လာရင် ကိုယ့်မိဘရှိရာကိုပဲပြန်လာတတ်တာငါသိနေလို့ပေါ့ကွ··"

"ဟုတ်ပ··အခြားနေရာသွားနေရင်လဲ အရင်လိုပဲအကြွေးကထူနေမှာ··ဟား··ဟား··ဟား··"

ဦးဘဖေငြိမ်းက ဝင်ပြောရာ အကုန်လုံးဝိုင်းရယ်ကြသည်။

"ဟုတ်တယ်··ရှင်ကလဲ မိဘဆီကနေ စွန့်စားထွက်လာပြီး ရန်ကုန်မှာ အကြွေးထူနေသေး··ကျွန်မနဲ့သာမတွေ့ရင် မတွေးဝံ့စရာပဲ··"

ချိုရီရီက ဂုဏ်ယူစွာပြောသည်။

"မင်းတို့သားအဖတွေ ဟန်ဆောင်ကောင်းတာကို ငါချီးကျူးပါတယ်··ငါတစ်စက်ကလေးမှ မရိပ်မိဘူး··ချိုရီရီရှုးနေတာလဲ တကယ်ပဲပြင်တယ်··"

"ကဲ··ကဲ··အားလုံးပဲ··မင်းသားနဲ့မင်းသမီးတွေ့ဆုံခန်းလေးမှာ မလိုအပ်တဲ့ ဇာတ်ရံတွေဇာတ်ပို့တွေ ဝေးရာရှောင်ရန်ရှားရန် မေတ္တာရပ်ခံပါတယ်··"

ဦးစိန်မောင်ကြိုင်က နှိုးဆော်သည်။

"ဟုတ်တယ်ဟေ့··ဒါပေမဲ့ မင်းသားကတော့ ကျွဲရုပ်ပေါက်နေတယ်"

ဝင်းသုံးဝင်းက ဟာသလုပ်ရင်းနောက်ပြောင်လေသည်။

ဦးစိန်မောင်ကြိုင်နှင့်ဦးဘဖေငြိမ်းက အတိုင်အဖောက်ညီစွာပခုံးဖက်၍ထွက်သွားကြသည်။ ပြဇာတ်တစ်ပုဒ်ကို ဇာတ်ကွက်ချ၍ အောင်မြင်စွာတင်



www.burmeseclassic.com

www.burmeseclassic.com

ဆက်သွားနိုင်သည်ကို ဂုဏ်ယူနေပုံပေါ်သည်။ ဝင်းသုံးဝင်းက‥

"မမလေး‥ဒီတစ်ခါတကယ်မရှုံးနဲ့ဦး‥"

"၂၀ရာခုမြေခွေးတွေ ပြန်ပေးဆွဲချင်အောင် လုပ်နေပြီ‥"

"အချိန်ရှိတုန်းရွာထဲက အပျိုလေးတွေကို သွားငမ်းဦးမယ်"

ဝင်းသုံးဝင်းက ပြောချင်ရာပြော၍ ကိုရှိကားယားနှင့်ထွက်သွားကြသည်။

ဘုရားရင်ပြင်ပေါ်တွင် ရွှံ့စေးတွေပေကျံနေသော မင်းသားနှင့်ရှူးချင်ယောင်ဆောင်နေသော မင်းသမီးတို့သာကျန်ခဲ့သည်။

"ခုနေ‥မိုးရွာရင်ကောင်းမယ်နော်"

"ဘာလဲ‥ထပ်ရှူးချင်နေလို့လား‥"

"မဟုတ်ပါဘူး‥ရှင့်ကိုယ်ကရွှံ့တွေကို ရေဆေးပြီးသားဖြစ်သွားစေချင်လို့ပါ‥ခုနေ တခြားလူတွေ တွေ့သွားရင် အရည်းကြီးနဲ့ဒေဝဠ္ဌာရာမင်းသမီးလို့ ထင်သွားကြမှာ‥"

ပြောပြီး ချိုရီရီက အပြစ်ကင်းစင်စွာ ရယ်သည်။

ခန့်သော်လင်းမှာ ရင်တွေခုန်နေသော်လည်း ချိုရီရီနှင့် အကြည့်ချင်းသာဆုံ၍ရသည်။

BURMESE CLASSIC

ပေလူးနေသော ရွှံ့တွေအတိဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းလို ဖြစ်နေသောဘဝမှာ ချိုရီရီရဲ့လက်လေးတောင်ကိုင်ရန် အဆင်မပြေ။

"ချိုရီရီ‥အချစ်ဆိုတာကိုဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ‥"

"ရှူးချင်ယောင်ဆောင်ရင်းနဲ့ ပြီးတော့‥‥ရင်ထဲက‥‥ငါမရှူးသေးဘူးတွေးရင်းနဲ့အချစ်ကို အဓိပ္ပာယ်ပေါင်းများစွာ ဖွင့်ဆိုခဲ့မိတယ်"

"ဘာပဲပြောပြော‥ငါတော့ ရင်တွေ အရမ်းခုန်နေပြီ‥"

"ကျွန်မလည်းရှင်နဲ့တွေ့မှ ရင်ခုန်သံဆိုတာကိုနားလည်လာတာ‥"

ရင်ခုန်သံစည်းချက်ညီရန် အချိန်နရီကျလေပြီ။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

 www.burmeseclassic.com 

ဘုရားပေါ်ရှိ ဆည်းလည်းလေးများကလည်း တိုးညှင်းစွာမြည်နေသည်။

ပတ်ဝန်းကျင်၏ ကြီးစယ်မှုကြောင့် ရင်ခုန်သံတွေ တစ်ဖက်စောင်းသွားမှာ စိုးရိမ်နေသော ချစ်သူနှစ်ဦးကိုငှက်ငယ်တချို့က နှုတ်သီးလေးတွေ တို့ထိရင်း မကြားတကြား သတိပေးနေကြသည်။

ဗားရှင်းအသစ်ဖြင့် သင်္ဂါရ ရသဖွဲ့ဇာတ်လမ်းတစ်ပုဒ်ဖြစ်တည်လာခဲ့ပြီ။

ချိုရီရီက ပြုံးချိုရီဝေနေသော မျက်ဝန်းရွှဲကြီးများနှင့် ခန့်သော်လင်းကို လှမ်းကြည့်သည်။ ချစ်စိတ်ကို ဟန်လုပ်ထိန်းချုပ်နေရသော ခန့်သော်လင်း မျက်ဝန်းများနှင့် တိုးတိုက်မိသည်။

ထိုတစ်ခဏ‥

ခန့်သော်လင်း ကိုယ်မှာ ရှုံ့တွေပေနေတာကိုမေ့သွားသည်။

ခန့်သော်လင်းက မသိမသာတုန်ယင်နေသည့် ချိုရီရီလက်ကလေးကို ဆွဲကိုင်ရင်းရှေ့ကိုတိုးလိုက်သည် ချိုရီရီကလည်းအလိုက်သင့်ရွေ့လျားလာသည်။

သူတို့ခန္ဓာကိုယ်နှစ်ခု ပူးကပ်သွားသည်။

ပြီးတော့‥

မျက်နှာနှစ်ခုလည်း ပူးကပ်သွားသည်။

ပြီးတော့…

ဝန်းကျင်မှ ငှက်ငယ်လေးများ နှုတ်သီးချင်းတို့ထိ သတိပေးကြသလိုမျိုး…

အဟဲ‥သူတို့လည်း…

ချစ်မျှားရှင်


www.burmeseclassic.com